
mgyoe.com

ဒေါင်းနှယ်ဆွေ

# အသည်းခါးခါး
# မုန်း





၁၉၂၀ – ၂၀၂၀
ရန်ကုန်တက္ကသိုလ်[illegible]
တက္ကသိုလ်[illegible]များ



ဒုတိယအကြိမ်

mgyoe.com

"ဒီလိုအရှက်မရှိတဲ့လူမျိုးနဲ့ တစ်ခါမှ မတွေ့ဖူးဘူး"

"ကျုပ်ကလည်း ခင်ဗျားလို အရှက်နည်းတဲ့ မိန်းကလေးနဲ့ တစ်ခါမှ မတွေ့ဖူးဘူး၊ အိပ်မက်ထဲမှာလည်း တွေ့ဖို့စိတ်ကူးမရှိဘူး"

"ရှင် ဒီလောက်မျက်နှာပြောင်တာ ရှင့်ကိုယ်ရှင် မရှက်ဘူးလား"

"ရှက်ရမယ့်သူက ကျုပ်မဟုတ်ပါဘူး၊ အင်း မိန်းကလေးများ ဟုတ်နေလေမလားတော့ မပြောတတ်ဘူး"

"ရှင် ကျွန်မကို စကားဆက်မပြောရင် ကောင်းမယ်"

"ကျုပ်ကလည်း... အဲယားကုန်လွန်းလို့ မပြောချင်ပါဘူး"

. . . . . . . . . . . . . . . . . . . . . . . . . .

"ယောက်ျားဆိုတဲ့ သတ္တဝါတွေဟာ ဒီလိုပဲ၊ အချစ်ဆိုတဲ့ကစ္စကို နားမလည်ခင် ထုံးစံအတိုင်း လေလုံးထွားကြပြီး နောက်ဆုံးကျတော့ မိန်းကလေးတွေရဲ့ ကစားစရာအရုပ်ဖြစ်သွားတတ်ကြတယ်။ အရုပ်တွေကို တစ်ခုပြီးတစ်ခုကစားပြီး ကစားလို့အားရတော့ လွှင့်ပစ်ခံရတဲ့အထဲမှာ မောင်ရင်တို့လို လူစားမျိုးတွေအများကြီး ပါတာပေါ့၊ တို့ကတော့ ဒါမျိုးတွေ နောကျေနေပြီကိုယ့်လူ၊ တို့ကိုအရုပ်အဖြစ်နဲ့ လာကစားရင် ကိုကလည်း အရုပ်အဖြစ်နဲ့ ပြန်ကစားလိုက်မှာပဲ"

. . . . . . . . . . . . . . . . . . . . . . . . . .

ညွတ်ချင်သူနှင့် ဆွတ်ချင်သူနှစ်ဦးရှိကြသည့်အနက် သူတို့နှစ်ယောက် စလုံးမှာ ညွတ်သူနှင့်ဆွတ်သူ ခွဲခြား၍ပင် မရတော့ချေ။ တွေ့ဦးစက ဆန့်ကျင်ဘက်ဖြစ်ခဲ့ကြသော်လည်း ဝါသနာတူသော ဂီတပညာပေါ်တွင် အခြေခံကာ ကြည်ညိုလေးစားမှု၊ တွယ်တာမြတ်နိုးမှု၊ သံယောဇဉ် ရစ်ပတ်နှောင်ဖွဲ့မှုတို့ကြောင့် သူတို့မေတ္တာသည် ကြီးမားသည့်ထက် ကြီးမား၍ ခိုင်မြဲသည်ထက်ခိုင်မြဲလာခဲ့ရလေသည်။

POEM0098
4,000.00KS

mgyoe.com

အသည်းခါးခါးမုန်း၊ ဒေါင်းနွယ်ဆွေ
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၃၈၅ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇူလိုင်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၆၆၊ မတ်လ၊ နံ့သာစာအုပ်တိုက်၏ ပထမအကြိမ်မူ

ရောင်းဈေး ၄၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# (၁)

"ရှင်ဘယ်လိုလူလဲ"

"ဗျာ"

"ဘာဗျာလဲ"

"မဟုတ်သေးပါဘူးလေ"

"ဟုတ်ပါတယ်... ဟုတ်ပါတယ်... ရှင်မှရှင်"

"နေပါဦး အမိရဲ့၊ ကျုပ်ပြောတာ နည်းနည်းနားထောင်စမ်းပါဦး"

"အောင်မယ်... ရှင်ကများ လူကို အမိလေး ဘာလေးနဲ့ ဘာများ ထပ်ပြီး စော်ကားချင်သေးလို့လဲ"

မိ၏အသံများသည် ပြောရင်းကပင် တုန်၍တက်လာလေသည်။ နောက်ဆုံးစကားလုံးများကို ဒေါသတကြီးပြောရင်း ခေါင်းကလေးကို ဆတ်ခနဲလှည့်လိုက်ရာ ကျစ်ဆံမြီးကလေးနှစ်ဖက် ယမ်းယမ်းလှုပ်သွားကာ စံပယ်ပွင့်ကလေးတစ်ပွင့်သည် လွင့်စဉ်၍ ကိုလတ်ကို လာမှန်လေသည်။ ကိုလတ်သည် စံပယ်ပွင့်ကလေးကို လက်ဖြင့်မိအောင် ဖမ်းကိုင်၍ မွှေ့ယမ်းကစားနေပြီး နှုတ်ခမ်းကို တမင်မဲ့ပစ်လိုက်လေသည်။

"ဒီမှာအမိ၊ ဒေါသဆိုတာ လူတိုင်းဖြစ်တတ်ပါတယ်၊ ဘာဖြစ်မှန်း မသိရဘဲနဲ့ ခင်ဗျားတစ်ဖက်သတ် စိတ်ဆိုးပြီး ပြောချင်တိုင်းပြောနေတာကို ကျုပ်က ဆက်ပြီးသည်းခံမယ်များ မှတ်သလား"

mgyoe.com

mgyoe.com


ကိုလတ်သည် တကယ်ပင် ဒေါသစိတ်ဝင်လာဟန်ဖြင့် မျက်နှာကို ရုတ်ခြည်းပြောင်းလွှဲ၍ တင်းလိုက်ကာ မိကို သူ့စကားနှင့်သူပြန်၍အနိုင်ယူလိုက်လေသည်။

"ရှင် ဘာစကားပြောတာလဲ"

"လူတိုင်းနားလည်တဲ့ မနုဿစကားကို ပြောတာလေ"

"လူကိုလည်း စော်ကားသေးတယ်၊ စကားပြောတော့လည်း တင်စီးသေးတယ်၊ သိပ်အမြင်ကတ်စရာကောင်းတာပဲ"

"မြတ်စွာဘုရား... ကျုပ်က အမိကို ဘယ်လိုများစော်ကားမိလို့ အမြင်ကတ်စရာကောင်းနေရတာလဲ၊ ကျုပ်လည်း အမိကို မစော်ကားရသေးပါလား"

ကိုလတ်သည် မခိုးမခန့်အသံဖြင့်ပြောရင်း မျက်လုံး ကလယ်ကလယ်လုပ်ကာ သူ့ကို ဒေါသခိုး ဝေလျှံနေသော မျက်လုံးများဖြင့် စိန်းစိုက်စိုက်ကြီး ကြည့်နေသည့် မိကို မထီတရီ ပြန်ကြည့်လိုက်လေသည်။

မိမှာမူ အောက်နှုတ်ခမ်းကလေးကို သွားတက်ကလေးဖြင့် ကိုက်ခဲထားကာ မချုပ်တည်းနိုင်သော ဒေါသကြောင့် ရင်ကလေး နိမ့်ချည်မြင့်ချည်လှုပ်ရှားလျက်ရှိလေသည်။

ကျောင်းသူ၊ ကျောင်းသားအချို့သည် သူတို့နှစ်ဦး ရန်စောင်နေကြသည်ကို တစေ့တစောင်း အကဲခတ်လျက်ရှိကြလေသည်။ ပတ်ဝန်းကျင်မှ ဝိုင်းဝန်းကြည့်ရှုနေသည်ဆိုသောအသိကြောင့် မိရင်ထဲတွင် ပိုမို၍ မခံမရပ်နိုင်အောင် ဖြစ်ရလေသည်။

"ဟောင်ရုံတင် မဟောင်ကြနဲ့နော်... ကိုက်ကြရင်လည်း နားရွက်ပြတ်အောင်ကိုက်ကြ"

သူတို့နှစ်ဦးအားမှ ဖြတ်သန်း၍ လျှောက်သွားကြသော ကျောင်းတော်သားတစ်သိုက်က မကြားတကြား တီးတိုးပြောသွားကြသဖြင့်

mgyoe.com

mgyoe.com


မိမျက်နှာတစ်ခုလုံး နီရဲစပြုလာလေတော့သည်။

"တက္ကသိုလ်ကျောင်းသားတွေတဲ့။ ရိုင်းတဲ့နေရာမှာ တိရစ္ဆာန်တွေထက်ပိုသေးတယ်၊ မိန်းကလေးတွေကို သူတို့ကစားစရာ ကော်ရုပ်တွေများ မှတ်နေသလား မသိဘူး"

မိသည် စိတ်တိုတိုဖြင့် နောက်ပြောင်သွားသော ကျောင်းသားများကိုပါ ရောယောင် ရန်တွေ့မိပြီးသား ဖြစ်သွားလေသည်။

"နေပါဦး... ခင်ဗျားက ကျုပ်ကို နှုတ်သီးကောင်းလျှာပါးလုပ်ပြီး ဘာကြောင့်ရန်တွေ့နေရတာလဲ"

ဤတစ်ကြိမ်တွင်ကား မိသည် ကိုလတ်အနီးသို့ ခြေတစ်လှမ်းတိုးလာကာ နှုတ်ခမ်းကလေးများပင် တဆတ်ဆတ်တုန်လျက် ရှိလေသည်။

"ဒီမှာ ရှင်အခုမှ လူလည်လုပ်မနေပါနဲ့၊ ဒါ ရှင့်လက်ချက် မဟုတ်ဘူးလား ဘာပြောချင်သေးသလဲ၊ ရှင်ငြင်းနိုင်ရင် ငြင်းစမ်း"

မိသည် ဒေါမာန်ပါပါနှင့် လက်တစ်ဖက်ကို မြှောက်၍ ပြလိုက်ရာ လုံးထွေးထားသော စက္ကူတစ်ပိုင်းတစ်စနှင့်အတူ 'ထိကရုံးမကလေး မဂေါက်တေး' ဟူသော စာတန်းငယ်တစ်ခုကိုသာ အမှတ်မထင်တွေ့လိုက်ရလေသည်။

ကိုလတ်သည် မိတစ်ယောက် ဘာကြောင့် ဤမျှဒေါသတကြီးဖြင့် ရန်တွေ့နေသည်ကို ယခုမှပင် အကြောင်းရင်း သိရလေတော့သည်။ သူနှင့် မည်ကဲ့သို့မျှ မသက်ဆိုင်ပါဘဲလျက် အတင်းအဓမ္မ အစွပ်စွဲခံနေရသဖြင့် ငိုအားထက် ရယ်အားသန်ရမလို ဖြစ်နေရလေသည်။ ထိုအခါတွင်မှ ကိုလတ်သည် ပိုမိုရဲတင်းလာပြီး မိကိုကြည့်ရင်း အသံထွက်အောင် ရယ်မောလိုက်လေသည်။

"ဟင်... ရှင်က ဘာရယ်နေတာလဲ၊ မျက်နှာကိုက ပိုးဟပ်လိုလို

mgyoe.com

mgyoe.com



ပက်ကျိလိုလိုနဲ့၊ ဟိုနေ့က ခုံပေါ်မှာ မဟုတ်ကဟုတ်က စာတွေရေးပြီး လက်ကမြင်းကြောထတာလည်း ရှင်ပဲဖြစ်မှာပဲ၊ အဲဒီတရားခံကို ကျွန်မ စောင့်ဖမ်းနေတာကြာပြီ။ ခုမှပဲ မိတော့တယ်၊ တက္ကသိုလ်မှာ မလည်ဘဲနဲ့ ရှုပ်လို့ မရဘူးဆိုတာ နားလည်ရဲ့လား"

မိသည် ပြောရင်းဆိုရင်းက ဒေါသထွက်လာကာ လက်ထဲမှ စက္ကူကို လုံးထွေး၍ တအားလွှင့်ပစ်လိုက်လေသည်။ ကိုလတ်ကမူ ခေါင်းကို သွက်သွက်ခါယမ်းရင်း အသံခပ်အုပ်အုပ်ဖြင့်သာ ရယ်မောနေလေသည်။

"ဒီမှာ မကြီးစာ... ခင်ဗျား စွပ်စွဲနေတာတွေတစ်ခုမှ မဟုတ်ဘူး၊ ကျုပ်ဟာ ခင်ဗျားဖမ်းချင်နေတဲ့ တရားခံလည်း မဟုတ်ဘူး၊ ခင်ဗျားကို တောင် ကျုပ်ဒီနေ့မှ တစ်ခါပဲ သတိထားပြီး ကြည့်မိသေးတယ်၊ ကျုပ် ဆိုတဲ့အကောင်က ဘယ်မိန်းကလေးကိုမှ အသိလည်း မလုပ်ဘူး၊ အဖက်လုပ်ဖို့ဆိုတာဝေးရော၊ အရောဝင်ရင် အပင်ပေါက်လွန်းအားကြီး လို့ မိန်းမဆိုရင် ခင်ဗျားမပြောနဲ့ ပပဝတီလိုလှတဲ့ မိန်းမမျိုးကိုတောင် ကျုပ်က အရောဝင်တာ မဟုတ်ဘူး"

ကိုလတ်စကားကို ကြားလိုက်ရသောအခါ မိ၏ကိုယ်ခန္ဓာကလေး သည် ဒေါသအရှိန်ကြောင့် မြင်းရိုင်းမကလေးတစ်ကောင်ကဲ့သို့ ကြွရွ လှုပ်ရှားလာလေသည်။

"ဟင်... ဒါဖြင့် ဒီစက္ကူနဲ့ပေါက်တာဟာ... ဘယ်ခွေးမျိုးက ပေါက် တာလဲ၊ အဲဒီခွေးကိုတွေ့ရင် အမြီးဖြတ်ပစ်ချင်တယ်၊ ကဲ... ရှင်းပြီလား"

မိသည် အသံစာစာတက်အောင် အော်၍ပြောရင်းက အင်္ကျီလက် မောင်းစလေးတစ်ဖက်ကိုပင် ယောင်ယမ်း၍ ပင့်တင်လိုက်မိလေသည်။ ဆတ်ဆတ်ထိ မခံတတ်သော ဝမ်းတွင်းပါစိတ်ဗီဇသည် မိအား ရဲတင်း သွက်လက်စေပြီး မိသည် မျက်လုံးထောင့်ကပ်ကာ ကိုလတ်ကို မမှိတ် မသုန် ကြည့်မြဲတမ်းကြည့်လျက် ရှိလေသည်။

mgyoe.com

mgyoe.com


"ကျုပ်ကတော့ အဲဒီအမြီးပြတ်မျိုးထဲမှာ မပါတာ အမှန်ဘဲ၊ အမြီးပြတ်ချင်ရင်တော့ ဟောင်သံကလေး နည်းနည်းပေးပြီး အူလိုက်မှာပေါ့... ဒါမှ အမျိုးတူချင်း မျက်နှာချင်း စုံညီတွေ့ရမှာပေါ့"

ကိုလတ်ကလည်း အပေါ်အင်္ကျီကို လည်ပင်းနားရောက်အောင် ဆွဲတင်လိုက်ပြီး မခိုးမခန့်အရွဲ့တိုက်၍ ပြောလိုက်ရာ မိသည် ရှက်စိတ်ကြောင့် ပါးပြင်ကလေးများ တစ်ဝိုက်တွင် နှင်းဆီရောင် လွှမ်းသွားကာ အသားများပင် တဆတ်ဆတ်တုန်၍ လာလေသည်။

"ဒီလိုအရှက်မရှိတဲ့လူမျိုးနဲ့ တစ်ခါမှ မတွေ့ဖူးဘူး"

"ကျုပ်ကလည်း ခင်ဗျားလို အရှက်နည်းတဲ့ မိန်းကလေးနဲ့ တစ်ခါမှ မတွေ့ဖူးဘူး၊ အိပ်မက်ထဲမှာလည်း တွေ့ဖို့စိတ်ကူးမရှိဘူး"

ကိုလတ်သည် မျက်နှာကို မဲ့ရွဲ့လိုက်ပြီး ပခုံးတစ်ချက်တွန့်လိုက်ကာ ဖူးခနဲအရွဲ့တိုက်၍ သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

"ရှင် ဒီလောက်မျက်နှာပြောင်တာ ရှင့်ကိုယ်ရှင် မရှက်ဘူးလား"

"ရှက်ရမယ့်သူက ကျုပ်မဟုတ်ပါဘူး၊ အင်း မိန်းကလေးများ ဟုတ်နေလေမလားတော့ မပြောတတ်ဘူး"

"ရှင် ကျွန်မကိုစကားဆက်မပြောရင် ကောင်းမယ်"

"ကျုပ်ကလည်း... အဲယားကုန်လွန်းလို့ မပြောချင်ပါဘူး"

ကိုလတ်သည် သူ့စကားကို သူ သဘောကျသွားကာ အသံခပ်ဩဩဖြင့် ရယ်မောလိုက်ပြန်ရာ မိသည် ရှိုက်ငိုချင်စိတ်ပင် ပေါက်လာပြီး နဖူးတွင် ဇောချွေးစကလေးများ သီးစုစု ပြုလာလေသည်။ မိန်းမချင်း သာဆိုလျှင် ဤနေရာတွင် လက်မြန်ဇက်မြန်လုပ်မိသည်မှာမလွဲပင် ဖြစ်လေသည်။

ထိုအခိုက်တွင် ကျောင်းသူတစ်စုသည် နော့သ်ဟောလ်ရှိ သိပ္ပံစာသင်ဆောင်သို့ စုပြုံဝင်ရောက်လာရင်း မိနှင့်ရင်ဆိုင်တိုးမိကြလေသည်။

mgyoe.com

mgyoe.com


"ဟော့... မိ... တစ်ယောက်တည်း ဘာတွေများ ဒေါပွနေသလဲ"

နေ့ကျောင်းသူ မိမိအေးက ဝင်၍မေးလိုက်သဖြင့် မိက နှာခေါင်းရှုံ့၍ မျက်နှာမဲ့လိုက်ကာ ပခုံးပေါ်သို့ လျှောကျနေသော ကျစ်ဆံမြီးတစ်ဖက်ကို လက်ဖြင့် သိမ်းဖယ်လိုက်ပြီး ဒေါသမပြေသေးသော မျက်နှာကို ပိုမို၍ တင်းထားလိုက်လေသည်။

"အို... ဘယ်ကတောသားအရိုင်းမှန်းလည်း မသိပါဘူးကွယ်၊ ကိုယ့်ကို အနံ့အနမှတ်လို့ လာစမ်းနေတယ် ဘယ်ရလိမ့်မလဲ"

မိမိအေး၊ ချိုမော်၊ ကက်သရင်းကြိုင်နှင့် လူစီမြတို့သည် မိ၏ အမူအရာကို သဘောကျသွားသည့်အလား ဝါးခနဲ အသံထွက်အောင် ရယ်မောနေကြသဖြင့် မိတစ်ယောက်ပင် ရုတ်တရက် ကြောင်၍သွားလေသည်။ မရယ်သင့်သည့်အချိန်တွင် ဝိုင်း၍ရယ်မောလိုက်ကြသဖြင့်လည်း မိသည် မိမိအေးတို့ ကျောင်းသူတစ်စုကို အကဲခတ်၍မရနိုင်အောင် ရှိလေသည်။

"မင်းတို့က ဘာရယ်တာလဲကွ၊ ဒါရယ်စရာလား"

မိက ထိုသို့ပြောလိုက်တော့မှပင် ရယ်သံများသည် ထပ်ဆင့်ဆူညံ၍ သွားပြန်လေတော့သည်။

"ဟော့... မိ... မင်းမှားနေပြီကွ၊ အပြစ်မရှိတဲ့လူကို ဘာကြောင့် မင်းအပြစ်တင်နေရတာလဲ"

အရပ်ရှည်ရှည် မျက်လုံးဝိုင်းဝိုင်းနှင့် ကက်သရင်းကြိုင်သည် ရှေ့သို့တစ်လှမ်းတိုးကာ မိ၏ပခုံးတစ်ဖက်ကို လှမ်း၍ပုတ်လိုက်ရင်း ပြောလိုက်သဖြင့် မိ မျက်နှာသည် သိသိသာသာပင် ပျက်၍သွားလေသည်။

"ဘာပြောတယ်ကွ။ ကက်သရင်း..."

"အေး... ကက်သရင်းကပဲ ကြားက တောင်းပန်လိုက်ပါကွယ်...

mgyoe.com

mgyoe.com


တစ်ဖက်သားကို အားနာစရာကောင်းပါတယ်"

ချိုမော်က မျက်လုံးကလေး ပေကလတ်ဖြင့် ဝင်၍ထောက်ခံလိုက်သဖြင့် မိမှာ ပို၍အံ့သြသွားရလေသည်။ ကိုလတ်ကမူ သူတို့ ကျောင်းသူ မိန်းကလေးတစ်သိုက်ကို ဂရုမထား အရေးမစိုက်သကဲ့သို့ အဝေးမှ သစ်တိုပင်ကြီးတစ်ပင်ကိုသာ ငေးစိုက်ကြည့်နေလေသည်။

"မင်းကို စက္ကူနဲ့ပေါက်တာ ကိုယ်တို့ကွ... မင်း ဒီနေ့ 'ကလပ်စ်' တက်တာ နောက်ကျတယ်မဟုတ်လား၊ အဲဒါကို ဒဏ်ခတ်တဲ့အနေနဲ့ ကိုယ်တို့အားလုံး တိုင်ပင်ပြီး မင်းလာတော့ စက္ကူနဲ့ ပေါက်တာကွ ရှင်းပြီ လား"

သည်တော့မှပင် မိသည် ခေါင်းကလေး ယို့ယို့င့်ကာ ကိုလတ်ကို ပင် မကြည့်ရဲတော့ဘဲ ငြိမ်သက်တွေဝေ၍ သွားလေတော့သည်။

"ဒါဖြင့်... ထိကရုံးမကလေး မဂေါက်တေးဆိုတာကော ဘယ်သူ ရေးတာလဲ၊ မင်းတို့ကလည်းကွာ သိပ်နောက်တာပဲ"

"ကိုယ်တို့ပဲ ရေးတာပေါ့ကွ"

"မနေ့က ကိုယ့်ခုံပေါ်မှာ ရေးထားတာကော... ဘယ်သူရေး တာလဲ"

"မိကလည်းကွာ... အဲဒါလည်း ကိုယ်တို့ပဲရေးတာပဲပေါ့ကွ။ ခုံပေါ်မှာ ရေးတဲ့လက်ရေးဟာ အတူတူပဲ မဟုတ်လား၊ မင်း ဒီလောက် အကဲခတ်ညံ့ရသလားကွ၊ အဲဒီလက်ရေး ရေးတဲ့တရားခံဟာ ဘယ်သူလဲ မင်းသိလား၊ ဟောဟိုကမယ်လမုလေ"

ကက်သရင်းကြိုင်က မေးငေါ့၍ပြလိုက်သဖြင့် လူစီမြသည် ကိုယ်ကလေးရှေ့ထိုး နောက်ဝင်ပြုံ၍ ရယ်မောနေလေသည်။

"သြော် လက်စသတ်တော့ လူစီမြတို့လက်ချက်ကိုး"

မိသည် ပြောရင်းဆိုရင်းက အသံကလေး တုန်ရီစပြုလာကာ

mgyoe.com

mgyoe.com


စောစောကထက် မျက်နှာကလေး ပိုမို၍နီမြန်းသွားလေသည်။ ကိုလတ်ကို စိတ်လိုက်မာန်ပါပြောဆိုလိုက်မိသဖြင့် ပြုမူမိခဲ့သမျှ ယခုမှ မဟုတ်မှန်ကြောင်းသိရ၍ စကားပြောရန်အခက်၊ တောင်းပန်ရန်အခက်ဖြင့် ခပ်ရှက်ရှက်ဖြင့် နေမိလေသည်။

"ဟော့... ကိုလတ်၊ ဘာတွေများ ပြဿနာပေါ်နေသလဲ"

ကိုလတ်နောက်မှ ကိုသန်းဌွေးတစ်ယောက် ရုတ်တရက် ပေါ်ပေါက်လာကာ ကျီးကြည့်ကြောင်ကြည့်ဖြင့် ကျောင်းသူအမျိုးသမီး အုပ်စုဘက်သို့တစ်လှည့်၊ ကိုလတ်ဘက်သို့တစ်လှည့် အကဲခတ်သလို လှမ်းကြည့်ရင်းမေးလိုက်လေသည်။

"ဘာမှ မဖြစ်ပါဘူးဗျာ"

"ဘာမှ မဖြစ်ပါဘူးသာ ပြောတယ်၊ ကိုယ့်လူမျက်နှာတွေကလည်း နီလို့ပါလား၊ စောစောက တစ်ယောက်တစ်ခွန်းပြောသံကြားလိုက်လို့ပါ"

"ဒါတော့ ကာယကံရှင်ကို မေးကြည့်ပေါ့ဗျာ။ ကျွန်တော်ကတော့ ဘာဖြစ်လို့ ဘာဖြစ်မှန်းကို မသိဘူး"

ကိုလတ်၏လေသံသည် စောစောကထက်ပျော့ပျောင်းလာလေသည်။ သူ့စကားကို ကြားလိုက်ရသော မိမှာလည်း ခေါင်းကလေးမသိမသာငုံ့သွားကာ ဘာပြန်ပြောရမှန်း မသိအောင်ရှိလေသည်။

"ဟင် မိတို့၊ ကက်သရင်းတို့၊ မီမီအေးတို့ပါလား...၊ ဟော့လူ ကိုလတ် ဒါကျုပ်မိတ်ဆွေတွေဗျ"

"ကိုသန်းဌွေး ရှင်မသိဘဲနဲ့ ဝင်ရှုပ်မနေစမ်းပါနဲ့၊ 'ကလပ်စ်' က အထွက်မှာ လူစီမြကမိကိုနောက်ပြီး စက္ကူနဲ့ပေါက်တယ်လေ၊ မိနောက်မှာ ကိုလတ်ပဲရှိနေတော့ ကိုလတ်ပေါက်တယ်ဆိုပြီး မိနဲ့စကားများနေကြတာ"

နှုတ်သွက်သော ချိုမော်က ဇာတ်စုံခင်းလိုက်တော့မှပင် ကိုသန်းဌွေး

mgyoe.com

mgyoe.com


မှာ သဘောပေါက်သွားကာ ကိုလတ်ကို ရောယောင်ရယ်သွေးပြုံး၍ ကြည့်လိုက်ပြီး ကိုလတ်၏လက်မောင်းတစ်ဖက်ကို ခပ်ဖွဖွဆုပ်ကိုင်လိုက်လေသည်။

"ဩော်... ဒီလိုလား၊ ကဲ ဒါဖြင့် ဘယ်သူကတောင်းပန်ရမှာလဲ၊ လွန်တဲ့သူက တောင်းပန်ရမှာပေါ့၊ ကဲ မိ... မင်းတောင်းပန်လိုက်၊ အားလုံးဟာ တခြားသူတွေလည်း မဟုတ်ဘူး၊ ကိုယ့်မိတ်ဆွေတွေချည်းပဲ"

"ကိုသန်းငွေပြောတာ ဟုတ်တယ်၊ မိ... မင်းက မဟုတ်ဘဲနဲ့ စွပ်စွဲပြီး ရန်တွေ့တာ မင်းလွန်တယ်၊ အောင်မယ်... အကျႌလက်မောင်းတွေဘာတွေ ပင့်လို့ပါလား၊ မိ... ဒီလောက်စွာတာ ကိုယ်တို့ အခုမှသိရတော့တယ်၊ ဒါတော့ မင်းတောင်းပန်ရမယ်၊ တောင်းလည်း တောင်းပန်သင့်တယ်"

မိသည် မည်သို့မျှ ပြန်လည်၍ မပြောသာတော့ဘဲ မျက်နှာရှက်အမ်းအမ်းဖြင့် ခေါင်းကလေးငုံ့ရတော့မလို့၊ မော့ရတော့မလို ကြောင်၍သာ ရပ်နေမိလေသည်။

"ကဲ... တောင်းပန်ရမယ့်လူက မတောင်းပန်ရင်လည်း အတောင်းပန်ခံရမယ့်လူက တောင်းပန်လိုက်ရင် ကောင်းမယ်"

ကိုသန်းငွေ၏ ပြက်လုံးများကို သဘောကျသွားသဖြင့် ရယ်သံများဆူညံသွားလေတော့သည်။ ထိုအခါတွင်မှ တင်းမာနေကြသော မိနှင့်ကိုလတ်တို့မှာလည်း ရယ်မောနေသူအားလုံးနှင့် ရောနှောကာ ပြုံးနိုင်လာကြလေတော့သည်။

"ဟုတ်ပါတယ်... မိ တောင်းပန်ရမှာပါပဲ၊ စောစောက မိ စိတ်လိုက်မာန်ပါ ပြောမိဆိုမိတာတွေကို တောင်းပန်ပါရစေရှင်"

ခေါင်းငုံ့ထားရင်းမှ မိသည် အားနာသောလေသံဖြင့် ကိုလတ်ကို တောင်းပန်လိုက်လေသည်။

mgyoe.com

mgyoe.com



"တောင်းပန်နေစရာ မလိုပါဘူး၊ တကယ့်အဖြစ်မှန်ကို သိရလို့ စောစောကပြောခဲ့ဆိုခဲ့မိတာတွေကို ကျွန်တော်လည်း ဝမ်းနည်းပါတယ်"

ကိုလတ်ကလည်း ကျေလည်ပြေအေးသော လေသံဖြင့် အပြန်အလှန် တောင်းပန်စကား ပြောလိုက်လေသည်။

"ကဲ ကိုယ့်လူ၊ ခုမှတော့ ဝမ်းနည်းမနေနဲ့တော့၊ ဝမ်းနည်းရင်လည်း ဝမ်းနုတ်ဆေးသာစားပေတော့၊ မိလည်း ကျေနပ်တယ်နော်၊ မကျေနပ်ရင်လည်း ဘာမှတတ်နိုင်မှာမဟုတ်ဘူး။ ကဲ... သွားကြစို့၊ ဘောလုံးပွဲ မမီဘဲ နေဦးမယ်၊ ဒီနေ့တက္ကသိုလ်နဲ့ အကောက်ရုံးဆီမီးဖိုင်နယ်ပွဲ၊ လာသွားကြစို့"

ကိုလတ်၏လက်တစ်ဖက်ကို ကိုသန်းဌေး အတင်းဆွဲ၍ ခေါ်လာသဖြင့် ကိုလတ်မှာ ယက်ကန်ယက်ကန်ဖြင့် ပါလာလေတော့သည်။

ထိုအခါတွင်မှ မိမှာ သူနှင့် နင်ပဲငဆ အပြန်အလှန် တစ်ယောက်တစ်ခွန်း စကားများခဲ့ကြသော ကိုလတ်၏နောက်ကျောကိုကြည့်၍ ငေးမောကျန်ရစ်ခဲ့လေတော့သည်။

"နေစမ်းပါဦး မိရဲ့၊ ကိုလတ်ကို မင်း မသိဘူးလား"

"အို... မိမိအေးကလည်း မသိပါဘူးဆိုနေမှ မြင်ဖူးသလိုလိုသာ ရှိတာ၊ စကားလည်း မပြောဖူးပါဘူး"

"မင်းက မသိမယ့်သာ မသိတာဆရာ... ကိုလတ်က စန္ဒရားနဲ့ တယောချန်ပီယံကွ၊ ကျောင်းပြိုင်ပွဲတွေမှာရော၊ အပြင်ပြိုင်ပွဲတွေမှာရော သူချည်းရတာပဲ၊ မင်းနဲ့တော့ ရှေ့သွားနောက်လိုက်ညီပါတယ်။ မင်းက စန္ဒရားတီး၊ သူက တယောထိုး၊ တော်ကြာ ဆွေမျိုးတော်နေမှာ မြင်ယောင်ပါသေးတယ်"

မိမိအေး၏စကားကြောင့် အားလုံးက ရယ်လိုက်ကြသော်လည်း မိတစ်ယောက်မှာမူ မရယ်မောနိုင်ခဲ့တော့ပေ။ ခါတိုင်းနှင့်မတူဘဲ ယနေ့

mgyoe.com

mgyoe.com


တွင်မှ သူ့စိတ်ကို သူ မထိန်းနိုင်ဘဲ ဒေါသလွန်ကဲရခြင်းများတို့ကိုလည်း တွေးမိတိုင်း ရှက်၍မဆုံးနိုင်အောင် ရှိလေတော့သည်။

"ကိုယ်တော့ ဘာတွေပြောမိမှန်းတောင် မသိတော့ပါဘူးကွယ်၊ လူစီမြတို့၊ ကက်သရင်းကြိုင်တို့ရယ်... နောက်ဘယ်တော့မှ ဒီလိုမနောက်ဖို့ မိ တောင်းပန်ပါရစေကွယ်"

"ဟုတ်တယ်ဟေ့ လူကိုချစ်ရင် နမ်းလိုက်တာ ကောင်းသေးတယ်၊ နောက်တော့ မနောက်ကြပါနဲ့၊ သူ့ခမျာ တို့နောက်တာနဲ့ အချောင်ဖူးစာဖက် တွေ့နေပါဦးမယ်၊ ဝါသနာတူချင်းဆိုတော့ ဝါသနာဘာဂီဆက်တိုင်းမှီဆိုသလို ရွှေပြည်တော်သည် သီချင်းထဲကလို မောင်မယ်တူညီလှမ်းတဲ့ဇာတ်ခင်းနေကြပါဦးမယ်ကွယ်"

မိမိအေးပြက်လုံးကြောင့် ရယ်သံများ လွှမ်းမိုးသွားသော်လည်း မိတစ်ယောက်မှာမူ မရယ်နိုင်ရှာဘဲ မျက်နှာသေကလေးဖြင့် စောစောကဖြစ်ပျက်ခဲ့သည်အရှိန်များကြောင့် ရင်ခုန်နေဆဲပင် ရှိသေးလေသည်။

သူတို့အားလုံး လူစုခွဲလိုက်ကြသော်လည်း မိတစ်ယောက်မှာ ဘုမသိဘမသိ သူတို့စွပ်စွဲသမျှ တစ်ဖက်သတ်ခံနေရရာမှ သူနှင့်အပြန်အလှန်စကားများခဲ့သော ကိုလတ်မျက်နှာကိုသာ မေ့မရအောင် မြင်ယောင်နေလေတော့သည်။ စန္ဒရားနှင့် တယောချန်ပီယံဆိုသဖြင့်လည်း မိသည် ကိုလတ်ကို ပိုမို၍ စိတ်ဝင်စားလာမိလေသည်။ ဘာကြောင့်မှန်းမသိ မိသည် ကိုလတ်ကို ပြန်လည်တွေ့ဆုံလိုသော စိတ်များတဖွားဖွား ပေါ်ပေါက်လျက်ရှိလေသည်။

❒

mgyoe.com

mgyoe.com

# ( ၂ )

"မောင်ရင်ကလည်း ညှံ့ကို ညှံ့ပါတယ်ကွာ... မိဆိုတာ လူတိုင်း တီးချင်နေကြတဲ့ ခေါင်းလောင်းကလေးကွ၊ ဒါကို မောင်ရင်က ဘာမှမသိဘဲနဲ့ ဘုတွေလျှောက်တောနေသေးတယ်၊ မောင်ရင်ကတော့ တကယ့်ကို စံတကာ့ ထိပ်ခေါင်တင်ပဲ"

ကိုသန်းဌေးသည် အားမလို အားမရ လေသံဖြင့်ပြောရင်း သောက်လက်စ စီးကရက်တိုကို ဆက်ကာဆက်ကာရှိုက်၍ ဖွာလိုက်လေသည်။

"တော်စမ်းပါဗျာ... ဒီခေါင်းလောင်းမျိုးတော့ မတီးပါရစေနဲ့၊ ရုပ်ကလေးလှသလောက် ရန်စွယ်ငေါငေါနဲ့ ခင်ဗျားရောက်လာပေလို့သာ၊ ရောက်မျှားမလာရင်တော့ ဘယ်အခြေရောက်ကုန်မလဲ မသိဘူး"

သူတို့နှစ်ဦးသည် တက္ကသိုလ် အဓိပတိလမ်းမကြီးကို ဖြတ်ကျော်လိုက်ပြီး စကားတပြောပြောနှင့် ကမာရွတ်အဝိုင်းကြီးဘက်သို့ လမ်းလျှောက်လာခဲ့ကြခြင်း ဖြစ်လေသည်။

"မဟုတ်သေးဘူး ကိုလတ်၊ မိဟာ အင်မတန်အေးတယ်၊ တစ်နေ့လုံးနေလို့ စကားတစ်ခွန်းတောင် ပြောချင်မှပြောတာ၊ သူတို့အသိုက်ထဲမှာ အအေးလည်း အအေးဆုံး၊ အတည်လည်း အတည်ငြိမ်ဆုံးပဲ"

ကိုသန်းဌေးသည် မိအကြောင်းကိုဆက်လက်၍ အမွှမ်းတင်နေပြန်သည်။ ကိုသန်းဌေးမှာ မိန်းကလေးကျောင်းသူများနှင့် အရောတဝင်

mgyoe.com

mgyoe.com


ဆက်ဆံပေါင်းသင်းခဲ့သူတစ်ဦးဖြစ်သော်လည်း မည်သည့်မိန်းကလေးကိုမှ အမွှမ်းတင်ခြင်းမရှိခဲ့ဘဲ တော်ရုံတန်ရုံမိန်းကလေးဆိုလျှင် အလွန်ချိုးနှိမ်နှိမ့်ချတတ်လွန်းသဖြင့် ကိုလတ်တစ်ယောက်မှာ ကိုသန်းဌေးအမွှမ်းတင်နေသည်ကို သူ့နားထဲတွင် အထူးအဆန်းကဲ့သို့ ဖြစ်နေလေသည်။

မိနှင့်ပတ်သက်၍ သူကိုယ်တိုင် ပြန်လည်တွေးတောလိုက်သည့်အခါတွင်လည်း မိမှာ ဒေါသအသွင်အပြင်များကို ဖယ်ရှားလိုက်လျှင် ကိုသန်းဌေးပြောသကဲ့သို့ပင် အလွန်တည်ငြိမ်သော ဟန်ပန်များရှိရုံသာမက ယခုထက်တိုင် မိ၏လှပကြော့ရှင်းသော မျက်နှာကလေးကို မျက်လုံးထဲတွင် မြင်ရေးမြင်ယောင်ရှိနေသေးလေသည်။

"ခင်ဗျားကသာ တစ်နေ့လုံးနေလို့ စကားတစ်ခွန်းမှ မပြောဘူးလို့ ပြောတယ်၊ ကျွန်တော်နဲ့ စကားများတုန်းကတော့ ဘယ်ကစကားလုံးတွေ သူ့ပါးစပ်က ထွက်လာမှန်းမသိဘူး၊ တော်ရုံတန်ရုံလူဆိုရင်တော့ ငိုင်သွားမှာပဲ၊ ဒါပေမဲ့ ကျွန်တော်က သူ့ကို စကားပြောခွင့်မပေးဘဲ ကြားဖြတ်ပြီး အတင်းဝင်နှောက်လေ စိတ်တိုလေနဲ့ ပြန်တွေးကြည့်တော့လည်း တော်တော် ရယ်စရာကောင်းတယ်"

"အင်း... ငါ့လူကလည်း ပြောရင်းဆိုရင်း မိကို ညွတ်နေပြန်ပြီထင်တယ်၊ သူ ဘာကြောင့် ဒီလောက်ဒေါသဖြစ်တယ်ဆိုတာ အကြောင်းရှိတယ် ကိုလတ်။ နေ့စဉ်နေ့တိုင်း တစ်ယောက်မဟုတ်တစ်ယောက် သူ့ကို အမြဲနှောက်ပြောင်နေတော့လည်း မောင်ရင်နဲ့ကျတော့ သူခံစားခဲ့ရသမျှကို စုပြုံပေါက်ကွဲတော့တာပဲ၊ အဲဒါ မောင်ရင့်အတွက်တော့ ဖုတ်သွင်းရထားဆိုက်တာပဲ"

"တော်စမ်းပါ ကိုသန်းဌေးရာ၊ ဖုတ်သွင်းရထားလည်း မဆိုက်ပါစေနဲ့၊ ကျောက်ဖျာပေါ်မှာလည်း စက်တော်မခေါ်ချင်ပါဘူး၊ ထမင်းရည်

mgyoe.com

mgyoe.com


ခန်းချက်စားရရင်လည်း စားရပါစေ၊ ဒီမိန်းကလေးမျိုးနဲ့တော့ အကျွမ်းတဝင် မဖြစ်ချင်ပါဘူး"

ကိုလတ်က ညည်းညည်းညူညူ ပြောလိုက်ရာ ကိုသန်းဌေးသည် ကိုလတ်၏လည်ကုပ်ကို မနာမကျင် လက်ဖဝါးဖြင့်အုပ်၍ ရိုက်လိုက်ပြီး အသံထွက်အောင် ရယ်မောလိုက်လေသည်။

"ယောက်ျားဆိုတဲ့ သတ္တဝါတွေဟာ ဒီလိုပဲ၊ အချစ်ဆိုတဲ့ကိစ္စကို နားမလည်ခင် ထုံးစံအတိုင်း လေလုံးထွားကြပြီး နောက်ဆုံးကျတော့ မိန်းကလေးတွေရဲ့ ကစားစရာအရုပ်ဖြစ်သွားတတ်ကြတယ်။ အရုပ်တွေကို တစ်ခုပြီးတစ်ခုကစားပြီး ကစားလို့အားရတော့ လွှင့်ပစ်ခံရတဲ့အထဲမှာ မောင်ရင်တို့လို လူစားမျိုးတွေအများကြီး ပါတာပေါ့၊ တို့ကတော့ ဒါမျိုးတွေ နောကျေနေပြီကိုယ့်လူ၊ တို့ကိုအရုပ်အဖြစ်နဲ့ လာကစားရင် တို့ကလည်း အရုပ်အဖြစ်နဲ့ ပြန်ကစားလိုက်မှာပဲ"

အချစ်သူရဲကောင်းကြီးတစ်ယောက်ပမာ ကိုသန်းဌေးသည် ကိုလတ် မကြားဖူးသေးသော စကားလုံးအသစ်အဆန်းများကို ပြောပြနေသဖြင့် ကိုလတ်သည် ပိုမို၍စိတ်ဝင်စားလာလေသည်။

"မိန်းမဆိုတာ အသိခက်သလို တစ်ခါတလေကျတော့လည်း အင်မတန်အတွေးရခက်တယ်၊ ယှဉ်လိုက်တယ်ဆိုရင် သူတို့ကသာ အနိုင်ယူချင်တတ်ပြီး ဘယ်တော့မှ အရှုံးမပေးချင်ကြဘူး၊ တစ်ခါတလေ သူတို့ရှုံးနေပေမဲ့ နိုင်တယ်လို့ပဲ ထင်နေတတ်ကြတယ်၊ ပြီးတော့ သူတို့ရဲ့ စိတ်ဟာ ပျံ့လွင့်လွယ်သလို သိပ်သည်းလွယ်တာလည်း ရှိတယ်။ သူတို့ စိတ်ထဲကို ဝင်စားကြည့်ဖို့လည်း အင်မတန် ခက်ပြန်တယ်။ ဒီတော့ သူတို့ကို ဘာလုပ်ရမလဲသိလား"

ကိုသန်းဌေးသည် လက်နှစ်ချောင်းကို ကြက်ခြေခတ်သဏ္ဌာန်လုပ်ပြပြီး မပွင့်တပွင့်ပြုံးလိုက်လေသည်။ ကိုလတ်သည် စကားတစ်ပိုင်း

mgyoe.com

mgyoe.com



တစ်စနှင့် ရပ်သွားပြီး လက်ဟန်ခြေဟန်ဖြင့် သရုပ်ဖော်နေသော ကိုသန်းဋ္ဌေး၏ အဓိပ္ပာယ်ကို နားမလည်နိုင်တော့သဖြင့် ပြုံး၍သာ နေလိုက်ရလေသည်။

"ခင်ဗျားလက်ကြီးနှစ်ဖက်က ဘာလုပ်နေတာတုံးဗျ... အဓိပ္ပာယ်လည်း ရှင်းစမ်းပါဦး"

"ကိုယ့်လူကလည်း ဒီအမှတ်အသားကို နားမလည်ဘူးလား အမြောက်လက္ခဏာလေ၊ သူတို့ကို အဲဒီအမြောက်လက္ခဏာနဲ့ အနိုင်ယူရတယ်၊ သူတို့ဟာ မြောက်နေမှန်းသိပေမဲ့ အဲဒီလိုမြောက်တာကို အလွန်ကြိုက်တယ်။ သူတို့အသည်းနှလုံးကို သော့တွေနဲ့ဘယ်လောက်ပဲ အထပ်ထပ် ခတ်ထားခတ်ထား နောက်ဆုံးအမြောက်လက္ခဏာသော့နဲ့သာ ဖွင့်လိုက်ရင် ပွင့်တာပဲကိုယ့်လူ၊ မယုံမရှိနဲ့ အဲဒါကိုယ့်လက်တွေ့"

လက်ဟန်ခြေဟန်ဖြင့် အာဝဇ္ဇန်းရွှင်ရွှင်ပြောနေသော ကိုသန်းဋ္ဌေး၏ အပြောကောင်းပုံ သဘောကျသွားသဖြင့် ကိုလတ်တစ်ယောက်မှာ မရယ်ဘဲ မနေနိုင်တော့ချေ။

"စောစောက မိမိအေးကို တွေ့တယ်မဟုတ်လား၊ မိမိအေးဟာ အင်မတန် မာနကြီးတယ်၊ ယောကျ်ားလေးတစ်ယောက်ကို ယင်ကောင်တစ်ကောင်လောက်တောင် တန်ဖိုးမထားဘူး၊ သူနဲ့ပတ်သက်ပြီး အသည်းကွဲတဲ့သနားစရာသတ္တဝါတွေလည်း မနည်းတော့ဘူး၊ သူ့ကို ချဉ်းကပ်မိရင် အရှူးလုပ်ပြီးလွှတ်လိုက်တာပဲ၊ သူ့ကို အသည်းစားဘုရင်မကြီးလို့ နာမည်ပေးထားရတဲ့အထိ တန်ခိုးထွားခဲ့တယ်လေ၊ ဒါပေမဲ့ သန်းဋ္ဌေးတို့နဲ့တွေ့တော့ မိမိအေးရဲ့အသည်းတွေဟာ အရည်ပျော်ကျကုန်ရတာပဲ၊ ဘာကြောင့်လဲသိလား"

ကိုသန်းဋ္ဌေးသည် စကားတစ်ပိုင်းတစ်စနှင့် ရပ်ထားပြီး လက်နှစ်ဖက်ကို ကြက်ခြေခတ်၍ ပြလိုက်ပြန်လေသည်။

mgyoe.com

mgyoe.com


"တော်စမ်းပါဗျာ… ခင်ဗျား အမြောက်လက္ခဏာကြီးကို ခဏခဏ လုပ်ပြ မနေစမ်းပါနဲ့… ဒီအမြောက်လက္ခဏာမျိုးနဲ့တော့ ဘယ်မိန်းကလေး ရဲ့ အသည်းနှလုံးကိုမှ အနိုင်မယူချင်ပါဘူး"

"မောင်ရင်ဟာ အင်မတန် အတွေ့အကြုံ နုနယ်ပါသေးတယ်၊ ဒီကိစ္စမှာ မောင်ရင်သူငယ်တန်းကြီး အဆင့်တောင်မအောင်သေးဘူးဆို တာ စောစောတုန်းက မောင်ရင်နဲ့မိတို့ စကားများကြတာက သက်သေခံ နေပြီပဲ၊ ဒီကိစ္စမျိုးအတွက် မောင်ရင် ကိုယ့်ဆီမှာ သင်တန်းတက်ဖို့ အများ ကြီးလိုသေးတယ်"

ကိုသန်းဌေးသည် တကယ့်အချစ်အဘိဓမ္မာ ဆရာကြီးတစ်ဦး ကဲ့သို့ သူမကြားဖူးသေးသော စကားလုံးအသစ်အဆန်းများကိုသာ ပြောကြားနေသဖြင့် ကိုလတ်မှာ ရယ်စရာအဖြစ် နားထောင်ရင်း မသိ မသာ စိတ်ဝင်စား၍လာလေသည်။ ကိုသန်းဌေးပြောသကဲ့သို့ လောက ရေးရာတွင် အတွေ့အကြုံ နုနယ်သေးသည်ဆိုခြင်းမှာလည်း အမှန်ပင်ဖြစ် လေသည်။မိန်းမကျမ်းကျေရန်ဝေးစွ၊ ယောကျ်ားကျမ်းပင် ကျေသေး သည်မဟုတ်သဖြင့် ကိုသန်းဌေးရှင်းပြသည်တို့ကိုသာ နားထောင်ရင်း ကိုလတ်မှာ အတွေးသစ်များ ဝင်လာသည်ဟုလည်း ထင်ရလေသည်။

"တယောကြိုးကလေးတွေပေါ်မှာသာ လက်ငါးချောင်းနဲ့ ကစား ရင်း အချိန်ကုန်လာရတဲ့ မောင်ရင့်ဘဝမှာ မိန်းကလေးတစ်ယောက်ကို ဘုပြောဖို့သက်သက်လောက်နားလည်တာ သိပ်တော့မဆန်းလှဘူး၊ ဥပမာဆိုပါစို့ မောင်ရင်ချစ်နေတဲ့ မိန်းကလေးတစ်ယောက်ဟာ မျက်လုံး အစစ်မရှိဘဲ ကျောက်မျက်လုံးတပ်ထားတယ်ဆိုပါစို့၊ အဲဒီမျက်လုံးကို ပုလဲလုံးဖြစ်လာအောင် ပြောတတ်ရမယ်၊ ဖြစ်နိုင်ရင် ငွေကြယ်စင် တောက် ကြူးပုံနဲ့နှိုင်းတတ်ရမယ်၊ ဒါကိုယ်ကအခြေခံလောက် ပြောသေးတာပါ။ တကယ်တော့ မိန်းကလေးတွေရဲ့ အသည်းနှလုံးဟာ အထိတောင်မခံ

mgyoe.com

mgyoe.com


ဘူး။ အင်မတန်အားနည်းချက်တွေများတယ်။ ဒါတွေကို နည်းနည်းကလေးမှ မရိပ်စားမိဘဲ မောင်ရင် မိကို အကြမ်းနည်းနဲ့ ဖက်ပြိုင်တာဟာ မဟာအမှားတော်ပုံကြီးတစ်ရပ်ပဲ"

"တော်စမ်းပါတော့ဗျာ... ခင်ဗျားအမြှောက်လက္ခဏာနည်းကြီးဟာ မုသားဆန်လွန်းပါတယ်၊ မိန်းကလေးတစ်ယောက်ရဲ့ မေတ္တာကို လှည့်စားမုသားသုံးပြီးမှ အနိုင်ယူတာဟာ သူရဲဘောကြောင်တဲ့ လူညံ့တွေရဲ့ လုပ်နည်းလုပ်ဟန်တွေပဲ၊ ဒီနည်းမျိုးနဲ့တော့ ကျွန်တော်မိန်းကလေးတစ်ယောက်ရဲ့မေတ္တာကို ဘယ်တော့မှအနိုင်မယူချင်ပါဘူး"

"အေး... ရေတိမ်မှာ မနစ်ဖူးသေးတော့ ဒီစကားမျိုးကိုပြောတာ သိပ်မဆန်းဘူး၊ တစ်နေ့ကျတော့ ကိုယ်ပြောတာတွေ မောင်ရင်သဘောပေါက်လာပါလိမ့်မယ်"

သူတို့နှစ်ဦးသည် တဖြည်းဖြည်းလျှောက်လာရင်းမှ ကမာရွတ်အဝိုင်းကြီးဘက်သို့ နီးကပ်လာခဲ့လေသည်။ ကိုလတ်ကမူ ပြောသာပြောနေရသော်လည်း မိမျက်နှာကလေးကို မျက်လုံးထဲမှ မထွက်နိုင်အောင် မြင်ယောင်လျက်ပင်ရှိသေးလေသည်။

"နေစမ်းပါဦး ကိုသန်းဌေးရဲ့... မိမိအေးနဲ့ ခင်ဗျားနဲ့ဘယ်တုံးကတွေ့ကြတာလဲ"

"အို... ဒီဇာတ်လမ်းကို နောက်ကြောင်းပြန်ရရင် ပေါက္ကံပြည်တည်တာလောက် ဇာတ်လမ်းရှည်နေလိမ့်မယ်၊ မိမိအေးဟာ အချိန်မရွေး ကိုယ့်ရဲ့ချစ်သူဆိုရင် မောင်ရင်သဘောပေါက်ရောပေါ့၊ ကြွားပြီးပြောတယ်လို့လည်း မထင်နဲ့၊ မနေ့ကပဲ ကိုယ်တို့စုံတွဲ 'ကလပ်စ်' လစ်ပြီး ရုပ်ရှင်ကြည့်ကြသေးတယ်၊ အဲဒါကို ကက်သရင်းကြိုင်တို့၊ လူစီမြတို့အားလုံးလည်း သိကြတာပဲ၊ မောင်ရင့် ကြက်တူရွေးမလေး မိလည်းသိတာပဲ၊ ကိုယ်တို့စုံတွဲ မိတို့အိမ်ကိုတောင် လွန်ခဲ့တဲ့တစ်လလောက်က အလည်ရောက်ဖူး

mgyoe.com

mgyoe.com



သေးတယ် ရှင်းပလားကိုယ့်လူ"

မကြွားဘူးဟုသာဆိုသော်လည်း ကိုသန်းဌွေးသည် တိုတောင်းသော အချိန်အတွင်းတွင်ပင် သူနှင့်မိမိအေးတို့၏ ဇာတ်လမ်းကို အသေးစိတ်ပင် ရှင်းလင်းပြောပြပြီး ဖြစ်နေလေသည်။

"ဒီလိုဆို ဘယ်ဆိုးလို့လဲဗျ"

"ဆိုးရင်... ငမိုးနစ်သွားမှာပေါ့၊ မောင်ရင့်ကို စေတနာနဲ့ မေးမယ်နော်၊ မောင်ရင် မိကိုစိတ်မဝင်စားဘူးလား"

"ဆိုပါတော့လေ..."

"ကိုယ့်လူဆိုပါတော့လေတွေ ဘာတွေလုပ်မနေနဲ့၊ နောက်အပတ်ထဲမှာ မိမိအေးမွေးနေ့ရှိတယ်။ အဲဒီမွေးနေ့မှာ မောင်ရင့်ကိုပွဲထုတ်ဖို့ မိမိအေး နဲ့ကိုယ် ကြည့်စီစဉ်လိုက်မယ်၊ မောင်ရင် ဘာမှငြင်းမနေနဲ့တော့"

ကိုလတ်မှာ မည်သို့မျှပြန်လည်မဖြေကြားနိုင်သေးဘဲ ကိုသန်းဌွေးကိုသာ ငေးကြည့်နေမိလေသည်။ တစ်စုံတစ်ခုကို လုပ်တော့မည်ဆိုလျှင် မည်သည့်အခါတွင်မှ နောက်ဆုတ်လေ့မရှိသော ကိုသန်းဌွေးအကြောင်းကို အစင်းသိဖြစ်သောကြောင့် ငြင်းဆန်ရအခက်၊ မငြင်းရအခက်ဖြစ်နေလေသည်။

"မောင်ရင့်ကိုသာ ပွဲထုတ်မှာ မဟုတ်ဘူး၊ မိကိုလည်း ပွဲထုတ်မှာပဲ။ ဒါပေမဲ့ ဒီအစီအစဉ်ကို မောင်ရင့်သာ အသိပေးတာနော်၊ မိကိုအသိမပေးသေးဘူး၊ ဒီကြားထဲမှာတော့ မိကိုတွေ့ပေမဲ့ ခပ်တန်းတန်းသာနေ... နားရွက်သိပ်မလှုပ်နဲ့ဦး"

"နေစမ်းပါဦး ကိုသန်းဌွေးရာ ခင်ဗျား ညွှန်ကြားချက်တွေကလည်း များလှချည်လား... ကျွန်တော်က သဘောတူတယ်လို့လည်း ဘာမှမပြောရသေးပါလား"

ကိုသန်းဌွေး၏ ခြေလှမ်းများသည် တံ့ဆိုင်းသွားသကဲ့သို့ ဖြစ်

mgyoe.com

mgyoe.com


သွားပြီး ပြန်လည်၍ မြန်ဆန်လာကာ ကိုလတ်ကိုကျော်တက်၍ ရှေ့မှ ကန့်လန့်ပိတ်ခံလိုက်ပြီး ကိုလတ်လက်တစ်ဖက်ကို အတင်းဆောင့်ဆွဲလိုက်လေသည်။

"ငါ့လူ ကြီးကြီးကျယ်ကျယ်တွေ လုပ်မနေနဲ့၊ ကိုယ်ဘောလုံးပွဲလည်း သွားစရာရှိသေးတယ်၊ ကိုယ်ပြောတဲ့အတိုင်း မောင်ရင်လုပ်မလား၊ မလုပ်ဘူးလားသာပြော၊ မိမိအေးကိုလည်း ဖွင့်ပြောထားရမှာ ကဲ… ကိုယ်သွားမယ်၊ ဟိုနေ့အတွက်သာ ကြိုတင်ပြင်ဆင်ထားပေတော့၊ မောင်ရင်ကိုယ့်ကိုယ်ကိုယ် လှည့်စားမနေနဲ့တော့ ဒါပဲ သွားမယ်"

ကိုသန်းဋ္ဌေးသည် ပြောပြောဆိုဆိုနှင့် ဘောလုံးပွဲမိရန် ဘတ်စကားဆိပ်ဘက်သို့ ဒရောသောပါး ထွက်သွားလေတော့ရာ ကိုသန်းဋ္ဌေးကို မည်ကဲ့သို့မျှ မဟန့်တားနိုင်လိုက်ဘဲ ကိုလတ်မှာ ငေးမော၍သာ ကျန်ရစ်ခဲ့လေတော့သည်။

အမှန်စင်စစ်အားဖြင့် ကိုလတ်သည် မိကို စိတ်ဝင်စားသူလည်း မဟုတ်၊ စွဲလမ်းသည်လည်းမဟုတ်၊ မက်မောတမ်းတခြင်းလည်းမဟုတ်ပါဘဲလျက် မိပြောသံဆိုသံနှင့် ဟန်ပန်အမူအရာများကို ဘာကြောင့်ယခုတိုင်မြင်ယောင်နေသေးသည်ကိုမူကား ကိုလတ်သည် သူ့ကိုယ်သူစစ်တမ်းထုတ်၍ပင် မရနိုင်တော့ပေ။

❒

mgyoe.com

mgyoe.com

# (၃)

မြေနုလမ်းရှိ သူနေထိုင်သည့်အိမ်ရှေ့သို့ ရောက်လျှင် ရေပန်းကရားကိုကိုင်၍ ဒေလီယာပင်များနှင့် စိန်ခြယ်ပင်များကို ရေလောင်းနေသည့်ယုကို လှမ်းတွေ့လိုက်ရလေသည်။

"အစ်ကိုလေး ဒီကနေ့ နောက်ကျတယ်၊ ဘယ်များလေပွေတိုက်နေလို့လဲ"

"ငါ့ဟာ ငါဘယ်လေပွေတိုက်တိုက် နင်နဲ့ ဘာဆိုင်လို့လဲ"

ယုသည် ပန်းကရားကို ပစ်ချလိုက်ပြီး ကိုလတ်ကိုမျက်စောင်းထိုး၍ကြည့်ကာ ခြွေပြီးသား စိန်ခြယ်ရွက်များကို လုံးထွေးပွတ်ခြေနေလေသည်။

"အစ်ကိုလေး နောက်ကျတာကို သူများကအကောင်းမေးနေတာပါ၊ မမေးစေချင်လည်း မမေးရုံရှိတာပေါ့"

"ငါက သူငယ်နှပ်စားကလေးမဟုတ်ဘူး၊ နေရာတကာတိုင်း ငါ့ကိုလိုက်မေးမနေနဲ့"

"ဒါဖြင့်မမေးဘူး... မမေးဘူး၊ လေအကုန်တောင်သက်သာသေးတယ်"

ယုသည် တကယ်ပင် စိတ်ဆိုးသွားဟန်နှင့် မျက်နှာကလေးအိုသွားကာ ကိုလတ်ကိုတမင်အရွဲ့တိုက်၍ နောက်ကျောခိုင်းပစ်လိုက်လေသည်။

mgyoe.com

mgyoe.com


"ကောင်မကလေးကိုက ဘုဆတ်ဆတ်ဘောက်ကြောကြောနဲ့ မြင်လိုက် ရရင် အချိုးကိုမပြေဘူး"

"ကိုလေးအချိုးပြေကြည့်ရအောင် မယ်ဗမာ ကိုယ်ဟန်ပြနေတာမှ မဟုတ်ဘဲ၊ သူ့ဟာသူ ဘာတွေဖြစ်လာမှန်းမသိဘူး၊ အိမ်ပြန်ရောက်ရင် တပူပူတဆူဆူနဲ့ သိပ်ကိုမုန်းစရာကောင်းတာပဲ"

ထိုအခါတွင်မှ ကိုလတ်သည် သူ့အဖြစ်ကို သူပြန်၍ သတိရလာမိလေသည်။ ကျောင်းတွင် ကတောက်ကဆတ်ဖြစ်ခဲ့သည့်အရှိန်က မပြေသေးဘဲ ယုနှင့် တွေ့လိုက်ရသောအခါ ယုကိုနောက်သလိုပြောရင်းမှ အတည်ပြောသလို ဖြစ်သွားပြီး ယုစိတ်ထဲတွင် စနောင့်စနင်းဖြစ်သွားအောင် စကားအပေးအယူ မတည့်ပုံတို့ကို တွေးမိလိုက်သောအခါ ကိုလတ်သည် ရယ်ချင်စိတ်များပင် ပေါက်၍လာလေသည်။

ယုတစ်ယောက် တကယ်စိတ်ဆိုးသွားမှန်း သိသဖြင့်လည်း ယုကို အချိန်မီ ပြန်လည်ချော့မော့ရန် ကိုလတ် ဆုံးဖြတ်လိုက်လေသည်။

"ငါအလကား နောက်တာပါ ယုရာ... နင်တကယ်စိတ်ဆိုးသွားသလား၊ ဩော် ဒီကောင်မလေး ဘာဖြစ်နေတာလဲ ငါမေးတာပြောစမ်း"

ကိုလတ်သည် ယုရှိရာ ဒေလီယာပန်းပင်များအနီးသို့ တိုးကပ်သွားပြီး ယုကို ချော့မော့သောလေသံဖြင့် မေးသော်လည်း ယုသည် စကားပြန်မပေးဘဲ ခေါင်းကိုသာ တွင်တွင်ငုံ့ထားလေသည်။

"ဩော်... ဒီအရူးမကလေးက ခက်တော့တာပဲ"

"သွားပါ... လူကိုအခုမှ လာချော့မနေပါနဲ့၊ သူများက အိမ်အပြန်နောက်ကျလို့ စေတနာနဲ့မေးတာကို တမင်သက်သက်ဘုပြောတာ အစ်ကိုလေးကို ယု ဒီတစ်ခါတော့ သိပ်စိတ်ဆိုးတယ်သိလား"

"ဩော်... နောက်တာပါလို့ဆိုနေမှပဲ"

"ခုမှဘာနောက်တာလဲ... သွား... သွား... သွား၊ ယု အစ်ကိုလေးနဲ့

mgyoe.com

mgyoe.com


မျက်နှာချင်းမဆိုင်ချင်ဘူး"

ကိုလတ်သည် ယုစိတ်ကောက်သွားပုံကို သဘောကျသွားသဖြင့် ရယ်မောရင်းက ယု နားရွက်ကလေးကို ဆွဲလိမ်လိုက်ရာ ယုသည် လျင်မြန်စွာပင် ကိုလတ် လက်ကို ပုတ်ချလိုက်လေသည်။

"အစ်ကိုလေးနော် ယုကိုလာမစနဲ့၊ ခု စာကလေးကြော် ခုဆီထမင်း လုပ်တာ ယု မကြိုက်ဘူး"

"ဦးလေးကော ရုံးကပြန်လာပြီလား၊ ဒေါ်လေး ဘာလုပ်နေသလဲ၊ အိမ်ပေါ်မှာ ရှိတယ်မဟုတ်လား"

"အို... မသိဘူး၊ မသိဘူး၊ ကိုယ့်ဟာကိုယ် သွားမေးပါ့လား"

ယုသည် ခြေနှစ်ဖက်ကို ပေါက်ဆတ်ပေါက်ဆတ်နင်း၍ ကိုလတ် မေးနေသည်ကို ပြန်လည်၍ မဖြေကြားတော့ဘဲ အိမ်ရှေ့ရှိ လှေကားမှ တစ်ဆင့် အိမ်ပေါ်သို့ ပြေးတက်သွားလေသည်။ ကိုလတ်မှာ စိတ်မဆိုး စိတ်မကောက်ရလျှင် ထမင်းစား၍မဝင်သော ယုအကြောင်းကို သိထား သူဖြစ်သောကြောင့် လေတစ်ချက်ချွန်ကာ ယုနောက်မှ အိမ်ပေါ်သို့ ထက်ကြပ်မကွာ တက်လိုက်သွားလေသည်။

အမှန်စင်စစ်တွင်ကား ကိုလတ်နှင့်ယုတို့မှာ မောင်နှမသုံးဝမ်းကွဲ တော်စပ်လေသည်။ ကိုလတ် ရန်ကုန်တက္ကသိုလ်သို့ ရောက်သည့်နှစ်တွင် ယုမှာ ခုနစ်တန်းကျောင်းသူကလေးမျှသာရှိသေးလေသည်။ အမေညီ အစ်မနှစ်ဝမ်းကွဲတော်စပ်သော်လည်း နှမရင်းနှင့်မခြားပင် ချစ်ခင်ကြင်နာ ခဲ့ကာ ထိပ်ပုတ် ပုတ်ကစားခဲ့ကြရုံသာမက အသက်ခုနစ်နှစ်ခန့်ကွာ ခြားသည်ကိုမေ့ပျောက်ထားလျက် တစ်ယောက်လက်မောင်းပေါ်တစ် ယောက်ခေါင်းအုံး၍ အိပ်ကျသည်အထိ လက်ပွန်းတတီး နေထိုင်ခဲ့ကြ လေသည်။

သူတို့နှစ်ဦးသည် မောင်နှမဝမ်းကွဲများဖြစ်ကြသော်လည်း မောင်နှမ

mgyoe.com

mgyoe.com


အရင်းအချာများကဲ့သို့ တွယ်တာမှု သံယောဇဉ်များ ကြီးမားခဲ့ကြလေသည်။ ဆံစုစည်းရစ် အပျိုဖော်ဝင်စဖြစ်သဖြင့် ကိုလတ်က ရိုးသားသန့်စင်စွာ ချစ်ခဲ့သော်လည်း ယုသည် စိတ်ကစားသည့်အရွယ်ဖြစ်သောကြောင့် ကိုလတ်အပေါ်တွင် မသိမသာအချစ်လွန်ကဲလာခဲ့လေသည်။

ယုထက်ဘဝအတွေ့အကြုံ ရင့်ကျက်ခဲ့သော ကိုလတ်သည် အကင်းပါးစွာပင် ယုစိတ်လှုပ်ရှားမှုများကို ရိပ်စားသိရှိခဲ့ပြီးဖြစ်လေသည်။ ငယ်စဉ်အခါက ကလေးစိတ်ဖြင့် ရိုးရိုးသားသားချစ်ခဲ့သော်လည်း အသက်အရွယ်ကလေးရင့်လာသည်နှင့်အမျှ အတွင်းစိတ်လှုပ်ရှားမှုများ မသိမသာ အစွန်းထွက်လာသည်ကိုလည်း မလိမ်မိုးမလိမ္မာနုမကလေး တစ်ယောက်အနေဖြင့် ကိုလတ်သည် ထာဝစဉ်ပင် ခွင့်လွှတ်ခဲ့ရမြဲဖြစ်လေသည်။

မသိစိတ်များ ဖုံးကွယ်နေသည်ကို ယုကိုယ်တိုင်ကမူ သူ့စိတ်ကိုသူ လှည့်စားကာ ကိုလတ်နှင့် လက်ပွန်းတတီးနေထိုင်ရမှုပေါ်တွင် အမြဲတမ်း သာယာစိတ်ဝင်ခဲ့လေသည်။ ရုပ်ပြောင်းလွဲလာသည်ကိုသာ မြင်နိုင်သော်လည်း စိတ်ပြောင်းလွဲလာပုံကို မမြင်နိုင်၊ မသိနိုင်ရှာခဲ့သော ယုသည် ကိုလတ်အပေါ်တွင် အချစ်လွန်ကဲသော ခံစားချက်ဖြင့်သာ ရောင့်ရဲကျေနပ်နေခဲ့လေသည်။ တစ်ခါတစ်ရံ စိတ်ကောက်ရသည်ကိုပင် အရသာတွေ့ကာ ကိုလတ်အပေါ်တွင် နွဲ့ဆိုးဆိုးချင်တိုင်း ဆိုးလေတော့သည်။

ယခုလည်း ယုသည် ကိုလတ်ကို စိတ်ကောက်ကာ အိပ်ရာထဲတွင် ခွေလှဲရင်း စိတ်ကောက်သည့်အရသာတွင် နစ်မျောနေပြန်လေပြီ။

အိမ်ပေါ်သို့ရောက်သောအခါ အခန့်သင့်ပင် ယုမိခင်ဒေါ်လေးမြင့်နှင့် ဧည့်ခန်းထဲတွင် တွေ့ရလေသည်။ ဒေါ်လေးမြင့်မှာ ကိုလတ်၏ အမေနှင့် ညီအစ်မနှစ်ဝမ်းကွဲ တော်သူဖြစ်ပြီး ကိုလတ်ကိုလည်း သား

mgyoe.com

mgyoe.com


တစ်ယောက်ကဲ့သို့ အရိပ်တကြည့်ကြည့်ဖြင့် အလိုလိုက်အကြိုက်ဆောင်ခဲ့သူဖြစ်လေသည်။

"မောင်လတ်... မင်းနဲ့ယု ဘာဖြစ်ကြပြန်ပြီလဲ၊ မတွေ့လိုက်ကြနဲ့ တွေ့လိုက်ကြတာနဲ့ တစ်ပြိုင်နက်တည်း စကားများရင်လည်းများမှ၊ ရန်ဖြစ်ရင်လည်းဖြစ်မှ မင်းတို့နှစ်ယောက်ဟာ ခွေးနဲ့ကြောင်လိုပဲ"

"အလကားပါ ဒေါ်လေးရယ်... သူ့ဟာသူပြောချင်ရာပြောပြီးတော့ သူဟာသူ စိတ်ကောက်သွားတာပါ"

ကိုလတ်သည် လက်ထဲမှ စာအုပ်များကို စားပွဲပေါ်သို့ပစ်တင်လိုက်ပြီး ဒေါ်လေးမြင့်ကို ပြုံးရွှင်စွာ ပြောလိုက်လေသည်။

"ဦးလေးကော ရုံးကပြန်မလာသေးဘူးလား..."

"ဒီအချိန်ဆို ဘောလုံးပွဲမှာအော်လို့ကောင်းတုန်းရှိမှာပေါ့၊ ကဲ... ကဲ... မင်းလည်း ရေချိုးလေ၊ ထမင်းစားနှင့်ကြရအောင်၊ မင်းဦးလေးတော့ ဘောလုံးပွဲကပြန်လာမှပဲ သူ့ကို သတ်သတ်ကျွေးတော့မယ်..."

"ကျွန်တော်လည်း ထမင်းမဆာသေးဘူးဒေါ်လေး... ဘောလုံးပွဲက ဦးလေးပြန်လာမှပဲ အတူစားမယ်၊ ဒေါ်လေးနဲ့ယု အရင်စားနှင့်ကြလေ..."

ဒေါ်လေးမြင့်သည် မည်သို့မျှဆက်လက်၍ မပြောကြားတော့ဘဲ ဧည့်ခန်းထဲမှ ထွက်ခွာသွားလေသည်။

ဒေါ်လေးမြင့် ထွက်သွားသောအခါ ကိုလတ်သည် စားပွဲပေါ်မှ ဓာတ်ပုံအယ်လ်ဘမ်စာအုပ်ကြီးတစ်အုပ်ကို ဓာတ်ပုံကော်နာအနီကလေးများ ကပ်လျက်တန်းလန်းဖြင့် ယုတစ်ယောက် မသေမသပ် ဟိုတစ်ပုံ ဒီတစ်ပုံ လက်စမသိမ်းဘဲချခင်းထားသည်ကို တွေ့လိုက်ရသဖြင့် အယ်လ်ဘမ်စာအုပ်ကိုကောက်ကိုင်ကာ တစ်ရွက်ချင်း လှန်လှောကြည့်နေရာမှ မမျှော်လင့်သော ဓာတ်ပုံကိုတွေ့လိုက်ရသောကြောင့် ကိုလတ်

mgyoe.com

mgyoe.com


မျက်လုံးများသည် တအံ့တသြ ဖြစ်သွားမိလေတော့သည်။

ဓာတ်ပုံအောက်မှယု၏ မညီညာသော လက်ရေးဖြင့် "မမမိ" ဟု ရေးသားထားသော စာတန်းကလေးကို တွေ့လိုက်ရသောအခါ ကိုလတ် မျက်လုံးတို့သည် ထိုဓာတ်ပုံပေါ်မှ လွှဲဖယ်၍ မရနိုင်အောင်ရှိလေတော့ သည်။

လွန်ခဲ့သော နာရီပိုင်းအတွင်းလောက်ကပင် သူနှင့်ကတောက် ကဆတ် တစ်ယောက်တစ်ခွန်း စကားများခဲ့သော မိ၏ဓာတ်ပုံကိုမမျှော် လင့်ဘဲ ဤအယ်လ်ဘမ်ထဲတွင် တိုက်တိုက်ဆိုင်ဆိုင်လာ၍ တွေ့နေရ သဖြင့် အိပ်မက်ထဲတွင် အိပ်မက်ထပ်မက်နေရသကဲ့သို့ ကိုလတ်သည် မိဓာတ်ပုံကိုသာ ထပ်ခါတလဲလဲ ကြည့်ရှုနေမိလေသည်။

သူနှင့်တွေ့ခဲ့ရသော ဤဓာတ်ပုံရှင် မိသည် ဒေါသမာန်မာနတွေ များသလောက် ယခုဓာတ်ပုံထဲတွင်မူ အညို့ဓာတ်ပြင်းထန်သည့် ကြည် လင်သော မျက်လုံးအစုံက သူ့နှလုံးသားကို ဖောက်ထွင်း၍ ကြည့်ရှု နေသကဲ့သို့ ထင်ရလေသည်။ ပြုံးနေပုံကလည်း လှပမှုကို ပိုမိုပေါ်လွင် စေပြီး ပါးချိုင့်ဝန်းဝန်းကလေးများပေါ်သည်ဆိုရုံမျှ ပေါ်လျက်ရှိကာ ကလေးကလက်သော အမူအရာဟူ၍ ရှာမတွေ့ရဘဲ တည်ငြိမ်ခံ့ညား သောအသွင်ကိုသာ ဆောင်၍နေလေသည်။

မည်သည့်နည်းနှင့်မဆို ယုသည် မိနှင့် အသိအကျွမ်းဖြစ်ရုံ သာမက အလွန်ရင်းနှီးခင်မင်သူတစ်ယောက်ဖြစ်ရမည်ဟူ၍လည်း ကိုလတ်သည် တထစ်ချတွေးယူလိုက်လေသည်။ ယု စိတ်ဆိုးနေသည်ကို ပြန်လည်ချော့မော့ရန် အကြောင်းရှာနေစဉ်တွင် မိ ဓာတ်ပုံကိစ္စပေါ်လာ သဖြင့် ကိုလတ်အတွက် ပို၍အဆင်ပြေသွားလေသည်။

"ဟော့... ယု... အစ်ကိုလေး မေးစရာရှိလို့ခဏလာပါဦး"

အိမ်ခန်းထဲမှ ယုအသံသည် ပြန်လည်၍ထွက်ပေါ်မလာခဲ့ချေ။

mgyoe.com

mgyoe.com


ငြိမ်သက်မြဲသာငြိမ်သက်နေလေသည်။

"ဟော့... ယု... အစ်ကိုလေးခေါ်နေတာ မကြားဘူးလား"

ယုသည် ဖွတ်ပေ၍ နေဟန်ရှိသည်။ အခန်းတွင်းမှ ပြန်လည်ထူးသံကိုကား မကြားရချေ။

"သြော်... ဒီကောင်မလေး ခက်တော့တာပဲ၊ ဟော့... ယုခေါ်နေတယ်ဆိုမှပဲ၊ အစ်ကိုလေးခေါ်နေတာမကြားဘူးလား..."

"ကြားသားပဲ..."

တိုတိုပြတ်ပြတ်ဖြေသံ ကြားလိုက်ရပြီး ယုသည် အခန်းထဲမှ ထွက်မလာခဲ့သေးပေ။

"ဟဲ့... ယု... ပေတေတေ ကတ်တတ်တတ် လုပ်မနေနဲ့လေ၊ နင့် အစ်ကိုလေးခေါ်နေတာ သွားလိုက်လေ"

မီးဖိုဆောင်မှ ဒေါ်လေးမြင့်လှမ်းအော်၍ ပြောလိုက်တော့မှပင် ယုသည် စိတ်ကောက်မပြေသေးဟန်ဖြင့် အိပ်ခန်းတွင်းမှ မလှမ်းချင်လှမ်းချင် လှမ်းထွက်လာလေသည်။ ကိုလတ်သည် စိတ်မပြေသေးသည်ကို ရိပ်စားမိသဖြင့် ယုကိုမျက်လုံးတစ်ချက် လှန်ကြည့်လိုက်ပြီး မျက်နှာကို ပြုံးနိုင်သမျှပြုံးထားရလေသည်။

"ယု ဒီဓာတ်ပုံက ဘယ်သူ့ဓာတ်ပုံလဲ"

"ဓာတ်ပုံအောက်မှာ စာရေးထားတာ အစ်ကိုလေး မတွေ့ဘူးလား"

"တွေ့တော့ တွေ့သားပဲ"

"တွေ့ရင် ဘာလို့မေးနေရတာလဲ။ ဒါကိုများ ရေးကြီးခွင့်ကျယ် လုပ်ပြီး မေးနေရသေးသလား"

ကိုလတ်သည် ဆက်၍မေးရန် ခက်သွားလေသည်။ ယုမှာ စိတ်ကောက်မိလျှင် တော်တော်နှင့်ပြန်၍မပြေ၊ နင်ပဲငဆ ဆက်၍ပြောတော့မည်ကို သိသဖြင့် မိမိနှင့်ပတ်သက်သည့် အကြောင်းအရာများကို စုံလင်

mgyoe.com

mgyoe.com


စွာ သိရအောင် ယုထံမှ မည်သို့စကားနှိုက်ယူရပါမည်နည်းဟု အကြံထုတ်နေလေသည်။

ယခင်ကလည်း တစ်ကြိမ်တစ်ခါဖူးမျှ မိန့်စပ်လျှဉ်း၍ မမေးခဲ့ဖူးရုံသာမက မိန်းကလေးအသိမိတ်ဆွေဟူ၍ မရှိခဲ့ဖူးသော ကိုလတ်ကို ယုသည် အဓိပ္ပာယ်ရှာမရသော မျက်လုံးများဖြင့် မျက်မှောင်ကုတ်ကုတ်လုပ်ကာ ကြောင်စီစီ ငေးကြည့်နေလေသည်။

"ဒီအယ်လ်ဘမ်ထဲမှာ ဒီဓာတ်ပုံကို ငါအရင်တုန်းက မတွေ့မိပါဘူး"

"အစ်ကိုလေး မျက်လုံးကန်းနေလို့ ဖြစ်မှာပေါ့။ ဒီဓာတ်ပုံဟာ ဒီအယ်လ်ဘမ်ထဲမှာ ပဝေသဏီကတည်းက ရောက်နေတာ။ ပြီးတော့ ဒီအယ်လ်ဘမ်ဟာလည်း မမမီလက်ဆောင်ပေးတဲ့ အယ်လ်ဘမ်၊ ဒါများ အထူးအဆန်းလုပ်ပြီး မေးနေရသေးတယ်"

စိတ်မရှည်သောလေသံဖြင့်ပြောရင်း ယုသည် မျက်နက်ကလေးများ ထောင့်ကပ်ကာ ကိုလတ်ကို ရှုတည်တည်ကြည့်လိုက်လေသည်။

"ဩော် ဟုတ်လား"

ကိုလတ်သည် အသံရှည်ဆွဲ၍ပြောရင်း ဓာတ်ပုံအယ်လ်ဘမ်ကို ဖွင့်လိုက်ပိတ်လိုက် လုပ်နေလေသည်။

"ကိုလေးနော်၊ သူများက အကောင်းမေးတာမှတ်လို့ ပြောနေတာ၊ ယုကို မစနဲ့သိလား၊ ပေးစမ်းပါ ယုအယ်လ်ဘမ် တစ်ခါတည်း ဓာတ်ပုံတွေကို ကြေမွကုန်တာပဲ"

ယုသည် အသံဆတ်ဆတ်ဖြင့်ပြောရင်း ကိုလတ်လက်ထဲမှ ဓာတ်ပုံအယ်လ်ဘမ်ကို အတင်းဆွဲ၍ လုလိုက်သည်။ ယု ဓာတ်ပုံအယ်လ်ဘမ်ကို ဆွဲလုလိုက်သည့်အချိန်တွင် ဓာတ်ပုံကပ်သည့် ကော်နာအတွင်းသို့ လျှင်မြန်စွာလက်ညှိုးတစ်ချောင်းသွင်း၍ မိဓာတ်ပုံထုတ်ယူနိုင်လိုက်သဖြင့် ကိုလတ်လက်ထဲတွင် မိဓာတ်ပုံ ကျန်ရစ်ခဲ့လေသည်။

mgyoe.com

mgyoe.com


"ခက်တော့တာပဲ၊ အယ်လ်ဘမ်တော့ ပျက်စီးပါပြီ။ ဟောဒီမှာ မေမေ... ကိုလေးရယ် သမီးဓာတ်ပုံအယ်လ်ဘမ်ကို ဖျက်ဆီးနေတယ်"

ယုသည် သူ့ဓာတ်ပုံအယ်လ်ဘမ်ထဲမှ ဓာတ်ပုံကို ကိုလတ်ခွာယူထားမှန်း သိလိုက်ရသောအခါ ကလေးဆန်စွာပင် ကျယ်လောင်စွာ အော်ဟစ်၍ သူ့အမေ ဒေါ်လေးမြင့်ကိုလှမ်းကာ အကူအညီတောင်းလိုက်လေသည်။

"ဟဲ့ ခုနစ်အိမ်ကျော် ရှစ်အိမ်ကြား မရှက်ကြဘူးလားဟင်၊ ကိုလတ်ကလည်း ဒီအရူးမကလေးကိုပဲ စနေတယ်ကွယ်"

ဒေါ်လေးမြင့်ပင် မနေသာတော့ဘဲ မီးဖိုဆောင်မှလှမ်း၍ ဟစ်အော်လိုက်ရလေသည်။

"ဘာမှဖြစ်တာမဟုတ်ဘူး ဒေါ်လေး။ မိယု သက်သက်အရူးထနေတာ။ သူ့ကိုယ်သူ ကလေးလေးလိုပဲ။ မေးတာဖြင့် မပြောဘဲနဲ့၊ နင်မရှက်ဘူးလား။ ဒီမိဆိုတဲ့မိန်းကလေးက ဘယ်မှာနေလဲ"

ယုသည် နှုတ်ခမ်းကိုမဲ့လိုက်ပြီး ဓာတ်ပုံအယ်လ်ဘမ်ကို ဗုန်းခနဲမြည်အောင် ပိတ်ပစ်လိုက်လေသည်။

"ယု ဘယ်သိပါ့မလဲ။ သိချင်ရင် သန်းခေါင်စာရင်းကောက်တဲ့ရုံးကိုသွားမေးပေါ့။ သူ့ဟာသူ ဓာတ်ရှုပ်ပွေလာပြီး သူများကိုဟိုမေးဒီမေးနဲ့ လေကုန်ခံပြီး ယု ပြောပြမနေနိုင်ပါဘူး"

"ဟား... ဟား၊ ဟား... ဟား... ဟာ့ နင်ပြောမှ သိရမှာလား မပြောချင်လည်း နေပေါ့"

ကိုလတ်သည် အရှက်ပြေရယ်မောလိုက်ပြီး မိဓာတ်ပုံကို မုန့်လေပွေ ကင်သလို လက်တစ်ဖက်မှ လက်တစ်ဖက်သို့ ကူးပြောင်းကာ ယုစိတ်ဆိုးသထက်ဆိုးအောင် မထိတထိနောက်ပြောင်နေလေသည်။

"ဒါဖြင့် ပြီးရောပေါ့။ ပေးပါ မမမိဓာတ်ပုံ၊ သူ့လက်ကြီးနဲ့ ကိုင်

mgyoe.com

mgyoe.com



ထားလိုက်တာ ချေးတွေစိုပြီး ဆေးတွေပျက်ကုန်တော့မှာပဲ"

"ပစ္စည်းဆိုတာ လက်ထဲမှာရှိတဲ့လူပိုင်စတမ်းပဲ။ ငါမေးတာနင်မပြောလို့ရှိရင် ဒီဓာတ်ပုံနင့်ကို ပြန်မပေးတော့ဘူး၊ ရှင်းပြီလား"

ယုသည် ကိုလတ်၏စကားကို ကြားလိုက်ရသောအခါ ပုရွက်ဆိတ်အုံပေါ်တွင် ခြေချော်၍လဲကျသူကဲ့သို့ ဣန္ဒြေပင် မဆည်နိုင်တော့ဘဲ ခုန်ဆွခုန်ဆွဖြစ်လာကာ ကိုလတ်လက်ထဲမှ ဓာတ်ပုံကိုအတင်းဝင်၍ လုလေတော့ရာ ကိုလတ်သည် ယု လက်လှမ်းမမီအောင် ဓာတ်ပုံကိုင်ထားသော သူ့လက်ကို ခပ်မြင့်မြင့် မြှောက်ထားလိုက်သည်။

"အစ်ကိုလေးနော်... ယုစိတ်ဆိုးလာပြီ သိလား။ ဒီဓာတ်ပုံကို ပေးမလား၊ မပေးဘူးလား"

ယုသည် ပြောရင်းဆိုရင်းကပင် ကိုလတ်ကျောပြင်ကို လက်သီးဖြင့် တဖုန်းဖုန်း ထုလေတော့သည်။

"ဘာလို့ ပေးရမှာလဲ။ ဒါနင့်ဓာတ်ပုံမှ မဟုတ်ဘဲ၊ မိဟာ ငါ့မိတ်ဆွေ၊ သူ့ဓာတ်ပုံကို ငါပိုင်တယ်"

မုသား မသုံးချင်ပါဘဲလျက် ကိုလတ်သည် မုသားသုံးလိုက်ရလေသည်။ သူနှင့် မကြာသေးသောအချိန်ကမှ တစ်ယောက်တစ်ခွန်းစကားများခဲ့သော မိဓာတ်ပုံကို အသိမိတ်ဆွေတစ်ဦး၏ ဓာတ်ပုံပါဟု ယုကို ညာလိုက်မိသည့်အတွက်လည်း စိတ်ထဲတွင် ကျိတ်၍ ရယ်နေမိလေသည်။

"အစ်ကိုလေးနဲ့သိနေရင် ဘာဖြစ်လို့ ယုကိုမေးနေရတာလဲ၊ ပေးဆိုပေးနော် ယု စိတ်တိုလာပြီသိလား"

တကယ်ပင်စိတ်တိုလာဟန်ဖြင့် ယုသည် ခြေဖျားထောက်ကာ ကိုလတ်၏လက်ထဲမှ ဓာတ်ပုံကို အလျှော့မပေးဘဲ ဇွတ်အတင်းသာ လုနေလေတော့သည်။

mgyoe.com

mgyoe.com


"ကဲ... ဒါဖြင့် ဓာတ်ပုံလိုချင်ရင် နင်ထိုင်၊ ငါမေးတာကောင်းကောင်းပြော... ဟုတ်လား၊ နင်ကောင်းကောင်းပြောရင် နင့်ဓာတ်ပုံ ငါပြန်ပေးမယ်"

ယုသည် ကိုယ်ရှိန်တန့်သွားပြီး ဓာတ်ပုံကိုဆက်လက်၍မလုတော့ဘဲ ကိုလတ်ဘေးမှ ကုလားထိုင်လွတ်တစ်လုံးတွင် မျက်နှာကိုမဲ့၍ နှုတ်ခမ်းကိုစူကာ ဆောင့်ဆောင့်အောင့်အောင့်ဖြင့်ဝင်၍ ထိုင်လိုက်လေသည်။

"မိ ဘယ်မှာနေသလဲ ငါ့ကို ပြောစမ်း၊ ပြီးတော့ မိနဲ့ယုတို့ ဘယ်တုံးကသိကြသလဲဆိုတာ ကိုလေး သိချင်တယ်"

အကြမ်းဖက်၍ မရမှန်းသိသဖြင့် ကိုလတ်သည် အချိုသာဆုံးလေသံသို့ ပြောင်းလွှဲလျက် မိနှင့်ပတ်သက်သော အကြောင်းအရာများကို တစ်စွန်းတစ်စသိရှိလိုသိရှိငြား ယုထံမှ စကားနှိုက်ယူရန် ကြိုးစားရလေတော့သည်။

"မမမိ ဖေဖေနဲ့ ယုတို့ဖေဖေတို့ဟာ ကျောင်းနေဖက်သူငယ်ချင်းတွေပဲ၊ ဟောဒီမြေနုလမ်းနဲ့ မမမိတို့နေတဲ့ စမ်းချောင်းလမ်းဆိုတာ အရင်တုန်းကတော့ အိမ်ဦးနဲ့ကြမ်းပြင်လိုပဲ၊ တစ်အိမ်နဲ့တစ်အိမ် အသွားအပြန်ရှိခဲ့ကြတယ်၊ နောက်တော့ ဖေဖေနဲ့ မမမိတို့ဖေဖေဘာဖြစ်ကြလို့လဲ မသိဘူး အသွားအလာအတော်တန့်သွားကြတယ်၊ မမမိဟာ တော်တော်သဘောထားကောင်းတယ်၊ ရုပ်လှသလောက် စိတ်ကလည်း လှတယ်၊ စန္ဒရားအတီးလည်း အင်မတန်ကောင်းတယ်၊ ယုကိုဆိုတာ ညီမလေးအရင်းလိုပဲချစ်ရှာတယ်၊ မမမိ စိတ်ဆိုးတာ ဒေါသဖြစ်တာ တစ်ခါမှ မတွေ့ဖူးဘူး"

ထိုစကားပိုဒ်သို့ ရောက်လာအခါ ကိုလတ်သည် ညနေခင်းက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို ပြန်လည်သတိရမိပြီး သူ့ကိုကက်

mgyoe.com

mgyoe.com


ကက်လန်ရန်တွေ့နေသော မိမျက်နှာကို မြင်ယောင်လာမိသောကြောင့် ကိုလတ်သည် သူ့အတွေးနှင့် သူပြုံးလိုက်မိလေသည်။

"အစ်ကိုလေးက ဘာပြုံးတာလဲ... သူများက အကောင်းပြော နေတာ ဒါဖြင့်မပြောတော့ဘူး"

"ပြောမှာသာပြောစမ်းပါ ယုရာ... ငါနင်ပြောတာ သဘောကျလို့ ပြုံးတာပါ၊ ကဲ... ဆက်သာပြောစမ်းပါ"

"အစ်ကိုလေးပြုံးတာ ဒီအဓိပ္ပာယ်မျိုး မဟုတ်ပါဘူး၊ အစ်ကိုလေး ယုကို ညာလို့မရဘူး၊ အစ်ကိုလေးရင်ထဲမှာ ဘာတွေဖြစ်နေသလဲဆိုတာ ယု အကုန်လုံးသိတယ်၊ ကိုလေး ဒီနေ့ပြောတဲ့စကားတွေက နည်းနည်း ဆန်းနေတယ်"

ယုအသံမှာ မနာလိုဝန်တိုသံ အနည်းငယ်နှောနေပြီး သိသိသာ သာပင် တုန်ရီလျက်ရှိသေးသည်။ သူစိမ်းတစ်ရံဆံ မိန်းကလေး အကြောင်းနှင့်ပတ်သက်၍ ဘယ်သောအခါကမျှ စပ်စုမေးမြန်းခြင်း မပြုခဲ့သော ကိုလတ်အပေါ်တွင်လည်း သံသယဝင်စပြုလာသည်ကို ကိုလတ် ရိပ်စားလိုက်မိလေသည်။ အစ်ကိုလေးရင်ထဲမှာ ဘာတွေဖြစ်နေ သလဲဆိုတာ ယု အကုန်လုံးသိတယ်ဆိုသော စကားပိုဒ်ကပင် ယု၏ သံသယစိတ်တစ်စွန်းတစ်စကို ဖော်ပြပြီးသားဖြစ်လေသည်။

"နေစမ်းပါဦး... အစ်ကိုလေးနဲ့ မမမိနဲ့ ဘယ်တုံးက သိကြတာ လဲ"

ဤတစ်ကြိမ်တွင်မူ ယု၏မေးခွန်းကို ကိုလတ်မှသားသုံး၍ မငြင်း ကွယ်လိုတော့ပေ၊ ယုကို အဖြစ်မှန်အတိုင်း ပြန်လည်ပြောပြရန်သာ ဆုံး ဖြတ်လိုက်လေသည်။

"ဒီနေ့မှ သိကြတာ..."

"သြော်... လက်စသတ်တော့ ဒီလိုကိုး၊ ဒါနဲ့စောစောတုန်းကတော့

mgyoe.com

mgyoe.com


အစ်ကိုလေးရဲ့အသိဆို"

"အဲဒါ အစ်ကိုလေး တမင်သက်သက် နောက်ပြောတာ မိနဲ့ အစ်ကိုလေးနဲ့ဟာ မျက်နှာကြောတည့်ကြတာ မဟုတ်ဘူး"

"ဟင်... သိတယ်လည်း ပြောတယ်၊ မျက်နှာကြောမတည့်ဘူးလို့လည်း ပြောတယ်... အစ်ကိုလေးစကားကို ယု ဘယ်လိုနားလည်ရမှာလဲ"

ထိုအခါတွင်မှ ကိုလတ်သည် ကျောင်းတွင် မိနှင့် တစ်ယောက်နှင့်တစ်ယောက် အထင်လွဲမှား၍ အချင်းပွားခဲ့သည့်အကြောင်းများကို အသေးစိတ်ပြန်လည်ပြောပြရာ ယုသည် ခေါင်းကလေးတညိတ်ညိတ်ဖြင့် နားထောင်နေပြီး၊ နှုတ်ခမ်းကလေးတင်းတင်းစေ့ကာ မပြုံးတပြုံးဖြစ်လာလေသည်။

"ကျောင်းတော်ကရန်ပွဲကို အခုမှ စားမြုံ့ပြန်မနေပါနဲ့တော့၊ ဒါနဲ့များဘာကြောင့် မမမိနေတဲ့နေရာသိချင်ရတာလဲ၊ မုန်းရာက ချစ်တဲ့ ဇာတ်လမ်းများ ထွင်ချင်သေးလို့လား"

ကိုလတ်သည် ပြုံးကျဲကျဲဖြင့် မည်သို့မျှပြန်၍ မဖြေဘဲ မိဓာတ်ပုံကလေးကိုသာ လက်ထဲတွင် ငေ့ယမ်းကစားနေပြီး ယုမခံချင်မှန်း သိသောကြောင့် မိဓာတ်ပုံကိုပါးပြင်နှင့်သာကပ်၍ အပ်ထားလိုက်လေသည်။

"အောင်မယ် အဖြစ်ကသည်းနေလိုက်တာ အရှက်ကိုမရှိဘူး သိပ်မုန်းစရာကောင်းတာပဲ၊ မမမိဆီကို ဒီအကြောင်းတွေစာရေးပြီး ထည့်လိုက်ရဦးမယ်၊ ပေးစမ်းပါ သူများဓာတ်ပုံကို"

လျှင်မြန်သောအရှိန်ဖြင့် ဆွဲယူလိုက်ရာ ဤတစ်ကြိမ်တွင်မူ မိဓာတ်ပုံသည် ယုလက်ထဲသို့ ပါသွားလေတော့သည်။ ယုသည် မိဓာတ်ပုံကို အယ်လ်ဘမ်ထဲသို့ ပြန်သွင်းလိုက်ပြီး ဆတ်ခနဲခါးထောက်လိုက်ကာ ကိုလတ်မျက်နှာကို စိန်းစိန်းစိုက်စိုက်ကြီး ကြည့်လိုက်လေသည်။

mgyoe.com

mgyoe.com


"ဒါပဲပြောလိုက်မယ်နော်... မမမိနဲ့ပတ်သက်ပြီး ရှုပ်ရှုပ်ယှက်ယှက် ပြဿနာတွေကြားရရင်တော့ အစ်ကိုလေး အသိပဲ၊ အစ်ကိုလေး ဘာပဲ လုပ်လုပ် ယုကို ဖွင့်ပြောရမယ်၊ ယုမသိဘဲများ တစ်ခုခုဖြစ်ရင်တော့ ကမ္ဘာမီးလောင်ပြီသာ မှတ်ပေတော့"

"အောင်မယ်... ကြီးကျယ်လိုက်တဲ့ဆင်နှာမောင်း၊ ငါ့ဟာငါ ဘာလုပ်လုပ် နင်နဲ့ဘာဆိုင်လဲ၊ လူကြည့်တော့ လက်တစ်ဆစ်လောက် ရှိသေးတယ်၊ ဩဇာအာဏာပေးချင်တာ လွန်လို့"

"ဩဇာပေးတန်ရင်ပေးရမှာပဲ၊ သူ့ကိုယ်သူ လည်လှပြီမှတ်နေတာ မမမိဓာတ်ပုံအကြောင်း မေးကတည်းက ယု ရိပ်မိလိုက်ပြီသိလား၊ ဓာတ်ပုံ ကိုနောက်ထပ် မကြည့်နိုင်အောင် ဆုတ်ပစ်ရရင်မကောင်းဘဲ နေတော့မယ်"

"အောင်မယ်... နင် မိဓာတ်ပုံကို မဆုတ်ရဲပါဘူး"

ကိုလတ်သည် ယုအတွင်းစိတ်ကို မသိမသာစမ်းသပ်သည့် သဘောဖြင့် ဆွပေးလိုက်ရာ ယုမျက်နှာတစ်ခုလုံး ဒေါသရိပ်ဒေါသ ယောင် ဖုံးလာလေသည်။

"ဘာလို့ မဆုတ်ရဲရမှာလဲ"

"ဆုတ်ရဲရင် ဆုတ်ကြည့်စမ်းပါလား၊ နားရင်းဆော်လဇန်တေ လိုက်မှာပေါ့"

ထိုသို့ပြောလိုက်သည်နှင့် တစ်ပြိုင်နက်ပင် ယုသည် အယ်လ်ဘမ် မှ မိဓာတ်ပုံကို ထုတ်ယူလိုက်ပြီး တိုတောင်းသော အချိန်အတွင်းတွင် ဓာတ်ပုံတစ်ခုလုံး ရစရာမရှိအောင် အစိတ်စိတ်မြွှာမြွှာ ဖြစ်ပြီးသားဖြစ်သွား လေတော့သည်။

"ဟဲ့... ကောင်မကလေး၊ ကြည့်စမ်းကြည့်စမ်း... ဓာတ်ပုံကို တကယ်ဆုတ်ပစ်တယ်ကြည့်စမ်း၊ ခွေးမကလေး ငါကနောက်ပြောတာ"

mgyoe.com

mgyoe.com


ယုသည် ကိုလတ်ကို မည်သို့မျှ တုံ့ပြန်ချေပခြင်း မပြုတော့ဘဲ မျက်စောင်းတစ်ချက်ထိုး၍ကြည့်ကာ ဧည့်ခန်းအတွင်းမှ ထွက်ခွာသွားလေတော့သည်။ အပိုင်းပိုင်း စုတ်ပြတ်လျက်ရှိသော မိဓာတ်ပုံအစတို့မှာ ကြမ်းပြင်တစ်ခုလုံး ပြန့်ကျဲ၍ ကျန်ရစ်ခဲ့လေတော့သည်။

အသိရခက်သော ဆယ်ကျော်သက်တို့၏ စိတ်လှုပ်ရှားမှုမြန်ဆန်ပုံ၊ မနာလိုဝန်တိုမှုစိတ်များ မသိမသာအစွန်းထွက်လာပုံတို့ကို ယခုမှပင် ကိုလတ်သည် တအံ့တသြဖြစ်မိလေတော့သည်။ ရေစီးကြောင်းကို ရှာသော် လွယ်၏။ သို့သော် ယုတို့အရွယ် ယိမ်းလွယ်ညွတ်လွယ်သော အသိကြွယ်ခါစ၊ စိတ်အနယ်ကြွခါစ မိန်းမရွယ်တို့၏ မသိစိတ်ဖုံးလွှမ်းထားသော မေတ္တာနှင့်ယှဉ်သည့် အတ္တစိတ်ကိုမူကား ကိုလတ်သည် အကဲခတ် ဝေခွဲမရနိုင်အောင်ပင် ဖြစ်ရလေတော့သည်။

❒

mgyoe.com

mgyoe.com

# ( ၄ )

"ကိုယ့်လူတယောသေတ္တာကြီး ကိုယ့်ကိုပေးစမ်းပါကွာ၊ အခု အချိန်လောက်ဆိုရင် မိတို့ရောက်နေရော့မယ်၊ ဟိုကျရင် ကိုယ်တို့စီစဉ်တဲ့အတိုင်းနော်၊ မိမိအေးနဲ့ ကိုယ်နဲ့အကုန်လုံး အစီအစဉ်တွေ လုပ်ထားပြီးပြီ"

ကိုသန်းဋ္ဌေးတစ်ကိုယ်လုံး ရေမွှေးနံ့များ သင်းပျံ့လျက်ရှိလေသည်။ ကိုလတ်လက်ထဲမှ တယောသေတ္တာကြီးကိုလှမ်းယူပြီး ကားတံခါးကို ဂျိုင်းခနဲမြည်အောင် ပိတ်လိုက်ကာ မိမိအေးမွေးနေ့ပါတီတွင် မိနှင့်ကိုလတ် မမျှော်လင့်ဘဲ ဆုံစည်းအောင် ပြုလုပ်ထားသည့်အစီအစဉ်များကို အရိပ်အမြွက်ပြောပြနေလေသည်။

လှမ်း၍ကြည့်လိုက်သောအခါ ဝက်ဘာလမ်းရှိ မွေးနေ့ပါတီကျင်းပသည့် မိမိအေးတို့အိမ်ကြီးမှာ မီးရောင်စုံများထိန်လင်းလျက်ရှိသည်ကို တွေ့ရလေသည်။

"ခင်ဗျားဖွတ်အတင်းခေါ်လို့သာ လိုက်လာခဲ့ရပေမဲ့ သိပ်တော့ စိတ်ပါတာမဟုတ်ဘူးနော်၊ တော်တော်ကြာယောက်ျားချောပျက်နေပါဦးမယ် ကိုသန်းဋ္ဌေးရာ"

"ကိုယ့်လူ သိပ်စကားများမနေနဲ့၊ ဒီနေ့ည မောင်ရင်ဟာ ကိုယ့်ညွှန်ကြားချက်အောက်မှာ ရှိတာယ်၊ အဲဒါကို သဘောမတူရင် ကိုယ့်တယော

mgyoe.com

mgyoe.com


သေတ္တာကို ကိုယ်ပိုက်ပြီး ပြန်နိုင်တယ်"

"တင်းလှချည်လားဆရာရယ်... တစ်ပတ်လောက်တော့လျှော့ပါဦး"

ကိုသန်းဌေးက ကိုလတ်ကို တံတောင်နှင့် တွက်ဟန်ပြုလိုက်ပြီး ရှေ့မှဦးဆောင်ကာ မွေးနေ့ပွဲကျင်းပလျက်ရှိရာ မိမိအေးတို့ခြံဝင်းကျယ်ကြီးအတွင်းသို့ နှစ်ယောက်အတူ လှမ်းဝင်ခဲ့ကြလေသည်။

ထင်းရှူးပင်သုံးပင်ကို တြိဂံပုံသဏ္ဌာန်ပြုလုပ်၍ မီးရောင်စုံကြိုးတန်းများနှင့် စက္ကူပန်းအရောင်စုံ ကြိုးတန်းရှည်တို့သည် မြွေလိမ်မြွေတွန့်ကဲ့သို့ ယှက်ဆိုင်းချိတ်ဆွဲလျက်ရှိပြီး လေဘောလုံး ပဒေသာကလေးတို့သည် တလွန့်လွန့်လွင့်ပျံ့လျက် ရှိလေသည်။

"ဒီပွဲဟာ မောင်ရင့်ပွဲပဲ ကိုလတ် ကြံနိုင်သမျှ အမြတ်ထွက်မှာပဲ"

"ခင်ဗျားကလည်း သိပ်ကိုပင့်နေတော့တာပဲ၊ ငွေမကုန်ဘဲ တယောထိုးမယ့်လူတစ်ယောက်ရလာတာကို ခင်ဗျားအဆက်ကြီး မိမိအေးအတွက် မျက်နှာလုပ်တာမျိုးဆိုရင်တော့ ကျွန်တော်က တယောထိုးရင်းနဲ့ ကြိုးတွေဖြတ်ပစ်မှာနော်"

"အဲဒီလိုဆိုရင်တော့ စောစောကပဲ ကန်တော့ဆွမ်း ကိုယ့်လူရေ့၊ ပြန်ကြွပေတော့"

သူတို့နှစ်ဦးသည် ရယ်ရင်းမောရင်းနှင့်ပင် မွေးနေ့ဧည့်ခံပွဲအတွင်းသို့ တဖြည်းဖြည်းဝင်ရောက်လာမိကြလေသည်။

ည ခြောက်နာရီ သာသာလောက်ပင် ရှိသေးသဖြင့် မိမိအေး၏မွေးနေ့ဧည့်ခံပွဲမှာ လူမစုံသေးချေ။ ရောက်နှင့်သူတချို့နှင့် အိမ်ခံဧည့်ကြိုသူတချို့သာ ဟိုတစ်စုသည်တစ်စု ရှိကြသေးလေသည်။ ထင်းရှူးပင် သုံးပင်ရှိသည့်အနက် အလယ်မှထင်းရှူးပင်ကို ဦးတိုက်၍ချခင်းထားသော စန္ဒရားတစ်လုံးကို အမှတ်မထင် ကိုလတ်လှမ်း၍ မြင်လိုက်ရလေသည်။

mgyoe.com

mgyoe.com


"စန္ဒရားတွေ ဘာတွေနဲ့ဘာလားဗျ၊ မိမိအေးက စန္ဒရားအတီး ဝါသနာပါသလား"

"ဒီမှာသူငယ်ချင်း... သိပ်ပြီး မေးလားစမ်းလား လုပ်မနေနဲ့၊ ဓာတ်တိုက်ပြီးသားဆို သဘောပေါက်ရောပေါ့၊ ဟောဟိုမှာတွေ့ရဲ့လား မောင်ရင့်ကြက်တူရွေးမလေး မိ ရောက်နေပြီ၊ အဲဒါ စောစောစီးစီး ငန်းဆေးလေး ဘာလေးစားထား၊ တော်တော်ကြာမှ လွမ်းသလိုလို၊ ဆွေးသလိုလိုဖြစ်နေရင် ကိုယ်တို့လုံးဝတာဝန်မယူဘူးဆိုတာတော့ စောစောစီးစီး ပြောထားရဦးမယ်"

"တိုးတိုးပြောစမ်းပါဗျ၊ တော်တော်ကြာ ကြားသွားပါဦးမယ်"

"မောင်ရင်ကလည်း မိကို တော်တော်ကြောက်နေပြီ ထင်တယ်၊ ကြားသွားတော့လည်း ဘာဖြစ်သေးသလဲ တစ်ခါတည်း နားသွင်းပြီးသား ဖြစ်တာပေါ့"

"တော်စမ်းပါဗျာ... ခင်ဗျား ဘာတွေလုပ်နေမှန်းကို ကျွန်တော် နားမလည်ဘူး၊ အပို့လွန်လို့ ကိုယ့်ဂိုးထဲကို ပြန်သွင်းမိနေပါဦးမယ်"

ဘောလုံးဝါသနာအိုး ကိုသန်းဌေးသည် ကိုလတ်၏စကားကို သဘောကျသွားသဖြင့် ပြုံးလိုက်လေသည်။

စားပွဲဝိုင်းကလေးများ အစီအရီချခင်းထားသည့် နေရာများကို ဖြတ်ကျော်ပြီး အိမ်ရှေ့ဆင်ဝင်အောက်သို့ လှမ်းဝင်လိုက်သောအခါတွင် အခန့်သင့်ပင် မိမိအေးတို့ကျောင်းသူအုပ်စုနှင့် မျက်နှာချင်းဆိုင် သွား၍တိုးလေတော့သည်။ သူတို့အထဲတွင် မိတစ်ယောက်လည်း အပါအဝင်ဖြစ်ကာ ချိုမော်၊ လူစီမြနှင့် ကက်သရင်းကြိုင်တို့ကိုလည်း တစုတဝေးတည်း တွေ့လိုက်ရလေသည်။

"အတော်ပဲ ကိုသန်းဌေး... အေးတို့လည်း ကိုသန်းဌေးတို့ကို စောင့်နေတာ၊ ကိုလတ်လည်း ပါလာတာကိုး"

mgyoe.com

mgyoe.com


မိမိအေးသည် သိပြီးသားကိစ္စတစ်ခုကို မသိချင်ဟန်ဆောင်၍ မေးလိုက်ခြင်းဖြစ်ကြောင်း မသိမသာ တွန့်လှုပ်သွားသော သူ့နှုတ်ခမ်းကလေးများက သက်သေခံလျက်ရှိလေသည်။

"ကိုလတ်မပါလို့ ဘယ်ဖြစ်မလဲ အေးရဲ့၊ ညနေကတည်းက သူ့အိမ်သွားပြီး အတင်းခေါ်လာခဲ့ရတာ၊ ဒီကြားထဲကိုယ့်ဆရာက သွားစရာရှိတယ်ဆိုပြီး ဈေးကိုင်နေသေးတယ် နောက်ဆုံးတော့ တယော သေတ္တာပါ မပြီး အတင်းခေါ်လာခဲ့ရတယ်"

စကားအပိုနှော၍ ကိုသန်းဌေးတစ်ယောက် လုပ်ကြံပြောဆိုနေသည်ကို သိလိုက်ရသော်လည်း ကိုလတ်မှာ မည်သို့မျှဝင်မပြောသာဘဲ သူ့အရှိန်နှင့်သူ လွှတ်ထားလိုက်ရလေသည်။

မိတစ်ယောက်မှာမူ ကိုသန်းဌေးနှင့်အတူ လိုက်ပါလာသော ကိုလတ်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောကြောင့် မျက်နှာကလေး တစောင်းလှည့်ထားကာ ရှက်ကိုးရှက်ကန်းအမူအရာဖြင့် မျက်လွှာကို အသာ ချထားလိုက်လေသည်။ ကိုလတ်မှာလည်း မိနည်းတူပင် မိကို မျက်လုံး တစ်ချက်ဝှေ့ကြည့်လိုက်ပြီး ထင်းရှူးပင်များတွင် ချိတ်ဆွဲထားသော မီးရောင်စုံတန်းများဆီသို့ မျက်လုံးလွှဲ၍ ထားရလေသည်။

ချိုမော်၊ ကက်သရင်းကြိုင်နှင့် ဒေစီမြတို့မှာလည်း သူတို့နှစ်ဦး၏ အကြောင်းကို သိထားပြီးဖြစ်ကြသောကြောင့် ဘာကိုသဘောကျသည် မသိ၊ သူတို့အားလုံး ပြုံးစိစိမျက်နှာထားဖြင့် မိကိုတစ်လှည့်၊ ကိုလတ်ကို တစ်လှည့် ဝိုင်းကြည့်ကြရင်း သူတို့အချင်းချင်း မည်သို့အပေးအယူရှိကြ မှန်း ကိုလတ်တစ်ယောက်မှာ မဝေခွဲနိုင်တော့ချေ။

"ဒီမှာ မိ... ကိုလတ်ကို မှတ်မိတယ်မဟုတ်လား"

မိမိအေးက မိကို စတင်၍ စကားဖောက်လိုက်သဖြင့် မျက်လွှာချ၍နေသော မိသည် ရှက်အမ်းအမ်းအမူအရာဖြင့် ကိုလတ်ကို မျက်လုံး

mgyoe.com

mgyoe.com


တစ်ချက်လှန်ကြည့်လိုက်လေသည်။

"အေးကလည်း တော်တော်ညံ့သေးတာပဲ၊ ဒီမျက်နှာတွေဟာ ဘယ်မမှတ်မိစရာရှိပါ့မလဲ၊ ဟိုနေ့ကသာ ရန်ဖြစ်ကြလို့ရှိရင် တစ်ယောက်မျက်နှာတစ်ယောက်ကုတ်ကြခြစ်ကြမိပြီး အခုထက်ထိ မျက်နှာတွေမှာ ဒဏ်ရာတွေ ပျောက်ဦးမှာ မဟုတ်သေးဘူး၊ ဒီတော့ အထူးမိတ်ဆက်ပေးစရာများ လိုသေးသလား အေးရယ်၊ မဟုတ်ဘူးလား ကိုလတ်ဟုတ်တယ်နော် မိ"

ကိုသန်းဌွေးသည် သူ့မေးခွန်းကို သူပြန်ဖြေပြီး ကိုလတ်နှင့်မိကိုပါ သူ့စကားနယ်နိမိတ်အတွင်းသို့ အတင်းဆွဲသွင်းတော့ရာ တစ်ဖက်သတ်စကားအနိုင်ယူလိုက်သော ကိုသန်းဌွေး၏ပြက်လုံးကြောင့် အားလုံး၏ရယ်မောသံများ ဆူညံသွားလေတော့သည်။

"အို... ကျွန်မစိတ်ထဲမှာတော့ ဒီကိစ္စကို အမှတ်မထားတော့ပါဘူး၊ ပြီးပြီးပျောက်ပျောက် မေ့ပစ်လိုက်ပါပြီ"

မိအသံမှာ သိမ်မွေ့လွန်းလှပေသည်။ ယခင်နေ့ကနှင့်စာလျှင် မိအပြောအဆိုနှင့် အမူအရာအားလုံးတို့မှာ သိသာခြားနားစွာပင် အပြောင်းအလွဲကြီး ပြောင်းလွဲလျက်ရှိလေတော့သည်။ ကိုလတ်ကို လှမ်းကြည့်လိုက်မိသော မိ၏မျက်လုံးများမှာ ရှက်ဟန်နှောရှ်နေသော်လည်း တောက်ပြောင်ရွှန်းလက်လျက်ရှိကာ ရိုးသားတည်ကြည်သော အရိပ်အယောင်များထင်ဟပ်လျက်ရှိလေသည်။

"မိကသာ အမှတ်မထားဘူးလို့ပြောတာ၊ ကိုလတ်ကတော့ မိကိုတွေ့တဲ့နေရာမှာ..."

ကိုသန်းဌွေးသည် စကားတစ်ပိုင်းတစ်စနှင့် ရပ်ထားပြီး သူ့စကား၏အဆုံးသတ်ကို အားလုံးကစိတ်ဝင်စားလာအောင် အချိန်ဆွဲထားလိုက်လေသည်။ ကိုလတ်တစ်ယောက်မှာမူ မျောက်အုပ်ကြားထဲတွင် ရောက်

mgyoe.com

mgyoe.com


နေသည့် ယုန်သူငယ်ကဲ့သို့ မလှုပ်သာမလွန့်သာရှိလေသည်။

"မိကို တွေ့တဲ့နေရာမှာ ကိုလတ်က ဘာလုပ်မလို့တဲ့လဲ"

ကိုသန်းဌေး စကားလမ်းခင်းပေးထားသည်ကို စကားဆက်မိအောင် မိမိအေးက စကားစဖော်၍ ပေးလိုက်လေသည်။

"ကိုလတ်က မိ တွေ့ရင်... တယောထိုးပြမလို့ပါပဲ သူ့တယော ထိုးသံကြားရရင်လည်း မိတစ်ယောက် နားအကောင်းသားပကတိက ကန်းသွားအောင် သူတာဝန်ယူပါ့မယ်တဲ့"

မိသည် ကိုယ်ကလေးကို ယိမ်းယိမ်းလှုပ်သွားအောင် ရယ်မော နေရင်းမှ နှုတ်ခမ်းကလေးများကို ထွေးထွေးစု၍ ကိုလတ်ဘက်သို့ ရင်းနှီး ဖော်ရွေစွာ ပြုံးပြလိုက်လေသည်။ အားလုံးရယ်မောသံများကြားတွင် ကိုလတ်မှာလည်း မနေသာတော့ဘဲ ရောနှောရယ်မောနေရရှာလေသည်။

"ကဲ... မိချိုမော်... အေးကတော့ ဧည့်ခံစရာတွေရှိလို့ အလုပ်များ လိမ့်မယ်၊ တယောဆရာကြီး ကိုလတ်နဲ့စန္ဒရားဆရာမကလေး ရွှေမိ တို့ကို ချိုမော်ပဲခေါင်းဆောင်ပြီးတော့ ဧည့်ခံပေတော့"

မိမိအေးထွက်သွားသောအခါ ချိုမော်ကရှေ့ဆောင်၍ မိ၊ ကိုလတ် နှင့် ကိုသန်းဌေးတို့သည် စားပွဲဝိုင်းအလွတ်တစ်လုံးတွင် နေရာအသီးသီး ဝင်၍ ယူကြလေသည်။ အတွဲပြုတ်နေကြသော ကက်သရင်းကြိုင်နှင့် လူစီမြတို့မှာလည်း သူတို့စားပွဲတွင်ပင် တစုတဝေးတည်း ဝင်၍ ထိုင် ကြလေသည်။

ဧည့်သည်များမှာ တဖြည်းဖြည်းများပြားလာပြီး ညဥ့်နက်လာလေ လေ မွေးနေ့ပွဲလာ ပရိသတ်များစည်ကားလာလေလေ ဖြစ်လာလေသည်။ ဧည့်ပရိသတ်များထဲတွင် တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ အသိုက်အဝန်းကပင် တစ်ဝက်ကျော်ကျော်ခန့်ရှိနေပြီး အားလုံးလိုလိုပင် မျက်နှာသိများ ဖြစ်နေကြလေသည်။

mgyoe.com

mgyoe.com



ကိုလတ်သည် မိနှင့်ပြန်လည်ဆုံတွေ့ခွင့်ရသည်ကို တွေးမိလိုက်သောအခါ ဂျာမန်ကဗျာ ဆရာကြီး အားနက်ဟိန်း၏ ကဗျာကလေး တစ်ပုဒ်ကို သွား၍ သတိရမိလေသည်။

'ငါတို့သည် စီးချင်းတိုက်၍ ယနေ့အခါတွင် ရန်သူများပမာ စားချင်းယှဉ်ကြသော်လည်း နက်ဖြန်ခါတွင် တစ်ယောက်ပါးပြင်ကို တစ်ယောက် နမ်းနေကြသူများသာတည်း'ဆိုသော ကဗျာကလေးကို အမှတ်ရမိလိုက်ကာ မိနှင့် ကိုလတ်မှာလည်း လွန်ခဲ့သော ရက်ပိုင်း အတွင်းကပင် တစ်ယောက်နှင့် တစ်ယောက်ရန်သူပမာ အချင်းများခဲ့ကြသော်လည်း ယနေ့တွင်မူ မိမိအေး၏ မွေးနေ့ဧည့်ခံပွဲတွင် မျက်နှာချင်းဆိုင်လာ၍ ဆုံတွေ့နေရသည်မှာ ဘဝတစ်ကွေ့၏ လှောင်ပြောင်ကျီစားမှုကို မမျှော်လင့်ဘဲ ခံရသကဲ့သို့ပင် ဖြစ်လေသည်။

"စကားလည်း မပြောကြပါလား၊ မွေးနေ့ပါတီကို လာပါတယ်၊ ဘယ့်နှယ် ကျောက်ရုပ်ပြိုင်ပွဲ ရောက်နေရမှန်းမသိပါဘူး၊ မိကလည်း စကားကိုတစ်ခွန်းမှ မပြောဘူး၊ ကိုလတ်ကတော့ တေမိစံချိန်ကို ချိုးနေတော့တာပဲ"

အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသော သူတို့စားပွဲဝိုင်းကလေးသည် ကိုသန်းဌေးပြောလိုက်တော့မှပင် အသက်ဝင်လှုပ်ရှားစပြုလာလေသည်။

"ရောက်ကတည်းက ကိုသန်းဌေးချည်း စကားပြောနေတာနဲ့ ကျွန်တော်တို့ပြောစရာစကားတွေ မကျန်တော့ဘူးလေ၊ ဒါကြောင့် ကျွန်တော်တို့ငြိမ်နေတာပါ"

တစ်ချိန်လုံး စကားမပြောဘဲ ငြိမ်သက်နေခဲ့သော ကိုလတ်သည် ယခုမှပင် စကားပြောဖော်ရလာလေတော့သည်။

"ကိုလတ် ပြောတာကို မိထောက်ခံတယ်၊ ကိုလတ်နဲ့ မိ မတော်

mgyoe.com

mgyoe.com


တဆ ဖြစ်ကြတာကိုပဲ အပ်ကြောင်းထပ်အောင်ပြောနေတော့ မိတို့က ဘာများ ပြောစရာကျန်သေးလို့လဲ"

မိသည် သွယ်ဝိုက်သောနည်းဖြင့် စကားပြောရင်းကပင် ကိုလတ် အပေါ်တွင် လုံးဝအာဃာတမထားဘဲ ခင်မင်ရင်းနှီးမှုကို ပြလာလေသည်။ ထိုအခါတွင်မှ ကိုလတ်သည် သူ့နှမ ယုပြောခဲ့သော မိ၏စိတ် သဘောထားကို ရိပ်စားမိစပြုလာလေသည်။

"ကိုလတ်က တယောထိုးတော့ တော်တော်နာမည်ကြီးတာပဲ၊ မိလည်း ၁၄ နှစ် သမီးလောက်ကတည်းက စန္ဒရားအတီးသင်ခဲ့လို့ ဂီတကိုတော့နည်းနည်းပါးပါး တီးခေါက်မိပါတယ်၊ ကိုလတ်ဆီကလည်း အခွင့်ကြုံရင်တော့ သင်ရိုးတီးကွက်ကလေးတွေ ပိုပြီးမှန်အောင် နည်းနာခံချင်ပါတယ်"

မိကပင်စတင်၍ နှိမ့်ချပြောဆိုလာသဖြင့် ကိုလတ်သည် မာနကင်းသော မိ၏စိတ်သဘောထားကို စိတ်ထဲမှကျိတ်၍ သဘောကျမိသွားလေသည်။

"မိက သိပ်ပြီး ပညာတွေ လျှိုမနေစမ်းပါနဲ့ကွယ်၊ သီချင်းကြီး အပုဒ် ၅၀ လောက်ရတယ်ဆိုတဲ့အကြောင်းကိုလည်း ထည့်ပြီးပြောဦးမှပေါ့"

"အို မဟုတ်တာတွေ ပြောမနေစမ်းပါနဲ့ ကိုသန်းဋ္ဌေးရယ်၊ ကိုလတ်က မိကို တစ်ဖက်သတ် အထင်ကြီးနေပါဦးမယ်၊ မိက ကိုလတ်တို့လို စင်မြင့်ပေါ်တက်ဖူးတဲ့ ချန်ပီယံမျိုးလည်း မဟုတ်ပါဘူး၊ သီချင်းကြီး လေးငါးခြောက်ပုဒ်လောက်ကို ဆရာသင်ထားတဲ့အတိုင်း လက်ကွက်စမ်းပြီး တေးဖြစ်ရုံတီးနေရတဲ့ လက်သင်တစ်ယောက်ပါ"

ချိုမော်နှင့် မိမိအေးတို့ ပြောပြထားသဖြင့် မိသည် ကိုလတ်ကို တစ်ဖက်သတ် အထင်ကြီးနေသည်က အမှန်ဖြစ်လေသည်။ ထိုအချက်ကို

mgyoe.com

mgyoe.com


သိလိုက်သော ကိုလတ်မှာ ဂီတဝါသနာတူချင်းဖြစ်သဖြင့် တစ်မျိုးအားဖြင့် ဝမ်းသာကျေနပ်မိသော်လည်း တစ်ဖက်သတ်အထင်ကြီးမှုကိုကား လက်မခံလိုခဲ့ပေ။ ဂီတပညာနှင့် ပတ်သက်၍ မိတွင် ချိုးနှိမ်သော စိတ်ထားရှိသကဲ့သို့ ကိုလတ်တွင်လည်း ပလွှားဝါကြွားမှုကင်းသူ ဖြစ်ခဲ့လေသည်။ သူတယောထိုးတတ်သည်ကိုပင် ရင်းနှီးသောမိတ်ဆွေများမှ အပ တော်ရုံတန်ရုံ ခင်မင်သူများ မသိခဲ့ကြပေ။ သူကလည်း မိမိကိုယ် မိမိ တယောထိုးတော်သော ဂီတဝိဇ္ဇာတစ်ဦးဟု မည်သည့်အခါမှ ထုတ်ဖော်ကြွားဝါလေ့ မရှိခဲ့ပေ။

"မိထင်သလောက် ကျွန်တော် ဂီတအဆင့်အတန်း မမြင့်သေးပါဘူး၊ တယောထိုးတာကိုတော့ ကျွန်တော်ငယ်ငယ်ကလေးတည်းက ဝါသနာပါခဲ့တာ အမှန်ပါပဲ၊ ကျွန်တော်တတ်နိုင်သမျှတော့ မိနဲ့ပညာချင်း နှီးနှောဖို့ ဝန်မလေးဘူးဆိုတာပြောပါရစေ"

"တယောချန်ပီယံတစ်ဦးနဲ့ ပညာချင်းနှီးနှောရမယ်ဆိုတော့ မိအဆင့်အတန်းဟာ သိပ်မြင့်သွားပါဦးမယ်၊ အမှန်ကတော့ မိဟာ ပညာအလွန်နုသေးတယ်၊ ဖြစ်နိုင်ရင် ပညာယူတဲ့ အဆင့်လောက်ကပဲ နေချင်ပါတယ်"

မိ၏ချိုသာသိမ်မွေ့သော စကားပြောသံတို့ကို အကဲခတ်ရင်းမှ ကိုလတ်သည် မိကို ထင်သည်ထက် ပိုမို၍တအံ့တသြဖြစ်လာရလေသည်။ ရန်ဖြစ်သည့်နေ့ကသာ မိဤမျှ ချိုသာသိမ်မွေ့မှန်းသိလျှင် မည်သည့်နည်းနှင့်မျှ မိမိပြန်လှန်၍ သဟောက်သဟန်ပြောမိမည် မဟုတ်ဟူ၍လည်း သူ့စိတ်ကူးနှင့်သူ ပြန်လည်စစ်တမ်း ထုတ်နေမိလေသည်။

မွေးနေ့ပါတီမှာ ဆူညံစည်ကားစ ပြုလာလေသည်။ အုန်းနို့ခေါက်ဆွဲ၊ အိုက်စကရင်၊ လက်ဖက်၊ ချင်းသုပ်စသော အစားအစာများဖြင့် ပြည့်လျှံလျက်ရှိကာ တက္ကသိုလ်ချိုတေးဝေတူရိယာအဖွဲ့မှ အပျော်တမ်း

mgyoe.com

mgyoe.com



လာရောက်ညှော်ခံကူညီသည့်တူရိယာသံများမှာလည်း မြိုင်ဆိုင်လှပေသည်။

"ကဲ… မိနဲ့ ကိုလတ်စကားပြောနှင့်ကြဦး၊ ကိုယ်တို့စီစဉ်စရာရှိတာကလေးတွေ သွားစီစဉ်လိုက်ဦးမယ်၊ အုန်းနို့ခေါက်ဆွဲစားရင်းလည်း ရန်ထဖြစ်ပြီး ခက်ရင်းတွေ၊ ဇွန်းတွေနဲ့ မခုတ်ကြ မထိုးကြနဲ့ဦး၊ ဒီတစ်ခါတော့ တားဆီးမယ့်လူရှိမှာ မဟုတ်ဘူး"

ထိုသို့ပြောရင်းကပင် ကိုသန်းဌွေးသည် ရုတ်တရက်ထိုင်ရာမှ ထလိုက်ရာ လူစီမြနှင့် ကက်သရင်းကြိုင်တို့ကလည်း ဇာတ်တိုက်ထားသည့်အလား ကိုသန်းဌွေးနည်းတူပင် အုန်းနို့ခေါက်ဆွဲစားရင်း တစ်ပိုင်းတန်းလန်းမှ ထရပ်လိုက်ကြလေသည်။

"ကိုယ်တို့နှစ်ယောက်လည်း မိမိအေးကို ကူညီစရာ နည်းနည်းရှိသေးတယ်၊ ရန်ဖြစ်မယ့်ကြံရင်တော့ ခက်ရင်း၊ သံဇွန်းပဲပေးလိုက်ပေ့၊ ဟုတ်လား မိ၊ ကိုလတ်ကပဲ နောင်ကြဉ်သွားအောင်ဆုံးမလိုက်ပါ"

သူတို့အားလုံး ထွက်သွားကြသောအခါ ပြန်လည်ရင်းနှီးခါစသာရှိကြသေးသော ကိုလတ်နှင့်မိတို့ နှစ်ဦးမှာ တစ်ယောက်နှင့် တစ်ယောက်တော်တော်နှင့်စကားမပြောနိုင်ကြသေးဘဲ ကြောင်စီစီဖြစ်၍ ကျန်ရစ်ခဲ့ကြလေသည်။

ကိုလတ်ကမူ ကိုသန်းဌွေး ကြိုတင်ပြောပြထားသဖြင့် သူတို့အားလုံး၏ အစီအစဉ်ကို ရိုးတိုးရိပ်တိပ် သိရှိလိုက်လေသည်။ မိကသာ အရိုးခံစိတ်ဖြင့် အနည်းငယ်မျှ ရိပ်စားမိခြင်းမရှိသော်လည်း လူစီမြနှင့် ကက်သရင်းကြိုင်တို့၏ မျက်နှာများတွင် မူမမှန်သော ချောက်တွန်းသည့်အပြုံးများ တစ်ဝက်တစ်ပျက်ပေါ်လွင်နေသည်ကို ကိုလတ်တစ်ယောက်ကမူ အကင်းပါးစွာ သိရှိလိုက်လေသည်။

တစ်ယောက်နှင့်တစ်ယောက် အချိန်ကြာမြင့်စွာ စကားမပြောကြ

mgyoe.com

mgyoe.com


ဘဲ ဤအတိုင်းသာ ဆက်သွားနေလျှင် ပို၍အနေရခက်ကာ ကြောင်နေမည်စိုးသောကြောင့် ကိုလတ်သည် မိကိုစကားစ ဖော်ပေးရန် အစပျိုးရလေတော့သည်။

"မိသင်ရိုးတော့ တော်တော် ကုန်ခဲ့ပြီထင်တယ်"

"မိမှာ သင်ရိုးရယ်လို့ စနစ်တကျမရှိခဲ့ပါဘူး ကိုလတ်၊ မိ... အန်တီတစ်ယောက်က ငယ်ငယ်ကလေးတည်းက စန္ဒရားဝါသနာပါတယ်လေ... မိက လက်မနေနိုင် ခြေမနေနိုင်နဲ့ ဟိုစမ်းသည်ခေါက်လုပ်ရင်း တီးတတ်သွားတာပါ၊ တီးတတ်သွားတော့လည်း ဘယ်လိုပျော်မှန်းမသိဘူး၊ ထံတျာတို့ဝေဘာတို့ဆိုတာ ဘာမှန်းမသိဘဲ လိုက်တီးရင်း တတ်သွားတာ၊ နောက်ပြီး ဆရာတစ်ယောက်နဲ့ ခြောက်လလောက်သင်ဖူးခဲ့တာကလွဲပြီး စနစ်တကျသင်ရိုးရယ်လို့ မရှိခဲ့ပါဘူး"

ဤမျှလောက်ဆိုလျှင်ပင် ကိုလတ်သည် မိ၏စန္ဒရားလက်ဆွဲကို မကြားရသေးသော်လည်း ဂီတအဆက်အနွယ်ရှိခဲ့ဖူးသော မိသည် စန္ဒရားဆရာနှင့်ပင် သင်ခဲ့ဖူးသည်ဆိုသောကြောင့် မိ၏ဂီတဝါသနာကြီးမားပုံကိုကား ကိုလတ်သည် အထင်သေး၍ မရနိုင်ချေ။

"ကျွန်တော်လည်း ဒီအတိုင်းပါပဲ၊ သင်ရိုးဆိုတာကတော့ ဝါရင့်လာမှ ပိုပြီးရွေးချယ်တတ်လာတယ်၊ သင်ရိုးမူကွဲတွေလည်း တွေ့လာတတ်ပြီး အကွန့်အညွှန့်ပိုင်းကျတော့ တစ်ခါတလေ သင်ရိုးတွေ သိပ်ပြီးကျဉ်းမြောင်းတာကို တွေ့ရတတ်တယ်၊ အဲဒီအခါမျိုးတော့ အခြေခံသင်ရိုးတွေကို သံသယဝင်လာပြန်တယ်"

ကိုလတ်ပြောပြသမျှတို့ကို မိသည် နားထောင်ရင်း မိ၏ဝိုင်းစက်ကြည်လင်သော မျက်လုံးကလေးများသည် စိတ်ဝင်စားသည့် အမှတ်အသားကို ပြသည့်အလား၊ အရောင်ရွှန်းလက်တောက်ပြောင်လျက်ရှိလေသည်။

mgyoe.com

mgyoe.com


"အို... ကိုလတ်ပြောပြတာတွေဟာ သိပ်ပြီးအဆင့်အတန်းမြင့်တာပဲ၊ မိတို့ကတော့ စန္ဒရားတီးဖို့ သက်သက်ပဲနားလည်တာပါ၊ ဒီသဘောတရားတွေကို စဉ်းတောင် မစဉ်းစားခဲ့မိပါဘူး"

"ဒီလိုလည်း ဘယ်ဟုတ်မလဲလေ... သဘောတရားဆိုတာက လက်တွေ့လုပ်တဲ့အပေါ်မှာ အဖြေရှာယူရတာပဲ၊ ရှေးနည်းဟောင်းတွေပေါ်မှာ တရားသေလိုက်စားတာနဲ့ ခံစားချက်ကွန့်မြူးပုံ မတူတာတွေဟာလည်း အဲဒီသဘောပဲ... မိ၊ အဲဒါမှလည်း တီးကွက်တီးလက်တွေဟာ လွတ်လွတ်လပ်လပ်ရှိလာတယ်၊ ဂီတပညာဟာလည်း လွတ်လပ်မှုရှိမှ ပိုပြီးရှသမြောက်တယ်လို့ ကျွန်တော် ထင်တယ်"

မွေးနေ့ပါတီမှ စကားပြောသံများ၊ ရယ်မောဆူညံသံများနှင့် တေးတူရိယာသံများကိုပင် သူတို့နှစ်ဦးသည် မေ့လျော့နေကာ ဂီတကမ္ဘာကလေး တစ်ခုထဲသို့ ရောက်နေသလားဟု ထင်ရအောင်ပင် ဂီတပညာနှင့် ပတ်သက်သော အကြောင်းအရာများကိုသာ တစ်ခုပြီးတစ်ခု ဆက်လက်၍ ဆွေးနွေးနေကြလေသည်။

"မိ တစ်ခု စိတ်ပျက်တာရှိတယ်၊ ဂီတအခြေခံကို မူတစ်ခုတည်း သတ်မှတ်မထားဘဲ မူကွဲ ဆရာကွဲတွေများလာတော့ တစ်ဆရာတစ်မျိုး၊ တစ်ဆရာတစ်မူအကွဲကွဲအပြားပြားတွေ ဖြစ်နေတာကို ညီညွတ်အောင် လုပ်ပေးနိုင်ရင် သိပ်ကောင်းမှာပဲ"

မိကလည်း ဂီတပညာနှင့်ပတ်သက်၍ ကိုယ့်ဆန္ဒနှင့် ဆန့်ကျင်ကွဲလွဲနေသော အချက်အလက်များကို ပြန်လည်တင်ပြလာလေသည်။

"အဲဒါတော့ သိပ်မလွယ်ဘူးမိ၊ ကမ္ဘာ့ဂီတလောကမှာကို ဒီအခက်အခဲတွေ အများကြီးရှိခဲ့တယ်။ အဲဒါဟာ... ဘာလဲဆိုရင် ဂီတအစဉ်အဆက် ထိန်းသိမ်းမှုမမှန်ခဲ့တာရယ်၊ ဆရာစွဲ၊ ငါစွဲကြီးတာရယ်၊ နောက်တစ်ခါ ကျွန်တော်တို့မှာ အများစုက အသိအမှတ်ပြုတဲ့ဂီတသင်္ကေတ

mgyoe.com

mgyoe.com


အခြေခံမရှိသေးခဲ့တာတွေကြောင့် ဒီမှုကွဲပြဿနာတွေကို ထိန်းထိန်းသိမ်းသိမ်းလုပ်ဖို့ ဘယ်နည်းနဲ့မှ ဖြစ်မှာမဟုတ်ဘူး၊ တစ်ခါခေတ်ပေါ်သီချင်းတွေကို ကြည့်လိုက်မယ်ဆိုရင်လည်း အနောက်တိုင်းသံကြောင်တွေက ဝင်လာ၊ သင်ရိုးပောင်းတွေကို ကမောက်ကမလုပ်ပစ်နဲ့ တော်တော်စိတ်ပျက်စရာကောင်းတယ်၊ ဒီကြားထဲမှာ သီချင်းရေးတဲ့လူကတစ်ယောက် အသံသွင်းတဲ့လူကတစ်ယောက်၊ တီးတဲ့လူကတစ်ယောက်၊ ဆိုတဲ့လူကတစ်ယောက် သီချင်းတစ်ပုဒ်တည်းကို အမျိုးမျိုးလက်ဆင့်ပြောင်းလာတော့ ဘယ်မှာမှန်တော့မလဲ၊ ဒီထက်ပိုဆိုးတာက တူရိယာပစ္စည်းဆိုလို့ တစ်ခုမှမတီးတတ်ဘဲနဲ့ သီချင်းရေးဆရာကြီး အမည်ခံပြီး ဂီတလောကကိုဖျက်ဆီးနေတဲ့ လူကြောင်တွေပါလာတော့ ပိုဆိုးတာပေါ့... မိ”

ကိုလတ်သည် သူ့ရင်ထဲတွင်ရှိသမျှ ဂီတလောကနှင့် ပတ်သက်သော အကြောင်းအရာများကို မရပ်မနားတမ်း ဆက်လက်၍သာ ဆွေးနွေးနေမိ လေတော့သည်။ မိမှာမူ ကိုလတ်ဆွေးနွေးတင်ပြသည့် အကြောင်းအရာအသစ်အဆန်းများကို တအံ့တဩငေးမော၍သာ နားထောင်နေမိလေသည်။

“ဒီနေ့ ဂီတလောကမှာ ရေးခေတ်လည်းမမီ ဂီတပညာအခြေခံလည်း လုံးဝမရှိတဲ့ အဲဒီလိုလူစားမျိုးတွေဟာ မတောက်တခေါက် ဂီတပညာတတ်တဲ့ တပည့်တပန်းတွေမွေးပြီး တကယ်တော်တဲ့ ဂီတပညာသည်တွေကို ဝိုင်းပယ်ထားတာတွေလည်း အများကြီးရှိတယ်၊ သူတို့ကိုယ်တိုင်က ဂီတဆိုတာ ဘယ်ကဆင်းသက်လာမှန်း မသိဘဲ ဆရာကြီးတွေလုပ်၊ ကျော်ကြားမှုတွေ ရှေ့တန်းတင်ပြီး ဓာတ်ပြားကုမ္ပဏီထောင်စားနေတာလည်း အများကြီးရှိတယ်။ တကယ်ပညာတတ်တဲ့ ဆိုင်းကြီးဝိုင်းကြီးဆရာတွေကို ကြက်တူရွေးနှုတ်တိုက် အတောတွေရွတ်ပြပြီး ခေါင်းတုံးပေါ်ထိပ်ကွက်တဲ့နည်းတွေနဲ့ ပညာခိုးယူတာတွေလည်း အများ

mgyoe.com

mgyoe.com


ကြီးပဲ၊ တကယ့်ပညာရှင်တွေကတော့ အဲဒီစီးပွားရေးသမားအတုအယောင်တွေရဲ့ အနိုင်ကျင့်မှုကို အလူးအလဲ ခံနေကြရရှာတယ်။ ဒီတော့ ဂီတလောကဟာ ဘယ်မှာလာပြီး တိုးတက်ပါတော့မလဲ။ ဒါကြောင့် ကျွန်တော်တော့ ဒီအသိုင်းအဝိုင်းတွေကို အတတ်နိုင်ဆုံး ရှောင်ခဲ့တယ်။ ဂီတပညာကို ငွေနဲ့လဲပြီး ဘယ်တော့မှကြေးစားဘဝ အရောက်မခံဖို့ ဆုံးဖြတ်ထားတယ်"

ကိုလတ်သည် ပြောလက်စဖြင့် အရှိန်မသတ်နိုင်တော့ဘဲ ဂီတလောကအပေါ်တွင် သူထားရှိသောအမြင်များနှင့် သဘောထားများကိုပါ မိကို အသေးစိတ်ရှင်းပြနေမိလေသည်။ မိသည် ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်ရင်း ဂီတပညာနှင့်ပတ်သက်၍ မာနရှိသောကိုလတ်ကို ပိုမို၍ပင် လေးစားလာမိလေတော့သည်။ အစကနဦးကမူ ကိုလတ်သည် ဂီတပညာကို သာမန်အားဖြင့် စိတ်ပါဝင်စားဝါသနာထုံသူတစ်ဦးဟုသာ ထင်မှတ်မိခဲ့သော်လည်း ယခုမူ ကိုလတ်သည် ဂီတလောကကို ဝေဖန်နိုင်သောသဘောတရားများကို ဆွေးနွေးတင်ပြနိုင်ခဲ့သူတစ်ဦး ဖြစ်နေသောကြောင့် ကိုလတ်အပေါ်တွင် ယခင်ကထက်ပင် ပိုမိုလေးစားကြည်ညိုလာခဲ့ရလေသည်။

"ကိုလတ် တီးဝိုင်းတွေဘာတွေနဲ့ အသံကောလွှင့်ဖူးသေးသလား"

"ကျွန်တော်နဲ့ ယုံကြည်ချက်ချင်းတူတဲ့ အဖွဲ့နှစ်ဖွဲ့သုံးဖွဲ့နဲ့တော့ အသံလွှင့်ဖူးပါတယ်။ ဒါပေမဲ့ စွဲစွဲမြဲမြဲတော့ မဟုတ်လှပါဘူး"

"ဒီလိုဧည့်ခံပွဲတွေ ဘာတွေမှာရော လိုက်ပြီး ကူညီဖူးသေးသလား"

"ဧည့်ခံပွဲတွေမှာလည်း တစ်ခါမှ မည်မည်ရရ ကူညီခဲ့ရတယ်လို့ မရှိခဲ့ပါဘူး။ ဒီနေ့တောင် ကိုသန်းဌေး အတင်းခေါ်လာတာနဲ့ ဘာမှန်းမသိ ညာမှန်းမသိ လိုက်လာခဲ့ရတာ"

ထိုအခိုက်တွင် တက္ကသိုလ်ချိုတေးဝေတူရိယာအဖွဲ့မှ သီချင်းဆိုသံနှင့် စန္ဒရားသံများ ရပ်ဆိုင်းသွားပြီး စကားပြောမိုက်ကရိုဖုန်းမှ ကိုလတ်

mgyoe.com

mgyoe.com


နှင့် မိတို့၏ နာမည်များကိုထည့်သွင်းပြောဆိုသံများ ကြားလိုက်ရသလိုလို ရှိသဖြင့် စန္ဒရားဝိုင်းရှိရာ ထင်းရှူးပင်အောက်ဆီသို့ သူတို့နှစ်ဦးစလုံး လှမ်းကြည့်လိုက်ရာ မိုက်ကရိုဖုန်းစကားပြောခွက်ကိုကိုင်၍ မွေးနေ့ပွဲလာ ပရိသတ်များ ကြားသိနိုင်အောင် အစီအစဉ်များပြောကြားနေသည့် ကိုသန်းဌေးကို လှမ်း၍မြင်လိုက်ကြရလေသည်။

❐

mgyoe.com

mgyoe.com

# ( ၅ )

ကိုသန်းငွေး၏အသံသည် ပထမတွင်မူ စကားပြောသံများ မငြိမ်သက်သေးသော ပရိသတ်များ၏အသံတို့ကြောင့် မပီမသ ရောထွေးနေသော်လည်း တဖြည်းဖြည်း ပြတ်သားကြည်လင်စပြုလာလေသည်။

"မွေးနေ့ပွဲလာ ဧည့်ပရိသတ်များခင်ဗျား တက္ကသိုလ်ချိုတေးဝေတူရိယာအဖွဲ့က တေးဂီတများနှင့် ဖျော်ဖြေပြီးခေတ္တ ရပ်နားနေတဲ့အချိန်မှာ အထူးအစီအစဉ်တစ်ခု တင်ဆက်စရာရှိပါတယ်။ ဒီအစီအစဉ်ကတော့ တခြားမဟုတ်ပါဘူး။ တက္ကသိုလ်ဂီတပြိုင်ပွဲမှာ စန္ဒရားနဲ့ တယောတံခွန်စိုက်ဆုများကို ဆွတ်ခူးထားတဲ့စန္ဒရားနဲ့ တယောချန်ပီယံ ကိုလတ်က ဒီမွေးနေ့ပွဲကို ဂုဏ်ပြုတဲ့အနေနဲ့ သူ့လက်သံများကို အစွမ်းပြပါလိမ့်မယ်"

မိုက်ကရိုဖုန်း စကားပြောခွက်ထဲမှ ကိုသန်းငွေး၏အသံသည် ပရိသတ်ထဲတွင် ပျံ့လွင့်သွားပြီး တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ အသိုင်းအဝိုင်းမှ လက်ခုပ်သံသြဘာသံများ ဆူညံ၍သွားလေတော့သည်။

မိသည် ကိုလတ်ကို အားပေးသည့်သဘောဖြင့် ပြုံး၍ကြည့်လိုက်စဉ်မှာပင် မိုက်ကရိုဖုန်းထဲမှ ကိုသန်းငွေး၏အသံများသည် အဆက်မပြတ် ထွက်ပေါ်လာပြန်လေသည်။

"ကိုလတ်နဲ့အတူတွဲဖက်ပြီး စန္ဒရားနဲ့ဖြေဖျော်မှာကတော့ တက္ကသိုလ်ကျောင်းသူတစ်ဦးဖြစ်တဲ့ မိပဲ ဖြစ်ပါတယ်"

mgyoe.com

mgyoe.com


လက်ခုပ်သြဘာသံများသည် ထပ်ဆင့်၍ ဆူညံသွားပြန်လေတော့သည်။ ကိုလတ်နှင့်မိတို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ပြုံးကာ မိမိအေးနှင့် ကိုသန်းဌေးတို့နှစ်ဦး အကွက်ဆင်ကာလုပ်ဇာတ်ခင်းကြသည်ကို သိလိုက်ကြပြီး ဖြစ်လေသည်။

"မိက သီချင်းသုံးလေးပုဒ်လောက်တတ်ရုံနဲ့ ပွဲမတိုးရဲပါဘူး။ ပြီးတော့ ကိုလတ်နဲ့တွဲရမယ်ဆိုတော့ သာတောင်မှ မရသေးတယ်"

တကယ်ပင် ပွဲမတိုးခဲ့ဖူးသဖြင့် ပရိသတ်အလယ်တွင် စန္ဒရားတီးပြရမည်မှာ မိအတွက် အလွန်စွန့်စားရသော အလုပ်မျိုးဖြစ်လေသည်။ ပရိသတ်အဟန့်ကို လန့်နေသည့်စိတ်ကြောင့်ပင် မိအသံများမှာ မသိမသာ တုန်ရီလျက်ရှိလေသည်။

"အဲဒီလိုတော့လည်း မဟုတ်သေးဘူး မိ၊ ကျွန်တော့်ကိုလည်း မိ သိပ်အထင်မကြီးပါနဲ့။ ကျွန်တော်လည်း တယောနဲ့လက်နဲ့ ပြတ်နေတာ အတော်ကြာပါပြီ။ ပရိသတ်ကို ကြောက်တဲ့စိတ်ဟာ မိလက်ကို တုံ့သွားစေလိမ့်မယ်။ ဒီတော့ ဒီလိုလုပ်လေ၊ မိက စန္ဒရားကို အိမ်မှာတီးနေကျ အတိုင်းသာ တီးပါ၊ စိတ်ကိုလည်း လွတ်လွတ်လပ်လပ်ထားပေါ့၊ မိ စန္ဒရားလက်ကျကိုစောင့်ပြီး ကျွန်တော်တယောနဲ့ မှေးလိုက်ပေးမယ်၊ စည်းအဝင်စည်းအထွက်ကိုတော့ တကယ်လို့ မိနှေးနေရင် ကျွန်တော် ထိန်းခေါ်သွားမယ်လေ"

ကိုလတ်အားပေးတော့မှပင် မိတစ်ယောက်မှာ နေသာထိုင်သာ ရှိသွားလေတော့သည်။

"ဖြစ်ပါ့မလား ကိုလတ်ရယ်၊ တော်ကြာ လူလယ်ကောင်မှာ အရှက်ကွဲနေပါ့မယ်"

နဖူးမှ ဇောချွေးကလေးများ ပြန်စပြုကာ မိသည် စန္ဒရားဝိုင်းဘက်သို့ မျက်လုံးကစား၍ တစ်ချက်ကြည့်လိုက်ပြီး စိုးရွံ့နေသည့်ဟန်ဖြင့်

mgyoe.com

mgyoe.com


ကိုလတ်ကို တီးတိုးနှစ်ကိုယ်ကြား ကြားနိုင်ရုံ အားငယ်စွာပြောနေပြန်လေသည်။

ထိုအခိုက်တွင် မိုက်ကရိုဖုန်းမှ ကိုသန်းဌေး၏အသံသည် ထပ်ဆင့်ထွက်ပေါ်လာလေသည်။

"ကျေးဇူးပြုပြီး တယောနဲ့ဖြေဖျော်မယ့် ကိုလတ်နဲ့စန္ဒရားနဲ့ဖြေဖျော်မယ့် မိတို့နှစ်ဦး တီးဝိုင်းဘက်ကို ကြွခဲ့ကြပါ"

ကိုလတ်နှင့်မိတို့သည် မိုက်ကရိုဖုန်းမှ ကိုသန်းဌေး၏ဆင့်ခေါ်သံဆုံးသွားသည်နှင့်တစ်ပြိုင်နက် နေရာအသီးသီးမှထလိုက်မိကြကာ တီးဝိုင်းရှိရာသို့ မည်သူကဦးဆောင်၍ သွားရမှန်းမသိကြဘဲ တစ်ယောက်ကိုတစ်ယောက် ငံ့ညှာ၍ဆုတ်ဆိုင်းဆိုင်း ဖြစ်နေကြလေသည်။

"ကိုလတ်ရှေ့က သွားပါ၊ မိတော့ ရင်တွေခုန်နေတာပဲ။ ပရိသတ်ရှေ့မှာ လမ်းလျှောက်ရမှာကို ကြောက်နေတယ်"

"မဟုတ်ဘူး မိ၊ ကျွန်တော်က မိကို ဦးစားပေးရမယ်။ ဘာမှလည်း ကြောက်နေစရာ မလိုပါဘူး။ မိသာ ရှေ့ကသွားပါ။ အခုအချိန်ကစပြီးတော့ မိစိတ်ကို အေးအေးသာ ထားပေတော့"

မတတ်သာတော့သည့်အဆုံး၊ စိတ်ကို တတ်နိုင်သမျှတင်း၍ ကိုလတ်ရှေ့မှ ဂီတတီးဝိုင်းဆီသို့ ခြေလှမ်းမှန်အောင် မနည်းကြိုးစား၍ သွားရလေသည်။ ကိုလတ်မှာလည်း မိနှင့်ထက်ကြပ်မကွာလိုက်ပါသွားကာ သူတို့နှစ်ဦးသည် တြိဂံပုံသဏ္ဍာန် ညှိထွန်းထားသည့်အလယ်ဗဟိုရှိ ထင်းရှူးပင်ကြီးအောင်သို့ ရောက်သွားကြလေသည်။

"လာ မိ၊ မင်းကို အနိုင်ယူတယ်လို့တော့ မထင်ပါနဲ့ကွာ။ ကိုယ့်မွေးနေ့မှာ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်အနေနဲ့ ပွဲထုတ်တာပါ"

မိမိအေးသည် လက်ဆန့်တန်း၍ ဆီးကြိုရင်း စန္ဒရားဆီသို့ နေရာညွှန်ပြလိုက်သဖြင့် မိသည် စန္ဒရားတီးရမည့်နေရာတွင် ဝင်၍ ထိုင်လိုက်

mgyoe.com

mgyoe.com


ရလေသည်။

မွေးနေ့ပွဲလာ ပရိသတ်များမှာ မိနှင့် ကိုလတ်တို့နှစ်ဦးဆီသို့သာ အာရုံစူးစိုက်လျက် ရှိကြလေသည်။

"ကိုင်း ကိုလတ်ရေ ဟောဒီဝိုင်းတော်သားတွေကတော့ ခင်ဗျားကို မြမြမောင်းမောင်းပတ်ပျိုး တီးပေးပါလို့ ပွဲတောင်းနေတယ်၊ မိလည်း မြမြမောင်းမောင်း ရတယ်မဟုတ်လား"

တယောသေတ္တာကို လှမ်းပေးရင်း ကိုသန်းဌေးက ပြုံးစစမျက်နှာနှင့် ပြောလိုက်ရာ ကိုလတ်က တယောသေတ္တာကိုယူ၍ ဖွင့်လိုက်ကာ သံစဉ်များ စတင်စမ်းညှိနေလေသည်။

"ကိုသန်းဌေးကလည်း မိကို အထင်သေးလိုက်တာ၊ မိက ရွက်ပုန်းသီးမကလေး သိရဲ့လား။ မြမြမောင်းမောင်းလောက်တော့ အိပ်ရင်းနဲ့ တောင်တီးသေးတယ်။ သူက တစ်ယောက်တည်း အိမ်မှာကျိတ်ပြီးတော့ စန္ဒရားတီးရင်း ဂီတဘုရင်မကလေးဘွဲ့ယူဖို့ ကြံနေတာကြာပြီ"

မိမိအေးသည် မိထိုင်နေသော ကုလားထိုင်နောက်မှဝင်၍ ရပ်လိုက်ကာ ရှက်ဟန်နှောနေသောအမူအရာဖြင့် စန္ဒရားခလုတ်များကို မထိတထိ စမ်းနေသောမိကို ရဲတင်းသွက်လက်လာအောင် အားပေးစကား ပြောလိုက်လေသည်။

"တော်ပါတော့ မကြီးစာရယ်၊ ကိုယ်တော့ ဒီလောက်လည်း မညံ့သေးပါဘူး။ ကိုသန်းဌေးနဲ့ သူနဲ့ပေါင်းပြီး ချောက်တွန်းကာ အသိနောက်ကျလို့ နို့မဟုတ်ရင် ကိုယ်စောစောတည်းက ပြန်တာပေါ့"

မိသည် ထိုသို့ပြောရင်းက စန္ဒရားသံမှန်နှင့် ခြောက်ပေါက်ခွဲ ပုလဲကွန့်တီးလုံးများကို သွက်လက်ပေါ့ပါးစွာ ဘယ်သံညာသံကူး၍ တီးလျက်ရှိလေသည်။ ကိုလတ်မှာလည်း မိစန္ဒရားသံကို စောင့်ကြို့ရင်း အတောကွက်များကို အစိပ်အကျဲတီးလုံးများတွဲ၍ သံစဉ်အမိဖမ်းနေလေသည်။

mgyoe.com

mgyoe.com


ကိုလတ်၏တယောသံနှင့် မိ၏စန္ဒရားသံတို့မှာ ရောယှက်ပေါင်းထွေး လာစပြုပြီး အသံစုံသည်နှင့် တစ်ပြိုင်နက်ပင် ကိုလတ်သည် မိကိုခေါင်းငဲ့၍ အချက်ပြလိုက်ပြီး မြမြမောင်းမောင်းပတ်ပျိုးတီးကွက်ကို သူ့တယောသံနှင့် စတင်၍ ဝင်လိုက်လေသည်။

"မြမြမောင်းမောင်း ပြာညိုရွှေ... တိမ်ခြေငွေနှင်းပေါင်း ဝေအစည်စည်... လေပြည်လေညင်း... လုံနိုင်အောင်သာ၊ လောင်းပြန်တော့သာလေလေ့... ပြောင်းရိုက်ကယ် ဆော်ကာသာ..."

ညက်ညောသော တယောသံနှင့် ကိုလတ်၏ပိုင်နိုင်သောအဆိုသည် ပရိသတ်များကို ငြိမ်သက်သွားစေလေသည်။ မိကိုယ်တိုင်ပင် စန္ဒရားတီးရင်းက ကိုလတ်၏တယောသံနှင့် ဆိုတီးတီးလိုက်သော တေးသွား၏ အဆွဲအငင်အလူးအလှိမ့်တို့ကို နားထောင်ရင်း ရင်တွင်း၌ တလှိုက်လှိုက် ခံစားလာရလေသည်။ လောင်းပြန်တော့ သာလေလေ့အပိုဒ်တွင် အောက်ပြန်သံဝေ့ ကြားရသူတိုင်း တမြည့်မြည့်ခံစားရလေအောင် ဆွဲဆောင်မှုအပြည့်ပါသော ကိုလတ်၏အဆိုမှာ သူ၏ဂီတပညာ ဝါရင့်မှုကို ဖော်ပြလျက်ရှိလေသည်။

အတောပိုဒ်သို့ရောက်သောအခါ မိ၏လက်သံတို့မှာလည်း အခါတိုင်းထက်ပင် သွက်လက်စေ့စပ်လျက်ရှိလေသည်။ အတောပိုဒ်ကို တီးရင်းကပင် ကိုလတ်ထံသို့ မျက်နှာတစ်ခြမ်းစောင်းလှည့်၍ မသိမသာ ကြည့်လိုက်ရာ တယောဘိုးတံကို တမျှဉ်းမျှဉ်းဆွဲရင်း အတောကွက်အဆုံးကို စောင့်နေသည့် ကိုလတ်နှင့် မျက်လုံးချင်းဆိုင်သွားကြလေသည်။ ဂီတစိတ်ဝင်စားနေစဉ်တွင် ပထမဆုံးအကြိမ် မျက်လုံးချင်းဆုံကြခြင်း ဖြစ်သဖြင့် သူတို့နှစ်ဦး၏နှလုံးသားများသည် တစ်ဦးကိုတစ်ဦး ဂီတနှောင်ကြိုးဖြင့် ဖွဲ့ငင်ရစ်ပတ်နေကြသလားဟုပင် ထင်ရလေတော့သည်။

"အုံးရွှေ... အုံးရွှေသဥ္ဇာ၊ ယွန်း မော်ကြာယံလယ်... ညို့ညို့

mgyoe.com

mgyoe.com


ငယ်ငယ်... သေများသေချင်ဖွယ်၊ ဘုန်းကြွယ်ကြွယ်ဖန်ဖယ်အား... ဝေယံလယ်စမွယ်... မြနှယ်လေ... ရတာစေနေလွန်းအား၊ ပူသူများ ပူရော့ မယ်လေလေ့... မေ့ရက်ကယ်နေနိုင်တယ်..."

တယောသံနှင့် စန္ဒရားသံတို့သည် အကန့်အသတ်အပိုင်းအခြား မရှိအောင် တမျှဉ်းမျှဉ်း တလွန့်လွန့် လွင့်ပျံ့လျက်ရှိလေသည်။

ပထမအပိုဒ်နှင့် ဒုတိယအပိုဒ်တွင် ကိုလတ်၏တယောကသာရှေ့ဆောင်၍ ထိပ်စည်းအကိုက် ဝင်လေ့ရှိသော်လည်း တတိယအပိုဒ်တွင်မူ လက်တွေ့စပြုလာသောမိသည် ကိုလတ်၏တယောသံကိုပင် မစောင့်နိုင်တော့ဘဲ အတောပိုဒ်နှင့် တစ်ဆက်တည်း စန္ဒရားသံကို စည်းအသော့ဖြင့် ဝင်လိုက်မိလေသည်။

"သဇင်... စကား... ချရား... စံပယ်၊ စမ္ပီ... စမ္ပီ... ရွှေသွယ်၊ ပျံ့လယ်ဝတ်မှုန်မွေး၊ လေပြည်တသွေးသွေး... စုံမြိုင်ကျေးက ပန်းသာ ထွေ..."

မိထိပ်စည်းအဝင်ဦးသွားသည်ကိုသိလိုက်သော ကိုလတ်ကလည်း စည်းတစ်ပိုဒ်ကျော့ခိုးကာ တယောသံမှေး၍တီးကွက်မိအောင် ဝင်ဆိုလိုက်ရှာမိသည်၊ တောင်းပန်သည့်သဘောဖြင့် ကိုလတ်ကိုဦးခေါင်းတစ်ချက်ဆတ်၍ ညိတ်ပြလိုက်ပြီး စန္ဒရားခလုတ်များကို သွက်လက်ကျင်လည်စွာ ဆက်လက်၍ တီးပြန်လေသည်။

"ဆောင်ယွန်းယံဖွေ... လေဝန်းရစ်ခါခွေ... ရွက်ဝါကြွေနွေမှူးမှူး မိန်ရာသီခါမီ... လသာခေါင်၊ မြလွှာမှောင်... တောင်ခိုးမြူ၊ ရွှေဖီဖူး ပေါ်ရော့မယ်လေလေ့ မေ့ရက်ကယ်နေနိုင်တယ်"

တယောသံက နွဲ့လွန်းသွဲ့လွန်းသလို၊ စန္ဒရားသံကလည်း အဆိုနှင့်မြင်းတစ်ပြေးတည်းထပ်၍ သံစဉ်တစ်ခုနှင့်တစ်ခု ဖွဲ့ပတ်ရစ်နှောင်ကာ လေဝန်းရစ်ခါခွေနှင့် ရွက်ဝါကြွေနွေမှူးမှူးအပိုဒ် အကူးအဆက်တွင် အသံ

mgyoe.com

mgyoe.com


သွက်ရာမှနှေးသွားပြီး တစ်ဖန်ပြန်၍ သွက်လာပုံတို့မှာ အတွဲအတက်ဦး လှလွန်းလေသည်။

နွေဦးအစ သမယတွင် လေပွေဆော်ဦး လေရူးတိုက်ခက်သဖြင့် ရွှင်ကျင်ရော်ဝါတို့ ကြွေကျပုံကို မြလွှာမှောင်ယှက်ဆိုင်းသည့် တောင်ခိုး တောင်ငွေ့တို့အကြားတွင် ထင်ယောင်မြင်ရေးရှိလာစေပြီး ရွှေသရဖီဖူး တို့၏ သင်းရနံ့များကို ဖွဲ့ကျူးထားသောကြောင့် မိရင်ထဲတွင် ထိုခံစား ချက်တို့ကူးစက်လာသည်ဟု ထင်ရလေသည်။

ကိုလတ်မှာလည်း ထိုအပိုဒ်ကို ဆိုတီးတီးနေရင်းက အာတွေ့လာ သဖြင့် ထပ်ကျော့ပြန်၍ ကောက်ပြန်လေသည်။

"ဆောင်ယွန်းယံဖွေ... လေဝန်းရစ်ခါခွေ... ရွက်ဝါကြွေနွေမူးမူး၊ မိန်ရာသီခါမီ... လသာခေါင်... မြလွှာမှောင် တောင်ခိုးမြူး... ရွှေဖီးဖူး ပေါ်ရော့မယ်လေလေ့... မေ့ရက်ကယ်နေနိုင်တယ်.. ညှိုးငယ်ခွေယိမ်းနွမ်း ပူပုံပန်း ရွှေပင်လယ်... အိုကြာနှယ်... ကွာရေဝေးမြင်လာပါပဲဆွေး..."

ကိုလတ်သည် အဆုံးပိုဒ်သို့ရောက်သောအခါ အသံကိုဖြေ၍ ချ လိုက်ပြီး တယောဘိုးတံကိုဖွ၍ မျှဉ်းနိုင်သမျှမျှဉ်း၍ဆွဲကာ မိ၏စန္ဒရားသံ ဆုံးသွားတော့မှပင် တယောသံကို တဖြည်းဖြည်းရပ်ပစ်လိုက်လေသည်။

"နောက်တစ်ပုဒ်လုပ်ပါဦး... ဝန်(စ်) မိုး တစ်ပုဒ်ထပ်လုပ်ပါဦး"

လက်ခုပ်သြဘာသံများနှင့်အတူ နောက်ထပ်သီချင်းတစ်ပုဒ်တီးရန် တောင်းဆိုသံများဆူညံသွားလေသည်။

"ကောင်းတယ်ဗျို့ ကိုလတ် ခင်ဗျားကို ကျွန်တော်အရင်က လုံးဝ အထင်မကြီးခဲ့ဘူး၊ ဒီတစ်ခါတော့ တကယ့်ကိုအထင်ကြီးသွားပြီ၊ လက်စ သတ်တော့ မိကလည်း ဘယ်ခေလို့တုံး၊ ပညာတွေဝှက်ထားတာကိုး၊ ကြောင်လက်သည်းတွေကို ပွဲထုတ်ရကျိုးတော့နပ်သွားပြီ"

ကိုသန်းငွေသည် ကိုလတ်၏လက်တစ်ဖက်ကို အတင်းလှမ်းဆွဲ

mgyoe.com

mgyoe.com



ပြီး ချီးကျူးခန်းဖွင့်လေတော့သည်။ မိကမူ ခေါင်းကိုသာ တွင်တွင်ငုံ့ထား ပြီး ဆူညံလှသောလက်ခုပ် ဩဘာသံတို့၏ဂယက်လှိုင်းတွင် ရင်ခုန်နေမှု ကို ကြိုးစား၍ ငြိမ်သက်အောင် ထိန်းနေရလေသည်။

"ကျွန်တော့်ကိုချည်း သိပ်ချီးကျူးမနေပါနဲ့ဗျာ... မိကိုလည်း ချီးကျူးပါဦး၊ ကျွန်တော်ထင်တာထက်တောင် မိကလည်း စန္ဒရားတီး ကွက်တွေ ပိုကောင်းနေပါသေးတယ်"

"မိကို သိပ်ပြီး မြှောက်မပေးစေချင်ဘူး ကိုလတ်၊ မိရဲ့တီးကွက် တွေဟာ တကယ်တော့ ပညာနုပါသေးတယ်၊ ကိုလတ်နဲ့ဆိုရင် မိုးနဲ့မြေ လောက်ကွာခြားပါသေးတယ်၊ ချီးကျူးစရာရှိရင် ကိုလတ်ကိုသာ မိ ချီးကျူးရမှာပါ"

တစ်ယောက်နှင့်တစ်ယောက် မျက်နှာကိုလက်ညှိုးငေါက်ငေါက် ထိုး၍ ရန်တွေ့အချင်းပွားခဲ့ကြသော ကိုလတ်နှင့်မိတို့သည် ယခုအခါတွင် မူ တစ်ယောက်နှင့်တစ်ယောက် ချီးကျူးစကားပြောရန်ကိုပင် လုနေကြ ရသည့်အချေသို့ ဆိုက်ခဲ့လေသည်။

"ကဲ... နောက်များမှ ချီးကျူးခန်း ဖွင့်ကြပေတော့... ပရိသတ်က ပွဲတောင်းနေကြပြီ... နောက်ထပ်တစ်ပုဒ်တော့ လုပ်ကြပါဦး၊ ပရိသတ် ဆန္ဒကို မလိုက်လျောရင်တော့ ခဲမိုးရွာလိမ့်မယ်နော်"

မိမိအေးကဝင်၍နှောက်လိုက်ပြန်သဖြင့် မိသည် စန္ဒရားခလုတ်များ ကိုသာ ဆက်လက်စမ်းနေရရှာလေသည်။

"မိ... ဆဒ္ဒန်အိုင်သာ... ရတယ်မဟုတ်လား"

"ရတော့ရတယ် ကိုလတ်... မတီးတာကြာတော့ အလိုက်တွေမေ့ ချင်သလိုလိုပဲ၊ စမ်းပြီးတီးကြည့်ရင်တော့ ရပါလိမ့်မယ်ထင်တယ်"

"ဆဒ္ဒန်အိုင်သာက မြမြမောင်းမောင်းလောက် မခက်ပါဘူး၊ မိမေ့တဲ့နေရာကို ကျွန်တော်က တယောနဲ့ အသံထောက်ပေးမယ်လေ"

mgyoe.com

mgyoe.com


"ဒီလိုဆိုရင်လည်း ကိုလတ်ကို အားကိုးနဲ့ မိ တီးရမှာပဲ၊ အတော ကွက်ကူးရင် ကိုလတ်က ထိပ်စည်းပြပေါ့ ဟုတ်လား၊ မိ တတ်နိုင် သလောက်တော့ ကြိုးစားကြည့်မယ်လေ"

မိသည် အခါတိုင်းနှင့်မတူအောင် ငုံ့နေသောသူ့လက်စွမ်းများကို မြမြမောင်းမောင်း သီချင်းတီးရင်း ပြန်လည်လက်တွေ့လာသဖြင့် သူ့ကိုယ် သူပင် အံ့သြနေမိလေသည်။ ကိုလတ်ကမူ တယောဘိုးတံကို ထင်းရှူးဆီ ဖြင့် ပွတ်ခါဆွဲရင်း တစ်ဖက်မှလည်း မိကိုအားပေးနေလေသည်။

"ကဲ... စကြရအောင်လားမိ"

"ကိုလတ်အဆင်သင့်ဖြစ်ရင် စနိုင်ပြီလေ"

စန္ဒရားနှင့်တယောသံတို့သည် လေယံဝယ် လွင့်ပျံ့စပြုလာပြန် လေသည်။ ကိုသန်းဋ္ဌေးနှင့်မိမိအေးတို့မှာမူ သူတို့ဆင်ထားသော ထောင် ချောက်အတွင်းသို့ တည့်တည့်မတ်မတ်ကြီး တိုးဝင်လာလျက်ရှိနေကြ သော ကိုလတ်နှင့်မိတို့နှစ်ဦးကိုကြည့်၍ သဘောအကျကြီး ကျနေကြ လေသည်။

"ဒီတစ်ခါ မိဆိုတီး တီးရင်ကောင်းမယ်ထင်တယ်"

"အို... မဖြစ်ဘူးထင်တယ် ကိုလတ် မိ မရဲဘူး"

"အဲဒါ မိ သက်သက်ကြောက်စိတ်ဝင်နေတာ၊ သီချင်းသား စာကိုယ် ရတယ်မဟုတ်လား"

"သီချင်းသားတော့ ရပါတယ်... တီးကွက်ကြောင်နေမှာစိုးလို့ပါ"

"သီချင်းသားရရင် တီးကွက်အလိုလို လိုက်လာမှာပေါ့၊ မိ မဆိုရင် ကျွန်တော်လည်း တယောမထိုးတော့ဘူး"

ကိုလတ်သည် တယောဘိုးတံကို တယောကြိုးများမှ သိမ်းယူလိုက် ပြီး မိ စိတ်ကို စမ်းကြည့်လိုက်လေသည်။ မိ တီးကွက်ကိုသာ ကြားရပြီး မိ အသံကို မကြားဖူးသေးသဖြင့် မိ သီချင်းမဆိုဆိုအောင် စကားစပေး

mgyoe.com

mgyoe.com


လိုက်ခြင်းဖြစ်လေသည်။

"ခက်တော့တာပဲ... မိတော့ လူလယ်ကောင်မှာ အရှက်ကွဲပါလိမ့်မယ်"

"မိသက်သက် စိတ်အားငယ်နေတာ... စောစောကလည်း ဒီလိုနဲ့ပဲ မိ မြမြမောင်းမောင်း တစ်ပုဒ်လုံးဆုံးအောင် တီးပြီးခဲ့ပြီမဟုတ်လား၊ ကဲ... သိပ်စကားရှည်မနေနဲ့တော့ မိ၊ ကျွန်တော် တယောနဲ့စ ဝင်တော့မယ်"

မိ တစ်ယောက်မည်သို့မျှ ပြန်လည်ပြောပြချိန် မရလိုက်စဉ်တွင်ပင် ကိုလတ်သည် ဆဒ္ဒန်အိုင်သာတီးကွက်ကို တယောသံမျှဉ်း၍ စတင်လေတော့သည်။ နောက်ဆုံး၌ မိမှာ မနေသာတော့ဘဲ ဆဒ္ဒန်အိုင်သာသီချင်းကို ဆိုတီးတီးရလေတော့သည်။

"ဆဒ္ဒန်အိုင်သာ... ရွှေကြာညီးလို့လင်း... သောက်တင်းလေ... သောက်တင်းလေ... သောက်တင်းလေ... ငှက်တော်။ တီတီတွတ်ကယ်နှင့်သာ... ချည်ခင်စွပ်ကယ်က၊ ဖော်ပြပြဟစ်ကြွေးကာ၊ မြစ်တွေးမှာ... ချစ်ရေးငယ်သာ..."

အထစ်အငေါ့မရှိဘဲ ကိုလတ်ရှေ့ဆောင်သွားသော တယောသံနှင့်အတူ မိသည် စန္ဒရားကိုလည်းထိန်း၍တီးရင်း အဆိုကို ညှို့ဋ္ဌာန်ပိုင်စွာ ကြိုးစား၍ ဆိုနိုင်သွားသဖြင့် မသိမသာ သက်ပြင်းချရင်း အားတက်လာမိလေတော့သည်။

အားတက်လာပြန်ပြီဆိုတော့လည်း မိသည် စောစောကထက်ပင် စည်းဝင်စည်းထွက်ရဲ၍ အဆိုပိုင်လာကာ တယောသံ၏ အနှေးအသော့ကိုစောင့်ရင်း နောက်ဆုံး၌ ဆဒ္ဒန်အိုင်သာ သီချင်းတစ်ပုဒ်လုံး ချောချောမွေ့မွေ့ပင် ကြောင်ကွက်တစ်ကွက်မှမရှိဘဲ ပြီးဆုံးသွားလေသည်။

မိအဖို့ ထိုနေ့ညသည် အအောင်မြင်ဆုံးနှင့် လက်စွမ်းအပြနိုင်ဆုံးသော ညတစ်ညဖြစ်ခဲ့ရလေသည်။ တစ်ကြိမ်တစ်ခါဖူးမျှ ပွဲမတိုးဖူးခဲ့

mgyoe.com

mgyoe.com


ပါဘဲလျက် ဤမြူများပြားလှသော မွေးနေ့ပွဲလာ ပရိသတ်တို့ရှေ့တွင် လက်စွမ်းပြနိုင်ခဲ့သည်ကို မိ ကိုယ်တိုင်ပင် မိ မယုံကြည်နိုင်အောင်ဖြစ်ခဲ့ ရလေသည်။

အိမ်တွင်းပုန်း၍ တစ်ကိုယ်တော်သာ စန္ဒရားတစ်လုံးဖြင့် ပျော်မွေ့ ခဲ့ရသော မိသည် သူဤမြူပွဲတိုး၍ အောင်မြင်မှုရရှိခဲ့ခြင်းမှာ သူ့ကို အား ပေးမှု အပြည့်အဝဖြင့် ရှေ့ဆောင်ခေါ်ငင်သွားနိုင်သော ကိုလတ်ကြောင့် ဟု တွေးမိသည့်အခါတိုင်း ကိုလတ်ကို ကျေးဇူးတင်၍ မဆုံးနိုင်အောင် ဖြစ်ခဲ့ရုံသာမက ကိုလတ်ကို ယခင်ကထက်ပင် ပိုမို၍လေးစားမြတ်နိုး လာမိခဲ့လေသည်။

မွေးနေ့ ညည့်ခံပွဲပြီးဆုံးသွားသောအခါ ရင်းနှီးခင်မင်သော အပေါင်း အသင်းတစ်စုနှင့် ကိုလတ်တို့အုပ်စုသာလျှင် ကျန်ရစ်ခဲ့ကြတော့လေသည်။

"ကဲ... ကိုယ်ပင့်လာတဲ့ ပဋ္ဌသီခနတ်သားကို ပြန်ပို့ရလိမ့်ဦးမယ်၊ မိကိုတော့ အေးပဲ ပြန်ပို့ဖို့ တာဝန်ယူပေတော့"

"ကိုသန်းဌေး ကိုလတ်ကိုသာ ပြန်ပို့ပေးပါလေ... ချို့မော်တို့ကို ပို့ရင်း အေးပဲ မိကို လိုက်ပို့ပေးလိုက်တော့မယ်"

လူစုခွဲခါနီးဖြစ်သဖြင့် ကိုသန်းဌေးနှင့် မိမိအေးတို့သည် အပြန်ခရီး စဉ်ကို အစီအစဉ်ဆွဲနေကြလေသည်။ မိရင်ထဲတွင် ခါတိုင်းညများနှင့် မတူ အောင် လန်းဆန်းပေါ့ပါးနေသည်ဟု ထင်ရကာ ကိုလတ်၏ တယောသံ တို့ကို ယခုထက်တိုင်ပင် နားထဲတွင်စွဲ၍ ကျန်ရစ်ခဲ့သေးလေသည်။ ကိုသန်းဌေးနှင့် မိမိအေးတို့၏အစီအစဉ်များကိုပင် သတိမထားမိဘဲ ကိုလတ်ရှိရာသို့ လှမ်းကြည့်မိရာ ကိုလတ်နှင့် မျက်လုံးချင်း ဆုံမိကြလေ သည်။

"ဆဒ္ဒန်အိုင်သာတီးကွက်မှာ မိပိုပြီး တီးကွက်စေ့တယ်လို့ ကျွန်တော် ထင်တယ်၊ မိဟာ တော်တော်နှိမ့်ချတတ်တာပဲ၊ မိလက်သံတွေဟာ အများ

mgyoe.com

mgyoe.com


ကြီး အလားအလာရှိပါတယ်၊ အခွင့်သင့်တဲ့ တစ်နေ့မှာတော့ မိနဲ့ဆုံကြဦးမှာပါပဲ"

"မိဟာ ပညာခံနည်းပါသေးတယ်၊ ကိုလတ်ဆီက မိ ပညာယူစရာတွေ အများကြီးရှိပါလိမ့်ဦးမယ်... ကိုသန်းဌေးနဲ့ မိတို့အိမ်ကို အလည်လာဖို့လည်း မိကပဲ စပြီးဖိတ်ခေါ်ပါရစေ"

မိသည် ကိုလတ်ကို ဘယ်လိုကဘယ်လို ဖိတ်ခေါ်လိုက်မိမှန်းပင်မသိတော့ချေ။ ဖိတ်ခေါ်ပြီးကာမှ ဣန္ဒြေမဲ့လွန်းရာ ရောက်နေမည်လားဟု တွေးမိကာ မျက်လွှာကို သာသာချထားလိုက်ရလေသည်။

"မဖိတ်ဘဲနဲ့ လာမယ့်လူကို ဦးရှင်ကြီး ပင့်သလိုပင့်မနေနဲ့၊ မိနောက်အပတ်ထဲမှာ ငှက်ပျောပွဲ၊ အုန်းပွဲမပါဘဲ မိအိမ်ကို အရောက်ပင့်လာခဲ့မယ် စိတ်သာချ၊ တော်ကြာလာလွန်းအားကြီးလို့ မိတို့အိမ်ရှေ့က လမ်းမကြီးဟာ ဖွက်တောင်ပေါက်ကုန်လိမ့်မယ်၊ လမ်းကြိတ်စက်တစ်လုံးတော့ ဝယ်ထားဖို့သာ ပြင်ပေတော့"

မိက ပြုံး၍သာ နားထောင်နေရလေသည်။ ကိုလတ်ကမူ တယောသေတ္တာကို လက်တစ်ဖက်ဖြင့်ဆွဲရင်း မိကို ပြုံး၍ကြည့်ကာ နောက်ဆုံးနှုတ်ဆက်လိုက်လေသည်။

ကိုလတ်နှင့် ကိုသန်းဌေးတို့နှစ်ဦး မိမိအေးတို့အိမ်မှ ပြန်လာခဲ့သောအခါတွင် ည ကိုး နာရီပင် ခွဲလုလေပြီ။ ကားအမောင်းကြမ်းလွန်းသော ကိုသန်းဌေးသည် ဝင်္ကဘာလမ်းမှ ကြည့်မြင်တိုင်လမ်းဘက်သို့ အရှိန်ပြင်းစွာ စက်ကုန်ဖွင့်၍ မောင်းနှင်လာခဲ့လေသည်။

"ငါ့လူစွဲပြီ... ငါ့လူစွဲပြီ"

"ဘာစွဲတာလဲဗျ"

"ဟ... မိဆိုတဲ့ အမျိုးသမီးက လူတစ်ယောက်ကို ဘယ်တော့မှ အထင်ကြီးတာ မဟုတ်ဘူး၊ ငါ့လူကို ဒီလောက်ရင်းရင်းနှီးနှီး ဆက်ဆံ

mgyoe.com

mgyoe.com


တာ စွံတဲ့ လက္ခဏာတွေပေါ့ဟ"

"တော်စမ်းပါဗျာ... သက်သက် ခင်ဗျားကြီးချောက်တွန်းတာ မသိဘူးများ မှတ်နေသလား"

"အောင်မာ... ဒီချောက်မျိုးကို ၁၀ ခါလောက်နောက်ကျွမ်းပစ်ပြီး ဆင်းချင်တယ်လို့ ပြောစမ်းပါ"

"တော်ပါတော့ ကိုသန်းဌေးရာ... မိက ရိုးရိုးစေတနာနဲ့ ခင်တာပါ"

"ဒါဖြင့် ချောက်တွန်းတဲ့ ကိုယ့်ကိုကျေးဇူးမတင်ဘူးပေါ့"

ကိုသန်းဌေးသည် လီဗာကို အဆုံးရောက်အောင် နင်းရင်းမေးလိုက်ရာ ကားကလေးသည် စောစောကအရှိန်ထက် အဆပေါင်းများစွာ မြန်၍ လာလေသည်။

"ကျေးဇူးတင်ပါတယ် ကိုယ့်လူကြီးရာ ဖြည်းဖြည်းလည်း မောင်းစမ်းပါ၊ တကယ့်ချောက်ထဲကိုကျသွားလို့ ဂီတသခင်မကလေး မိနဲ့ သေကွဲကွဲနေပါဦးမယ်"

ထိုသို့ ပြောလိုက်ခါမှပင် ကိုသန်းဌေးသည် လမ်းဘေးသို့ကားကလေးကို တမင်သက်သက်ကွေ့၍ မောင်းလိုက်ရာ ကိုလတ်ပင် မျက်လုံးများပြာ၍ သွားရလေသည်။ ကိုသန်းဌေးသည် ကိုလတ်အထိတ်တလန့်ဖြစ်သွားသည်ကို သိရတော့မှပင် ကားကလေးကို ပြန်တည့်လိုက်ပြီး မိမည်မျှ လှပပုံ၊ မာနကြီးပုံ၊ မည်သူ့အပေါ်တွင်မျှ တိမ်းညွှတ်ခြင်းမရှိဘဲ ယနေ့ညတွင်မှ ကိုလတ်အပေါ်တွင် မကြုံဖူးအောင် တိမ်းညွှတ်လာပုံတို့ကို စကားဦးကာ ချဲ့ပါလေတော့သည်။

ကိုလတ်ကမူ ကိုသန်းဌေး၏စကားပြောသံတို့ကို ကားစက်သံနှင့် ရောထွေးကာ မကြားတစ်ချက် ကြားတစ်ချက်ဖြင့် လိုက်ပါလာရင်း မိ၏ စန္ဒရားသံတို့ကိုသာ တသဲ့သဲ့ကြားယောင်နေမိလေသည်။

❐

mgyoe.com

mgyoe.com

# ( ၆ )

"ဩော်... သမီး ခဏခဏ ပြောပြောနေတဲ့ တယောထိုးအင်မတန်ကောင်းတဲ့ ကိုလတ်ဆိုတာ မင်းလား"

ဦးသိုက်ထွန်းသည် ဆေးပြင်းလိပ်ကို တစ်ချက်ချင်းရှိုက်ဖွာကာ၊ ကိုလတ်၏မျက်နှာကို မကြည့်သေးဘဲ လွင့်နေသော ဇာခန်းဆီးအပြာစများကို ငေးကြည့်ရင်းမေးလိုက်လေသည်။

"ဟုတ်ပါတယ်ဦး"

"မောင်သန်းဌေးနှယ်ကွယ်... ဒီလို ဂီတဘက်မှာထူးချွန်တဲ့ ပုဂ္ဂိုလ်မျိုးကို စောစောစီးစီး ဘာကြောင့်များ ခေါ်မလာရတာလဲ"

သူ့ဖခင်၏ပွင့်လင်းမှုကို သိထားပြီးသူ မိကမူ ကိုသန်းဌေးနှင့်မီမီအေးတို့ နှစ်ယောက်နှင့်အတူထိုင်ရင်း ဦးသိုက်ထွန်း၏ စကားကျကိုသာ နားစွင့်လျက် ရှိလေသည်။

"ဦးတို့ကတော့ဟော့... ဂီတပညာကို ငယ်ငယ်ကလေးတည်းက ဝါသနာပါခဲ့တာပဲ၊ ဒါပေမဲ့ ပေါက်ပေါက်မြောက်မြောက်လည်း မဟုတ်တော့ အားပေးတာလောက်နဲ့ အချိန်ကုန်ခဲ့ရတယ်၊ လူတွေက ဂီတပညာသည်တွေကို ဖက်ခွက်စားလို့ နှိမ်ခဲ့ကြတာကို ဦးတို့က လုံးဝသဘောမတူခဲ့ဘူး..."

ဂီတပညာသည်များဘက်မှ ရှေ့နေလိုက်၍ အမွှမ်းတင်ကာ ပြော

mgyoe.com

mgyoe.com


ဆိုနေသော ဦးသိုက်ထွန်းကို ငေးကြည့်ရင်း မိ ဘာကြောင့် ဤမျှ ဂီတ ဝါသနာပါရသည့်အကြောင်းရင်းကို နားလည်သဘောပေါက်လာလေ သည်။

"အမှန်က ဂီတပညာကို မနာလိုဝန်တိုတဲ့လူတွေက တမင်သက်သက်စော်ကားမော်ကား သဘောမျိုးနဲ့ ဖက်ခွက်စားတွေလို့ သိမ်းကျုံးပြီး နာမ်နှိမ်သွားတာ၊ ဦးတို့ကြားဖူးသလောက်တော့... နာရကာရောင်ချက်၊ ရွှေပြာထက်ဦး၊ ရွှေအက္ခရာ၊ မင်္ဂလာရင့်ညောင်း၊ ရွှေဥဒေါင်းတံဆိပ်များ ခတ်နှိပ်ပြီး ဂီတပညာကျော်တွေကို ဒေဝဏ္ဏနွာဘွဲ့များတောင် ပေးသနားခြင်း ခံခဲ့ရတာပဲ၊ နှောင်းလူတွေက ဒါတွေကိုမသိဘဲရမ်းပြီး ဂီတပညာသည်တွေကို ချိုးချိုးဖဲ့ဖဲ့ပြောကြတာ၊ သိပ်ရင်နာစရာကောင်းတာ"

ကိုလတ်သည် တစ်စုံတစ်ရာဝင်၍ မပြောမိဘဲ ဦးသိုက်ထွန်း ပြောသမျှကို ငေးမောနားထောင်၍သာ နေမိလေသည်။

"ဦးတင်ပြတာ သဘာဝကျရဲ့လား မောင်လတ်"

ဦးသိုက်ထွန်းသည် ထိုအခါတွင်မှ ကိုလတ်နှင့် မျက်လုံးချင်းဆိုင်လာလေသည်။ စူးရှတောက်ပြောင်လွန်းသော ဦးသိုက်ထွန်း၏ မျက်လုံးများသည် လေးနက်တည်ငြိမ်လွန်းသောအသွင်ကို ဆောင်လျက်ရှိကာ တစ်ဖက်သားအပေါ်တွင် အလွယ်တကူဖြင့် ဩဇာလွှမ်းမည့် အရိပ်အယောင်များလည်းယှက်သန်းလျက်ရှိသည်ကို သတိထားလိုက်မိလေ သည်။

"ဂီတပညာကို တကယ်လိုက်စားလာပြီဆိုတော့လည်း ဆားငန်ရည်နှောက် သောက်လို့မဝနိုင်သလို လိုက်စားလေနက်နဲလေပဲ၊ ရှေးတုန်းကဆိုရင်လည်း စောင်းကလေး တီးတတ်ဖို့အရေး ကျွန်ခံပြီး ပညာယူရတဲ့သဘောတွေ ရှိခဲ့တယ်၊ စောင်းတီးသင်တယ်ဆိုတာ တော်ရုံတန်ရုံပါရမီ

mgyoe.com

mgyoe.com


နဲ့လည်း သင်လို့ တတ်တာမျိုး မဟုတ်ဘူး"

ဦးသိုက်ထွန်းသည် စိတ်ရှည်လက်ရှည်ပင် ဂီတပညာအပေါ်ထား ရှိသည့် သူ၏သဘောထားများနှင့် အတွေ့အကြုံဗဟုသုတများကို အသေးစိတ် ဆွေးနွေးတင်ပြနေလေသည်။

"စောင်းတီးသင်တယ်ဆိုပေမဲ့... စောင်းဆရာက တပည့်လုပ်တဲ့ သူကို ချက်ချင်းစောင်းကိုင်ခွင့် ပေးတာမဟုတ်သေးဘူး၊ စည်းနဲ့ဝါးကို တစ်နှစ်လောက်ညက်နေအောင် ကိုင်ရသေးတယ်၊ စောင်းကြိုးကျစ်ရတာ ကိုကလည်း တစ်နှစ်လောက် အချိန်ကြာသေးတယ်။ အဲဒီနောက်ကျ တော့မှ စောင်းကြိုးတပ်တဲ့နည်းကို တဖြည်းဖြည်းပြလာတာ၊ အဲဒီလို တစ်ဆင့်ပြီး တစ်ဆင့်တက်လာတော့ စောင်းသံကိုနားယဉ်လာပြီး၊ စောင်း ကိုလည်း ကိုင်ခွင့်ရရော ဒေါင်းဒေါင်းပြေး တီးတတ်လာတော့တာပဲ၊ ဒါကြောင့် စကားပုံတောင် ရှိသေးတယ်မဟုတ်လား... ငှက်ပျောရွက်ဆိုင်၊ စောင်းလက်ကိုင်တဲ့၊ ငှက်ပျောရွက်ဆိုင်များဟာလည်း အရွက်ချင်းဆိုင် တက်လာမှ မျိုးမှန်ပြီး အခိုင်ကောင်းသလို၊ စောင်းတီးတတ်တယ်၊ မတီး တတ်ဘူးဆိုတာလည်း စောင်းကိုင်တဲ့လက်ကို ကြည့်ပြီး စောင်းပညာ အရည်အချင်းကို အကဲခတ်လေ့ရှိခဲ့ကြတယ်"

အလွန်စကားသွက်လှသော ကိုသန်းဋ္ဌေးပင် ဦးသိုက်ထွန်း တဖွဲ့တနွဲ့ဆွေးနွေးတင်ပြချက်များကို စကားဝင်ဖောက်ခွင့်မရဘဲ ငေးမော နားထောင်နေခဲ့ရလေသည်။

မိကမူ ဂီတပညာတွင် အလွန်နှံ့စပ်ကျွမ်းဝင်သော သူ့ဖခင် ဦးသိုက်ထွန်း၏ ပြောပုံဆိုပုံတို့ကို ဂုဏ်ယူသောမျက်နှာဖြင့် နားစွင့် ထောင်ရင်း မှတ်ခမ်းလေးများကို မစေ့တစေ့လုပ်ထားသော်လည်း ပြုံး ဟန်ပြုံးရိပ်များ ပေါ်လွင်လျက်ရှိလေသည်။

"ဟော... ခုခေတ်များကျတော့ ဒီလိုမဟုတ်တော့ဘူး၊ နေ့ချင်းသင်

mgyoe.com

mgyoe.com


နေ့ချင်းတတ်၊ ညချင်းသင် ညချင်းတတ်… စန္ဒရားတီးသံတွေ နားထောင်ရတာများ ပန်းကန်စင်ကိုကြောင်ဝင်တိုးတဲ့ အသံမျိုးတွေ ကြားနေရသလိုပဲ၊ အင်မတန် နားကလောစရာကောင်းတယ်၊ ဗမာ့အသံစစ်စစ်တွေပျောက်ပြီး တရုတ်သံ၊ ကုလားသံတွေရောလာတော့ ဘယ်လိုမှနားအရသာခံလို့ မရတော့ဘူး၊ တစ်ခါတလေ အဲဒီအသံတွေ နားထောင်ပြီး ဘယ်တိုင်းပြည်များရောက်နေပါလိမ့်မလဲလို့ စဉ်းစားယူရတယ်"

အပြောပိုင်လွန်းလှတဲ့ ဦးသိုက်ထွန်း၏စကားကြောင့် အားလုံးကပင် ပြုံးလိုက်မိကြလေသည်။

"သြော်… ဒါနဲ့… မောင်လတ်က ဘယ်ဇာတိလဲ"

ဇာတိကို မေးမြန်းလာပြီဆိုလျှင် မိဘမျိုးရိုးဂုဏ်ဒြပ်တို့ကိုပါ သိလိုနေပြီဖြစ်ကြောင်း ကိုလတ်ကလည်း အကင်းပါးစွာ သိရှိလိုက်ပြီးဖြစ်လေသည်။

"ကျွန်တော်က တောင်ငူကပါ၊ ကျွန်တော့်မိဘများကတော့ သစ်တောအရာရှိပိုင်းက ဆိုပါတော့"

"အင်း… တောင်ငူဆိုတော့ ဒီအလုပ်မျိုးနဲ့ အင်မတန်ဒေသကိုက်ညီတာပဲ"

ဦးသိုက်ထွန်းသည် ဆေးပြင်းလိပ်ကိုသာ ဆက်၍ရှိုက်ဖွာရင်း တစ်ခုခုကို အလေးအနက်တွေးတောနေဟန်ရှိလေသည်။

"ကျောင်းတက်တော့ကော အပြင်က တက်သလား၊ ဟိုစတယ်မှာ ဘော်ဒါအဖြစ်နဲ့ တက်သလား"

ဦးသိုက်ထွန်းမေးခွန်းကို ကြားရသောအခါ ယုပြောပြခဲ့ဖူးသည့် စကားများကို ပြန်လည်၍ ကိုလတ် သတိရလာမိလေသည်။ ဦးသိုက်ထွန်းနှင့် သူ့ဦးလေး ဦးဖေခင်တို့မှာ အလွန်ရင်းနှီးကြသော ကျောင်းနေဖက်သူငယ်ချင်းများဖြစ်ကြပြီး ပြောမနာဆိုမနာ ငယ်ပေါင်းများဖြစ်ကြရုံသာ

mgyoe.com

mgyoe.com


မက တစ်အိမ်နှင့်တစ်အိမ် ကူးလူးဆက်ဆံခဲ့ကြပုံကိုပါ ပြန်လည်အမှတ်ရလာ မိလေသည်။

"ကျွန်တော် အပြင်ကပဲ တက်ပါတယ်၊ မြေနုလမ်းက ဦးဖေခင်ဆိုရင်တော့ ဦးလေး သိကောင်း သိပါလိမ့်မယ်၊ အဲဒါ ကျွန်တော့်ဦးလေးပါပဲ၊ ဦးလေးအိမ်မှာ ကျွန်တော်နေပြီး..."

"မြေနုလမ်းက ဦးဖေခင် ဟုတ်လား"

ဦးသိုက်ထွန်းသည် ကိုလတ်၏စကားမဆုံးမီတွင်ပင် ကြားဖြတ်၍ဝင်ရောက်မေးလိုက်လေသည်။

"ဟုတ်ပါတယ်... ဦးကိုတောင် ကောင်းကောင်းသိတယ်လို့ ပြောပါတယ်၊ အကောက်တော်ရုံးမှာ ရာပြတ်အရာရှိလုပ်ပါတယ်"

ဦးသိုက်ထွန်းသည် ကိုလတ်စကားကို နားစွင့်ရင်း ဆေးပြင်းလိပ်ကို လက်ခလယ်နှင့်တောက်၍ ခြွေချလိုက်ပြီး သူ့မျက်လုံးထဲတွင် အဓိပ္ပာယ်ရှာမရသော အရိပ်အယောင်များ ဖြတ်သန်းလာလေသည်။

"လက်စသတ်တော့ မင်းက ဖေခင့်တူကိုး... ဒီကောင်ကြီးဟာ ဦးနဲ့အင်မတန် ခင်ကြတဲ့လူ့ခွစာကြီးပဲ၊ နေပါဦး၊ ဖေခင့်ဘက်က တော်တာလား၊ သူ့မိန်းမဘက်က တော်တာလား"

"ဦးလေးဘက်က တော်တာ မဟုတ်ပါဘူး၊ ဒေါ်လေးမြင့်နဲ့ ကျွန်တော့်မေမေတို့က ညီအစ်မနှစ်ဝမ်းကွဲတော်ပါတယ်"

"ဩော်... ဩော်... အင်း... ဒီလိုဖြစ်ရမယ်လို့ အထင်သားပဲ၊ ဘာကြောင့်လဲဆိုတော့ ဖေခင်ဆိုတဲ့ကောင်က ဘောလုံးကန်တာကလွဲရင် ဂီတမပြောနဲ့ ဘာဂျာတောင်မှုတ်တဲ့ကောင်မျိုး မဟုတ်ဘူး။ ပြီးတော့ ဒီကောင်ကြီးက လူ့ကန့်လန့်ကြီးကွ၊ စကားအမှားလည်း ခံတာမဟုတ်ဘူး၊ ကျောင်းမှာဆိုရင် ဦးနဲ့သူက ရန်ဖြစ်ကြတာ ခဏခဏပေါ့၊ နောက်ကျတော့လည်း သူက အစိုးရလခစားဝင်လုပ်ပြီး ဦးကကုန်သည်ဘက်

mgyoe.com

mgyoe.com


ဝင်လုပ်ကြရင်း လူချင်းကွဲသွားကြတာ၊ ဦးနဲ့တွေ့တယ်ဆိုတဲ့ အကြောင်းလည်း ပြောပြပါကွယ်။ အနေဝေးပြီး မတွေ့ကြတာတောင် သုံးနှစ်လောက်ရှိသွားပြီ"

ယု တစ်ခါက ပြောပြခဲ့ဖူးသည့်အတိုင်းပင် ဦးသိုက်ထွန်းသည် သူ့ဦးလေး ဦးဖေခင်နဲ့အတော်ပင် ရင်းနှီးကျွမ်းဝင်ကြကြောင်း ဦးသိုက်ထွန်း ပြောပြသည့် စကားရပ်များကပင် ထင်ရှားစေလေသည်။

"ဟုတ်ကဲ့ ကျွန်တော် ပြောပြလိုက်ပါ့မယ် ဦး"

"မင်းလည်း ဒီအိမ်ကို ဝင်နိုင်ထွက်နိုင်ပါတယ်။ ဦးသမီးကလည်း ဂီတပညာနဲ့ ပတ်သက်ရင်တော့ နေ့မအိပ်ညမအိပ် ဝါသနာထုံလွန်းတော့ ဦးကလည်း သူ့ဆန္ဒကို လိုက်လျောထားရတယ်။ အေး... ဒါပေမဲ့ ရာဇဝင်တစ်ခုတော့ ရှိတယ်ပေါ့ကွယ်၊ ဒါကိုတော့ စောစောစီးစီးကတည်းက ပြောထားရမယ်။ ဟောဟိုမှာ မင်းမြင်နေရတဲ့ စန္ဒရားဟာ ဦးနှမအရင်းတစ်ယောက်ရဲ့စန္ဒရားပဲ။ သူ့ကိုလည်း နှမလေးတစ်ယောက်ဆိုပြီး အလိုလိုက်ခဲ့ရင်းက စန္ဒရားဆရာတစ်ယောက်နဲ့ လိုက်ပြေးကြတဲ့အထိ ဇာတ်တွေရှုပ်လာတယ်။ နောက်ဆုံးတော့ လူကြီးတွေစကားနားမထောင်ဘဲ တို့တစ်တွေအားလုံးရဲ့ ဂုဏ်ကိုဖျက်ခဲ့လို့ အိမ်ပေါ်က အပြီးအပိုင်နှင်ချခဲ့ရတယ်"

ဦးသိုက်ထွန်းသည် ဤစကားများကို ဘာကြောင့်ပြောဆိုနေရသနည်း။ အကယ်၍ ဤဇာတ်လမ်းကို ဤအချိန်၌ မပြောဘဲ ထိမ်ချန်ထားလျှင် ဖြစ်နိုင်ပါရက်နှင့် ယခုကဲ့သို့ ဖွင့်ပြောခြင်းသည် ဘယ်အဓိပ္ပာယ်ဆောင်သည်ကို အတွေးခေါင်သောကိုလတ်သည် ဝေခွဲစဉ်းစား မရနိုင်အောင် ဖြစ်နေရလေသည်။ မိကို လှမ်း၍ကြည့်လိုက်သောအခါ မိမျက်နှာမသိမသာ ပျက်နေသည်ကို သတိထားလိုက်မိလေသည်။

"ဦးဟာ ဂီတကိုချစ်တယ်။ ဒါပေမဲ့ ဦးဂီတကို ချစ်သလို လူတွေက ဂီတပညာကို မချစ်တဲ့အပြင် စော်ကားမော်ကားလုပ်သွားရတာတွေ ခံခဲ့

mgyoe.com

mgyoe.com


ရဖူးလို့ တစ်ခါတစ်ခါတော့လည်း လူတွေကို စိတ်နာတယ်"

ကိုသန်းဌေးတစ်ယောက်မှာပင် ဦးသိုက်ထွန်းပြောနေသော စကားလုံးတို့၏ အတိမ်အနက်ကို ဝေခွဲမရဟန်ဖြင့် နားထောင်နေလေသည်။

"ကဲ... ဒါတွေထားပါတော့လေ... ဒါတွေဟာ ပြီးခဲ့ပြီပဲ"

စကားတစ်ပိုင်းတစ်စနှင့် ရပ်လိုက်ပြီး ဦးသိုက်ထွန်းသည် စန္ဒရားဆီသို့ ထသွားကာ စန္ဒရားအဖုံးကို ဖွင့်လိုက်ပြီး မတ်တတ်ရပ်ရင်းကပင် စန္ဒရားခလုတ်များကို လက်ဖြင့်တို့ခေါက်လျက်ရှိလေသည်။

"မောင်လတ်ရဲ့လက်သံကိုလည်း ဦးနားထောင်ချင်သေးတယ်။ တယောနဲ့စန္ဒရား နှစ်မျိုးစလုံး တီးတတ်တယ်ဆိုတဲ့ ပါရမီဟာလည်း နည်းနည်းပါးပါးပါရမီတော့ မဟုတ်ပေဘူး"

မိမျက်နှာသည် သိသိသာသာပင် ရွှင်လန်းလျက်ရှိလေသည်။ သူ့ဖခင် ဦးသိုက်ထွန်းကိုယ်တိုင်ကပင် ကိုလတ်ကို အရေးတယူဆက်ဆံနေရုံသာမက ဂီတပညာကို အလေးထား၍ ဆွေးနွေးနေသဖြင့် မလာစဘူး လာလည်သော ကိုလတ်အတွက် ဧည့်ဝတ်ကျေပွန်မှုကိုလည်း မိစိတ်ထဲတွင်ကျိတ်၍ ကျေနပ်မိလေသည်။

"အမှန်ကတော့ တီးကွက်တွေဟာ ရှိရင်းစွဲက ထပ်ကွန့်ပြီး အခက်အလက်ဖြာယူကြတာပဲ၊ သာနိုးငါးပုဒ်၊ ကြိုးငါးပုဒ်၊ ပတ်ပျိုးငါးပုဒ်၊ ယိုးဒယားငါးပုဒ် တတ်သွားတယ်ဆိုရင်ပဲ တော်တော်ကလေး လုံလောက်တဲ့ အခြေခံရသွားပြီလို့ဆိုရမယ်၊ သာနိုး၊ ကြိုး၊ ပတ်ပျိုး၊ ယိုးဒယားတွေဟာ ထိပ်တိုက် တော့လွဲဖြစ်နေလေတော့ သင်ရိုးနဲ့သံရိုးတွေဟာ အတူတူတွေချည်းပဲ၊ ကဲ... ပြောနေတာကြာလှပါတယ်၊ သံရိုးတစ်ပုဒ်လောက် မောင်လတ်တီးတာ နားထောင်ကြည့်ရအောင်"

ကိုလတ်သည် ဦးသိုက်ထွန်း၏ဆန္ဒအတိုင်းပင် စန္ဒရားတွင် ဝင်၍ထိုင်လိုက်ပြီး ဇေယျာအောင်ချာစောင်းတော်ဘွဲ့ သံရိုးကြိုးကို တီးပြလိုက်

mgyoe.com

mgyoe.com


လေသည်။ သံရိုး၏မူရင်းတွင် တီးကွက်ကျဲသော်လည်း ကိုလတ်က တီးကွက်စိပ်စိပ် အလိုမ့်အလူးကလေးများနှော၍ အပိုဒ်ကူ အပိုဒ်ထပ် တီးပြလိုက်ရာ ဦးသိုက်ထွန်းသည် စန္ဒရားပေါင်ပေါ်တွင် လက်တစ်ဖက် ဖြင့်ထောက်၍ စည်းလိုက်ရင်း ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ လေသည်။

မိကမူ စန္ဒရားခလုတ်များပေါ်တွင် သွက်လက်စွာ လှုပ်ရှားလျက် ရှိသော ကိုလတ်၏လက်ချောင်းကလေးများကို ငေးစိုက်ကြည့်ရင်း ရင် ကလေးများ တသိမ့်သိမ့်ခုန်လျက် ရှိလေသည်။

ဖေယျာအောင်ချာ စောင်းတော်တွဲ့ကြိုးဆုံးသွားသောအခါ ကိုလတ် သည် စန္ဒရားခုံမှ သာသာထ၍ ရပ်လိုက်လေသည်။

“မောင်လတ် တီးသွားတဲ့ တီးကွက်တွေဟာ ပညာသားပါပါ တယ်၊ သံရိုးကို ကွန့်တီးတယ်ဆိုတာ လွယ်တာမှမဟုတ်တာဘဲ၊ သမီးပညာ တိုးအောင် တီးကွက်တွေတက်ယူပေါ့”

မိသည် မမျှော်လင့်သော ဦးသိုက်ထွန်း၏စကားတို့ကြောင့် ဘာပြန် ပြောရမှန်းပင်မသိဘဲ ခေါင်းကလေးငုံ့၍သာ နေမိလေတော့သည်။

ဦးသိုက်ထွန်းသည် ဖခင်တစ်ဦးအနေဖြင့် သူ့အပေါ်တွင် အလို လိုက်လွန်းလှသည်။ မိဆန္ဒကို ဘာမဆိုလိုက်လျောခဲ့ရုံသာမက မိအရိပ် ကိုကြည့်၍ပီတိဖြစ်ကာ မိဝါသနာမှန်သမျှကို မိအလိုကျ လိုက်စားခွင့်ပေး ၍ မိပျော်ရွှင်ကျေနပ်သည်ကိုပင် ဦးသိုက်ထွန်းမှာ သူ့ဆန္ဒနှင့် တစ်ထပ် တည်း တူညီသည်ဟု မှတ်ထင်ရောင့်ရဲသူဖြစ်ခဲ့လေသည်။

“ကဲ... ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး၊ ဒီနေ့ဦးနဲ့တွေ့ပြီး ဂီတပညာ အကြောင်းဆွေးနွေးရတာ တော်တော်ကိုကျေနပ်စရာကောင်းပါတယ်၊ နောက်လည်းကြုံတဲ့အခါများမှာ ဒီလိုဆွေးနွေးခွင့်ရလိမ့်ဦးမယ်လို့ မျှော် လင့်ပါတယ်”

mgyoe.com

mgyoe.com


ကိုလတ်သည် နှိမ့်ချသောအသံဖြင့် ဦးသိုက်ထွန်းကို နောက်ဆုံးနှုတ်ဆက်စကားပြောကာ ကိုသန်းဌေးဘက်သို့ လှမ်းကြည့်လိုက်ရာ ကိုသန်းဌေးက မျက်လုံးတစ်ဖက်မှိတ်ပြလိုက်လေသည်။

"အို... ဘယ့်နှယ်ပြောလိုက်ပါလိမ့် မောင်လတ်ရယ်၊ ဒီနေ့ကစပြီး ဦးတို့အိမ်ဟာ မောင်လတ်အတွက် အမြဲတမ်းတံခါးဖွင့်ထားတယ်လို့သာ သဘောထားပါတော့၊ ဦးဂီတပညာကို ဘယ်လောက်လေးစားတယ်ဆိုတာ ခုလောက်ဆို မောင်လတ်လည်း ရိပ်စားမိရောပေါ့"

မိမျက်လုံးများထဲတွင် ဝမ်းသာကျေနပ်မှု အရိပ်အယောင်များ သိသိသာသာကြီး ယှက်သန်းသွားသည်ကို လျှပ်တစ်ပြက်အတွင်း တွင်ပင် ကိုလတ် သတိထားလိုက်မိလေသည်။

"ဒါဖြင့် သမီးကိုလတ်ဆီက တီးကွက်တွေတက်ယူနိုင်ပြီနော် ဖေဖေ"

"ဒီကိစ္စဟာ ဖေဖေ့အပေါ်မှာ မတည်ပါဘူး၊ သမီးအပေါ်မှာပဲ တည်ပါတယ်။ ကျောင်းစာကိုသင်မှ ပညာမဟုတ်ဘူး၊ ဒီဂရီရမှပညာ မဟုတ်ဘူး၊ ကျောင်းစာမဟုတ်ဘဲ၊ ဒီဂရီမယူဘဲ သင်ယူနိုင်တဲ့ပညာတွေ လောကမှာ အများကြီးရှိတာပဲ၊ သမီး ဒီလောက်ဆိုသမီးတို့လည်း ခေတ်မီတဲ့သူတွေပဲ ဖေဖေ့ သဘောထားကိုသိလောက်ပါပြီ"

ဤမျှ ပွင့်လင်းပြတ်သားသော ဖခင်တစ်ဦးကို သူ့တစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူးခဲ့သေးသဖြင့် ကိုလတ်သည် စိတ်ထဲမှ ကျိတ်၍ ဦးသိုက်ထွန်းကို လေးစားကြည်ညို၍ပင် လာမိလေတော့သည်။

"ကိုလတ်ရေ... ကျွန်တော့်မှာချိန်းထားတာတစ်ခုရှိသေးတယ်။ ကိုလတ်နေခဲ့ချင် နေခဲ့ဦးလေ... ကျွန်တော်တစ်ခေါက် ပြန်လာခေါ်မယ်လေ"

mgyoe.com

mgyoe.com


ကိုသန်းဋ္ဌေးသည် စကားကြောရှည်နေကြခြင်းကို တမင်သက်သက် ဝင်နှောက်လိုက်ခြင်းဖြစ်မှန်းကို ကိုလတ် သိလိုက်လေသည်။

"ကျွန်တော်လည်း တစ်ခါတည်းလိုက်မှာပါ ကိုသန်းဋ္ဌေးရဲ့၊ ကဲ... ဦး ကျွန်တော်တို့ကို ခွင့်ပြုပါဦး၊ မိနဲ့လည်း နောက်ထပ်တွေ့ကြသေးတာပေါ့"

ဦးသိုက်ထွန်းမှာ ခေါင်းညိတ်ရုံသာ ညိတ်ပြလျက်ရှိလေသည်။ မိကမူ ကိုလတ်ကို မျက်လုံးချင်းဆိုင်၍ကြည့်ရင်း နှုတ်ခမ်းများမှာ မပွင့်တစ်ပွင့် ပြုံးလျက်သာ ရှိလေသည်။

သူတို့နှစ်ဦး မိတို့သားအဖကို နှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာလာခဲ့ကြကာ ကားပေါ်သို့ တက်ရောက်ထိုင်မိကြသောအခါတွင် ကိုသန်းဋ္ဌေးမှာ အားပါးတရ ရယ်မောပါလေတော့သည်။

"နေစမ်းပါဦး... ကိုသန်းဋ္ဌေးရ၊ ခင်ဗျားက ဘာကြောင့် ဒီလောက်ရယ်နေရတာလဲ၊ ခင်ဗျား ချောက်တွန်းတာတွေ ကျွန်တော်က မသိဘူးများ မှတ်နေသလား"

ကိုသန်းဋ္ဌေးသည် ကားစတတ်တာကိုခြေဖြင့် ဖိနင်းရင်းစကားပြန်မပေးဘဲ ရယ်မြဲတိုင်းသာ ရယ်လျက်ရှိလေသည်။

"လာအတူ ပြန်အတူပေါ့ဗျာ... ကျွန်တော့်ကို ထားခဲ့ပြီး တစ်ခေါက်ပြန်ခေါ်မယ်ဆိုတော့ ခင်ဗျား နှိပ်စက်ပုံက မတရားလွန်းဘူးလားဗျာ"

"မောင်ရင်တို့က အဖြစ်သည်းလွန်းလို့ပါ... ယောက္ခမတောင် မတော်ရသေးဘူး၊ ပြောလိုက်တဲ့စကားတွေ ဖောင်ဖောင်မြည်နေတာပဲ၊ ကိုယ် တစ်ယောက်လုံး အနားမှာထိုင်နေတာတောင် သတိမရတော့ဘူး၊ ဒါကြောင့် ကိုယ်ကအရွဲ့တိုက်ပြီး ပြောလိုက်တာ... ရှင်းပလား"

ကိုသန်းဋ္ဌေးပြောသည်မှာ အမှန်ပင်ဖြစ်လေသည်။ ဦးသိုက်ထွန်းနှင့်စကားကောင်းနေစဉ်အခါက ကိုသန်းဋ္ဌေးမှာ ကျောက်ရုပ်ကြီးကဲ့သို့

mgyoe.com

mgyoe.com


ငြိမ်သက်နေရလေသည်။

"သြော်... ဒီလိုလား၊ ဒါတော့ဗျာ၊ အဘိုးကြီးက သူ့ဟာသူ စကား ကြောရှည်တာ ကျွန်တော် ဘာတတ်နိုင်ပါ့မလဲ"

"မောင်ရင့်ကို တတ်နိုင်ရမယ်လို့လည်း မပြောပါဘူး၊ တကယ်ပါ စကားအမျှင် မပြတ်နိုင်သေးဘဲ မောင်ရင်ကျန်ခဲ့ရင်လည်း စန္ဒရားတီးရင်း မိနဲ့မောင်နှစ်ပါးသွား ဇာတ်ခင်းနိုင်ပါစေလို့ ကြံမိကြံရာ ကြံကြည့်တာ ကိုယ့်လူရေ့"

ကားကလေးသည် မိတို့နေထိုင်ရာ ရှမ်းလမ်းမှ ထွက်ခွာစပြု လာခဲ့လေပြီ။ ကားစက်သံများဆူညံစပြုလာသဖြင့် ကိုသန်းဋ္ဌေး၏ အသံများရောထွေးနေသော်လည်း ကိုသန်းဋ္ဌေးဆိုလိုရင်းကိုမူ ကိုလတ် ကောင်းစွာ ကြားနေရလေသည်။

"တော်စမ်းပါ ကိုသန်းဋ္ဌေးရယ်... မိနဲ့ ကျွန်တော် ဘာမှဖြစ်ကြ သေးတာ မဟုတ်သေးပါဘူး၊ ဂီတဝါသနာတူချင်း ရင်းရင်းနှီးနှီးဆက်ဆံ ကြတာကလွဲပြီး မိအပေါ်မှာ ရိုးရိုးသားသား ခင်မင်တာပဲ ရှိပါသေး တယ်"

"ဟုတ်ပါပြီလေ... ရိုးရိုးခင်မင်တယ်ဆိုတာ အခြေခံပဲဆိုပါတော့၊ ဂီတပညာမှာ သံရိုးတီးကွက်လိုပဲ ဆိုပါတော့၊ နောက်တော့ တဖြည်းဖြည်း သံဆန်းတွေတီးလာရင်း ရိုးရိုးခင်ရာကနေ... ဆန်းဆန်းချစ်လာရမှာ ဓမ္မတာပဲ၊ အဲ... တစ်ခုတော့ သတိပေးလိုက်ချင်ပါရဲ့... ဦးသိုက်ထွန်းဟာ စကားပြောအင်မတန်ချိုတယ်... နှုတ်ချိုတဲ့လူဟာ စိတ်ကျတော့ အမှန် ချိုခဲတယ်... လူဖြောင့်စိတ်တို၊ လူချိုစိတ်ကောက်ဆိုတာလည်း မောင်ရင် ကြားဖူးမှာပေါ့"

ဆူညံနေသော ကားစက်သံများကြားတွင် ကိုသန်းဋ္ဌေးပြောလိုက် သော သတိပေးစကားတို့ကို နားစိုက်၍ထောင်ရင်း ကိုလတ်မှာ စကား

mgyoe.com

mgyoe.com


ပြန် မပေးနိုင်တော့ပေ။ သူ့အပေါ်တွင် တကယ်လေးစား ကြည်ညိုသော ဖြူစင်ရိုးသားသည့်စိတ်ဖြင့် ခင်မင်တွယ်တာစပြုလာပြီဖြစ်သော မိ၏ မျက်နှာကလေးကို ပြန်လည်မြင်ယောင်လျက်သာ ရှိမိလေသည်။

❐

mgyoe.com

mgyoe.com

# ( ၇ )

ကိုလတ်နှင့် မိတို့သည် ကျောင်းတွင် နေ့စဉ်ဆုံတွေ့ကြရာမှ တစ်ယောက်နှင့်တစ်ယောက် ပိုမို၍ခင်မင်ရင်းနှီးလာကြရပြန်လေသည်။

မိသည် ဆေးတက္ကသိုလ်သို့သွားရန် ဘိုင်အိုဘာသာရပ်ကိုယူ၍ ကိုလတ်က ဥပဒေသင်တန်းကို ရည်မှန်းထားသဖြင့် ဘာသာရပ်ချင်း မတူညီကြသော်လည်း ဂီတပညာတွင်မူ ဝါသနာချင်းတူညီကြသဖြင့် ပိုမို၍ ခင်မင်ရင်းနှီးလာရာမှ တနင်္ဂနွေနေ့တိုင်း ကိုလတ်သည် မိ၏ဖိတ်ခေါ်ချက်အရ စန္ဒရားတီးကွက်များကို တယောတီးကွက်များနှင့်ယှဉ်၍ သင်ကြားပေးခဲ့ရသည်။

ဤသို့ဖြင့် သုံးလခန့်အချိန်တို့သည် အဘယ်ကဲ့သို့ ကုန်လွန်သွားမှန်းပင် မသိလိုက်တော့ချေ။

တူညီသောယုံကြည်ချက်မှ မြစ်ဖျားခံခဲ့သော အချစ်၏ လှုံ့ဆော်မှုကို သူတို့နှစ်ဦးသည် ကြာကြာရင်ထဲတွင် သိုဝှက်၍ မထားနိုင်ကြတော့ဘဲ ကိုလတ်ကပင်စတင်၍ သူ့မေတ္တာကို မိအား အသိပေး၍ ဖွင့်ဆိုခဲ့လေသည်။

"ကိုလတ် မိကိုချစ်တယ်လို့ ဖွင့်ပြောရမှာ ခက်နေတယ်၊ မိ ဒါပေမဲ့ ကိုဒီစကားကို ဖွင့်မပြောရရင်လည်း ကိုယ့်စိတ်ကိုယ် လိမ်ညာလှည့်စားနေတဲ့လူတစ်ယောက်အဖြစ်နဲ့ အသက်ရှင်နေရတာကို ရှက်နေမိတယ်။

mgyoe.com

mgyoe.com


ခက်တာနဲ့ရှက်စရာ ကောင်းတာနှစ်ခုကို မိကပဲ အဖြေပေးပါတော့"

မိသည် တော်တော်နှင့်အဖြေမပေးဘဲနေခဲ့သော်လည်း နှုတ်ခမ်းများတွင် အပြုံးများဝေလျက်ရှိသည်။ တစ်ဦးရင်ခုန်သံကို တစ်ဦးကြားနိုင်သကဲ့သို့ ထင်ရအောင် တစ်ဦး၏နှလုံးသားဆန္ဒကို တစ်ဦးနားလည်ကြပြီးဖြစ်သဖြင့် ကိုလတ်ဆန္ဒကို မိသည် အတိုဆုံးအဖြေတစ်ခုဖြင့်သာ နှစ်သိမ့်စေခဲ့လေသည်။

"ကိုလတ်မေးတဲ့အမေးဟာ အဖြေပေးစရာမလိုတဲ့မေးခွန်းပဲ၊ မိလည်း ကိုလတ်လိုပါပဲ၊ ချစ်တယ်ဆိုတာ ဖွင့်မပြောချင်ဘူး၊ စဖွင့်ပြောမိရင်၊ မိရင်ထဲက မေတ္တာတွေ တန်ဖိုးလျော့ကုန်မှာစိုးလို့ပါ... မိ ဘာပြောချင်တယ်ဆိုတာ ကိုလတ် သိလောက်ပါပြီ"

ထိုစဉ်က ကိုလတ်၏ရင်ခုန်သံတို့သည် ပင်လယ်ရေလှိုင်းတို့နှင့်မနိုင်းသာအောင် ဆူညံလှုပ်ရှားလျက်ရှိလေသည်။ ထိုစကားကိုပြောခဲ့သော မိမျက်နှာကလေးသည် ထိုအချိန်က ကမ္ဘာတွင် အလှပဆုံးဟုပင် ထင်ခဲ့ရသည်။

သွယ်တန်းဖြောင့်စင်းလျက် သစ်ပင်များ တစ်ဖက်တစ်ချက် အုပ်ဆိုင်းလျက်ရှိသော အင်းလျားလမ်းကလေးသည် အိပ်မက်ထဲမှ ချစ်သူတို့အတွက် ဖန်ဆင်းထားသော မေတ္တာလမ်းကလေးပမာ ကမ္ဘာသစ်တစ်ခုထဲသို့ ရောက်နေကြရသည်ဟုလည်း ထင်ယောင်မိုးတဝါးဖြစ်ခဲ့ရလေသည်။

"ဒါဖြင့် မိ ကိုလတ်ကို ချစ်တယ်လို့ အတိအကျ အဖြေပေးတယ်ဆိုတာ အမှန်ပဲလို့ ကိုလတ် ယူဆတော့မယ်"

"ဒါကို မိ မဖြေချင်ဘူး၊ ကိုလတ် တွေးယူပါတော့"

"ကိုလတ် တွေးယူလို့ရတာတော့ မိ ကိုလတ်ကို ချစ်တယ်လို့ပဲ အဖြေထွက်နေတယ်... ဒီအဖြေရဲ့ တစ်ဖက်စွန်းမှာ မုန်းတယ်ဆိုတာရှိ

mgyoe.com

mgyoe.com


လေတော့ ကိုလတ် ဆက်မတွေးပါရစေနဲ့"

မိသည် အသံကလေးငြိမ့်ခနဲထွက်အောင်ရယ်လိုက်ပြီး ကိုလတ် မျက်နှာကို ရီဝေစွာ ငေးစိုက်ကြည့်နေမိလေသည်။

"သာမန် မိန်းကလေးတစ်ယောက်အနေနဲ့ ချစ်တယ်ဆိုတဲ့အဖြေ ဟာ အင်မတန်လွယ်ကူလွန်းပါတယ် ကိုလတ်။ မိချစ်တဲ့အချစ်ဟာ အသည်းနှလုံးကို ချစ်တဲ့အချစ်မျိုးထက် အဆင့်အတန်းမြင့်တဲ့ အချစ်မျိုး ဖြစ်စေချင်တယ်၊ ကိုလတ်အသည်းနှလုံးကို ချစ်တယ်ဆိုပြန်ရင် ကိုလတ် ရဲ့ဆန္ဒကို လိုက်လျောတဲ့ သာမန်အချစ်မျိုးသာဖြစ်ပါလိမ့်မယ်… ဒါပေမဲ့ မိချစ်တဲ့အချစ်ဟာ ဒီလိုနိမ့်ကျတဲ့အချစ်မျိုးမဟုတ်ဘူး၊ မိ ကိုလတ်ကို ချစ်တာဟာ ကိုလတ်ရဲ့အနုပညာကို ချစ်တာပါ၊ ကိုလတ်ရဲ့အနုပညာကို နှလုံးသားကစေစားတာထက် ဦးနှောက်ကစေစားတာဖြစ်တယ်လို့ ကိုလတ်ရဲ့ဦးနှောက်နဲ့ အတွေးအခေါ်ကို ချစ်တယ်ဆိုရင် ပိုပြီးမှန်ပါ လိမ့်မယ်"

မိ၏ ထူးဆန်းသောစကားကြောင့် ကိုလတ်တစ်ယောက်မှာ တအံ့ တသြပင် ဖြစ်ခဲ့ရလေသည်။ ဦးနှောက်နှင့် အတွေးအခေါ်ကို ချစ်သည်ဆို ခြင်းသည် နှလုံးသားဆန္ဒကို တုံ့ပြန်သည့် ချစ်ခြင်းမေတ္တာထက် ကြီးမား ကြောင်းကို မိကဖွင့်ဆိုခဲ့လေပြီ။

"ဒီလိုဆိုရင် မိချစ်တာ ကိုလတ်ရဲ့အနုပညာတစ်ခုတည်းကို ချစ်တယ်လို့ အဖြေထွက်လာတယ်၊ ကိုလတ်ဆိုလိုချင်တဲ့မေတ္တာမှာ ပိုင်ဆိုင်မှုလည်း ပါသေးတယ်ဆိုတာ မိ မေ့နေပြီထင်တယ်"

မိသည် ခေါင်းကိုသွက်သွက်ခါပြီး သက်ပြင်းကလေးမှျင်းမှျင်း ကိုသာ မှုတ်ထုတ်လိုက်လေသည်။

"ပိုင်ဆိုင်မှုဆိုတာ အသေးအဖွဲကလေးပါကိုလတ်၊ တစ်ယောက်နဲ့ တစ်ယောက် ဘဝချင်းမပေါင်းစည်းမိကြဘဲ၊ ချစ်ပါတယ်လို့ ပြောတာ

mgyoe.com

mgyoe.com


ဟာ ဘယ်လိုမှ အဓိပ္ပာယ်မရှိပါဘူး၊ ကိုလတ်အတွေးအခေါ်၊ အနုပညာကို ချစ်တယ်လို့ ပြောတာဟာ ကိုလတ်ဘဝကိုပါ ချစ်တယ်လို့ ပြောတာဖြစ်လို့ မိအချစ်နဲ့ မိမေတ္တာဟာ ကိုလတ်အပေါ်မှာ ဘယ်လောက်ကြီးမား တယ်ဆိုတာ ရှင်းနေပါပြီ။ အို... မိ ကိုလတ်ကို ချစ်တယ်လို့ ပြောတာဟာ တခြားဘယ်သူမှ နှိုင်းယှဉ်လို့မရနိုင်တဲ့ အချစ်မျိုးပါ ကိုလတ်"

တကယ်ဆိုတော့လည်း သူတို့နှစ်ဦးသည် အချစ်အိပ်မက်ရှည်ကြီးကိုမက်ရာမှ လန့်နိုးလာခဲ့သောအခါ တကယ့်အဖြစ်နှင့် ကြုံရသကဲ့သို့ ကြာရှည်လေးမြင့်စွာ ကြိတ်မှိတ်မျိုသိပ်ထားခဲ့ရသော ခံစားချက်များကို ပွင့်လင်းစွာ ဖွင့်ဟလိုက်ကြသောအခါ သူတို့၏အချစ်အိပ်မက်သည် တကယ်ပင် အကောင်အထည်ပေါ်လာခဲ့ရပေတော့သည်။

ညွတ်ချင်သူနှင့် ဆွတ်ချင်သူနှစ်ဦးရှိကြသည့်အနက် သူတို့နှစ်ယောက်စလုံးမှာ ညွတ်သူနှင့်ဆွတ်သူ ခွဲခြား၍ပင်မရတော့ချေ။ တွေ့ဦးစက ဆန့်ကျင်ဘက်ဖြစ်ခဲ့ကြသော်လည်း ဝါသနာတူသော ဂီတပညာပေါ်တွင် အခြေခံကာ ကြည်ညိုလေးစားမှု၊ တွယ်တာမြတ်နိုးမှု၊ သံယောဇဉ်ရစ်ပတ်နှောင်ဖွဲ့မှုတို့ကြောင့် သူတို့မေတ္တာသည် ကြီးမားသည်ထက်ကြီးမား၍ ခိုင်မြဲသည်ထက်ခိုင်မြဲလာခဲ့ရလေသည်။

နောက်ဆုံးတွင် မိနှင့် ကိုလတ်သည် တစ်ယောက်မျက်နှာတစ်ယောက်မမြင်ရလျှင် မနေနိုင်အောင်စွဲလမ်းမြတ်နိုးလာသည့်အခါတွင်မှ သူတို့နှစ်ဦး၏အချစ်သည် မည်မျှကြီးမားလာသည်ကို သူတို့ရိပ်စားလာမိကြလေသည်။

ကိုသန်းဌေးနှင့် မိမိအေးတို့ကပင် သူတို့နှစ်ဦး၏အဖြစ်သည်းပုံကို လက်မြှောက်အရှုံးပေးရစပြုလာလေသည်။

"ဒီလောက်တောင် အဖြစ်သည်းမယ်မှန်းသိရင် မိနဲ့ ကိုလတ်

mgyoe.com

mgyoe.com


ရန်ဖြစ်ကြတုန်းက အသာကလေးလက်ပိုက်ပြီး ကြည့်နေလိုက်ရရင် အကောင်းသား၊ မင်းဒီလောက်ပြောင်းလွဲလိမ့်မယ်လို့ကို မထင်ဘူး မိ၊ မင်း ကိုလတ်ကို စွဲလမ်းသလို ကိုလတ်ကရော မင်းကိုစွဲလမ်းရဲ့လား မိရယ်..."

မိမိအေးနှင့် နှစ်ယောက်တည်း ကြုံရသည့်အခါတိုင်းတွင် အမြဲတမ်းပင် မိတစ်ယောက်မှာ မိမိအေး၏စကားနာထိုးမှုကို ခံရရှာလေသည်။

"ကိုယ့်တစ်သက်မှာ မြတ်နိုးရမယ့်သူဆိုလို့ ကိုလတ်တစ်ယောက်ကိုပဲ တွေးခဲ့ဖူးသေးတယ်မီ၊ မိဟာ လူတစ်ယောက်အပေါ်မှာ ဘယ်တော့မှ အလွယ်တကူအဆုံးအဖြတ်မပေးခဲ့ဘူး၊ ကိုလတ်ရဲ့မေတ္တာဟာ မိအပေါ်မှာ အပေါစားမေတ္တာမျိုးမဟုတ်ဖူးဆိုတာလည်း မိ ကိုလတ်အပေါ်မှာ အကြိမ်ကြိမ် စမ်းသပ်ခဲ့လို့ သိပြီးပါပြီ။ ကိုယ်တို့ မိန်းမသားမှာ မျက်နှာများတယ်ဆိုတဲ့ သူများတံတွေးခွက်ထဲမှာ ပက်လက်လည်း မမျောချင်ဘူး အေး၊ တစ်သက်တစ်ကမ္ဘာမှာ တစ်ယောက်ကိုပဲမြတ်နိုးချင်တယ်၊ ဒါမှလည်းမိဟာ မိန်းမကောင်းမိန်းမမြတ် တစ်ယောက်ဖြစ်မယ်လို့ မိ ယုံကြည်တယ်"

"အောင်မယ်... မိက လေသံတွေဘာတွေတောင်ပြောင်းလို့ပါလား၊ အရင်တုန်းက မိ ဒီလိုစကားမျိုးတွေ မပြောတတ်ပါဘူး၊ ကိုလတ်နဲ့ ပေါင်းလို့ ကိုလတ်လေသံတွေ ဝင်လာပြီထင်တယ်၊ ဘာပဲပြောပြော မိဟာ အခုအချိန်မှာ ကိုလတ်ရဲ့ လွှမ်းမိုးမှုတွေ ခံစားရပြီဆိုတာ ထင်ရှားနေပြီမိ"

မိသည် ခေါင်းကိုသွက်သွက်ခါပြီး ပြုံးရုံသာပြုံး၍နေလိုက်လေသည်။ ချစ်ခြင်းမေတ္တာနှင့် ပတ်သက်ပြီး မာန်နှင့်မာနကို ခွဲခြား၍သိသော မိသည် မိမိအေးစွပ်စွဲလာသည်ကိုပြန်လည်ချေပရန် စကားလုံးများ အလို

mgyoe.com

mgyoe.com


အလျှောက်ပင် စုစည်းမိပြီးသားလည်း ဖြစ်နေလေသည်။

"အေးထင်သလို မဟုတ်ပါဘူး အေးရယ်၊ ကိုလတ်နဲ့ မိတို့ဟာ တစ်ယောက်နဲ့တစ်ယောက် ဘယ်တော့မှ လွှမ်းမိုးဖို့မကြံကြပါဘူး။ ကိုလတ်မှာ မာနရှိသလို မိမှာလည်း မာနရှိတာပဲ၊ အဲဒီမာနကတော့ တခြားမာန မဟုတ်ဘူး၊ အနုပညာမာနနဲ့ ချစ်ခြင်းမေတ္တာပေါ်မှာ အလေး အနက်ထားရှိတဲ့ သစ္စာမာနပဲ"

မိမိအေးသည် မိကို လူထူးလူဆန်းမကလေးတစ်ဦးကဲ့သို့ မျက်လုံးကလေး စွေကြည့်လိုက်ပြီး ပခုံးတစ်ချက် တွန့်လိုက်လေသည်။

"မိပြောနေတဲ့ စကားတွေဟာ မိစိတ်ထဲက တကယ်ပဲပြောနေတာလားမိ၊ အေးစိတ်ထဲမှာတော့ ကိုလတ်သင်ပေးလို့ မိ ဒီစကားတွေ တတ်လာတယ်လို့ ထင်တာပဲ"

"အေး မိကို အထင်သေးနေပြန်ပါပြီ၊ မိရင်ထဲမှာ မခံစားရဘဲ ဒီစကားလုံးမျိုးကို မိပြောနိုင်ပါ့မလား၊ အရင်တုန်းကတော့လည်း မိ ဒီလိုစကားမျိုး ပြောခွင့်မရခဲ့ဘူး။ လူ့ဘဝဆိုတာကလည်း ခံစားချက်ရှိမှ ရင်ထဲက စကားလုံးတွေကို ဖွင့်အံလာတတ်တယ် မဟုတ်လား။ ကိုလတ်က မိကို စန္ဒရားသင်ပေးတာကလွဲပြီး စကားပြောသင်ပေးတဲ့အထိတော့ အေးပြောခဲ့သလို မဟုတ်ခဲ့ရိုးအမှန်ပါ"

"ချစ်တဲ့ နည်းကလေးများရော သင်မပေးသေးဘူးလား မိ"

မိမျက်နှာတွင် ရက်သွေးကလေးများ စို့စို့ဖြန်းသွားပြီး စကားပြောရန် ဟန်ပြင်နေသော မိနှုတ်ခမ်းကလေးများသည် ထွေးထွေးစုသွားရရှာလေသည်။

"အေး ဘာတွေလျှောက်ပြောနေတာလဲကွယ်၊ ကိုယ်တို့နှစ်ယောက် ချစ်တယ်ဆိုတဲ့အချစ်ဟာ သာမန်အချစ်မျိုးမဟုတ်ပါဘူး။ မတူတဲ့ လိင်ခြားနားမှုပေါ်မှာ အခွင့်ကောင်းယူပြီး ညစ်ညစ်ညမ်းညမ်း ကာမရာဂ

mgyoe.com

mgyoe.com


နဲ့ယှဉ်တဲ့ အချစ်မျိုးလည်း မဟုတ်ကြဘူး။ ဒီလိုအချစ်မျိုးဟာ တည်တံ့တဲ့ အချစ်မျိုးလို့ မိတို့ မယုံကြည်ကြဘူး။ ကိုလတ်ဟာ အနုပညာကိုချစ်မြတ်နိုးတယ်၊ မိကလည်း အနုပညာကို ချစ်မြတ်နိုးတယ်၊ အဲဒီမြတ်နိုးမှု အပေါ်မှာ မြစ်ဖျားခံပြီး တစ်ယောက်နဲ့တစ်ယောက် အသွင်တူ အမြင်တူ၊ ဝါသနာတူအနေနဲ့ အသက်ပေးချစ်ကြတာကလွဲပြီး မရိုးသားတဲ့အချစ်မျိုးနဲ့ နယ်မလွန်မိကြအောင် စည်းစောင့်ခဲ့ကြပါတယ်"

"ထားပါတော့လေ... အေးက စေတနာနဲ့ပြောတာပါ။ မိဖေဖေကရော ဒီကိစ္စတွေကို နည်းနည်းမှမရိပ်မိဘူးလား။ ဝင်စေထွက်စေ အခွင့်ပေးထားတဲ့ အခွင့်ကောင်းကိုယူပြီး ကိုလတ်နဲ့မိ သည်အခြေအနေမျိုးရောက်တာကို သိရင် မိဖေဖေကရော ခွင့်လွှတ်နိုင်ပါ့မလား"

မိမိအေး မေးသည်မှာ မေးထိုက်သော မေးခွန်းဖြစ်လေသည်။ မိကိုယ်တိုင်ပင် သူ့ဖခင် ဦးသိုက်ထွန်းအပေါ်၌ ကိုလတ်နှင့်ဆက်ဆံခဲ့ရသည့်အစကနဦးတွင် ငြိုငြင်စိတ်တို့ဖြင့် အပြန့်အတားများ ပြုလုပ်မည်ထင်ခဲ့သော်လည်း ထိုအထင်အမြင်မှာ တက်တက်စင်လွဲခဲ့ရလေသည်။ ကျောင်းအားလပ်သည့်နေ့များတွင် ကိုလတ်ကိုယ်တိုင် မိအား စန္ဒရားတီးကွက်အသစ်များ တက်ပေးသည့်အခါ၌ ဦးသိုက်ထွန်းကိုယ်တိုင်လည်း ဂီတပညာကို ဝင်ရောက်နှီးနှောလေ့ရှိသည်။ တစ်ခါတစ်ရံတွင်မူ မိ၏မိခင်ဒေါ်တင်မေသည် ဦးသိုက်ထွန်းမရှိသည့်အခါများတွင် သူ့သမီး၏ဆန္ဒကို လိုက်လျောသည့်အနေဖြင့် မလှမ်းမကမ်းတွင် အမြဲထိုင်နေလေ့ရှိသည်။ သုံးလခန့်ကျော်ခဲ့သည့် နောက်ပိုင်းတွင်မူ မိနှင့်ကိုလတ်တို့မှာ အချုပ်အချယ်မရှိ လွတ်လပ်ခွင့်ရရှိခဲ့ကြသည်။

ယခု မိမိအေးက ဤကိစ္စများနှင့်ပတ်သက်၍ စိုးရိမ်စိတ်ဖြင့် မေးလိုက်ခြင်းဖြစ်သည်ကို မိကလည်း အကင်းပါးစွာပင် သိရှိလိုက်လေသည်။

mgyoe.com

mgyoe.com


"ကျေးဇူးတင်ပါတယ် အေး... အေး စိုးရိမ်မယ်ဆိုရင်လည်း စိုးရိမ်ထိုက်ပါတယ်။ ဒါပေမဲ့ ဖေဖေနဲ့မေမေတို့ဟာ မိအပေါ်မှာ ယုံကြည်ကြတယ်။ မိကိုလည်း ဘယ်လိုမှမချုပ်ချယ်ကြပါဘူး။ အေးလည်း သိသားပဲ၊ မေမေနဲ့ ဖေဖေတို့ဟာ မိဆန္ဒကို လိုက်လျောနေရတယ်ဆိုရင်လည်း သူတို့ကျေနပ်နေကြတာ မဟုတ်လား၊ မိတို့ကလည်း တစ်နေ့ကျရင် မိတို့ကိစ္စ ဖြောင့်ဖြောင့်ပြောဖို့ ကိုလတ်နဲ့ တိုင်ပင်ထားပါတယ်"

ဒီလိုဆိုရင် ကောင်းပါတယ် မိရယ်၊ အေးက မိတို့အတွက် စိုးရိမ်လို့ပြောတာပါ၊ ပြီးတော့ မိဟာ အင်မတန် အသည်းနုတယ်ဆိုတာလည်း အေးတို့က သိထားတော့ မိအတွက် စိတ်ပူလို့ ပြောတာပါ။ အချစ်ဆိုတာ စိတ်ကူးယဉ်လို့ ပျော်စရာကောင်းသလောက် တကယ့်လက်တွေ့မှာ အခက်အခဲမျိုးစုံနဲ့ တွေ့ရတတ်တယ်၊ ဒါတွေကို မိကြိုတင်ပြီးသိထားရင် တော်ပါပြီလေ၊ ကိုယ့်စေတနာကိုတော့ ဘယ်လိုမှ မထင်စေချင်ဘူး"

မိမိအေးနှင့်တွေ့ဆုံသည့်အခါတိုင်းတွင် ဤကဲ့သို့အမြဲတမ်း အချေအတင် ပြောရလေ့ရှိလေသည်။ အစကနဦးကမူ ကိုလတ်နှင့် မိတို့နှစ်ဦး မတွေ့ဆုံတွေ့ဆုံအောင်၊ မရင်းနှီးရင်းနှီးအောင် တမင်အကွက်ဆင်၍ ဖန်တီးပေးခဲ့သော်လည်း နောက်ပိုင်းတွင်မူ သူတို့ကပင် ပြန်၍ ကိုလတ်နှင့် မိတို့ကို သတိပေးစကားပြောရသည့် အခြေအနေသို့ ဆိုက်ခဲ့ရလေသည်။

မိကမူ သူ့မေတ္တာကို သူပြင်းပြစွာ ယုံကြည်သူဖြစ်သဖြင့် မူမပျက်သာ ရှိခဲ့လေသည်။ ကိုလတ်မှာလည်း မိနည်းတူပင် ဖြစ်ခဲ့လေသည်။ နေ့စဉ်ကျောင်း၌ တွေ့မြဲတိုင်းတွေ့၍ ဆုံမြဲတိုင်းဆုံကာ သူတို့ချစ်ကမ္ဘာကလေးကို သာယာသောနိဗ္ဗာန်ကလေးတစ်ခုပမာ ချစ်ခြင်းမေတ္တာတို့သာ ပိုမိုထပ်ဆင့်ခိုင်မြဲ၍ လာခဲ့လေသည်။

နွေရာသီ ကျောင်းရက်ရှည်ပိတ်သောအခါတွင် ကိုလတ်သည် တောင်ငူသို့ပင်မပြန်တော့ဘဲ မြေနုလမ်းရှိ သူ့အဒေါ်အိမ်တွင်သာ သောင်

mgyoe.com

mgyoe.com


တင်၍ နေတတ်ကာ အိမ်မှတင်ပို့သော ငွေတို့ကိုသုံး၍ တယောတစ်လုံးဖြင့် အချိန်ဖြုန်းရင်း ရှမ်းလမ်းရှိ မိတို့အိမ်တွင်သာ အချိန်ကုန်ခဲ့ရလေသည်။

ဦးသိုက်ထွန်းနှင့် ဒေါ်တင်မေတို့ကလည်း ကိုလတ်အပေါ်တွင် ယခင်ကထက် ပိုမိုရင်းနှီးစွာ ဆက်ဆံလာခဲ့ရုံသာမက သူတို့အိမ်တွင် ဝင်ထွက်သွားလာရေးအတွက် အတားအဆီးမဲ့ တံခါးဖွင့်ထားလေသည်။ ကိုလတ်မလာသည့်ရက်များတွင် ဦးသိုက်ထွန်းနှင့် ဒေါ်မေတင်တို့ကပင် တဖွဖွမေးမြန်းရသည့်အထိ ခင်မင်ရင်းနှီးလာခဲ့ကြသည်။

ထိုရင်းနှီးမှုအပေါ်တွင်အခြေခံ၍ တစ်ပတ်တွင် စန္ဒရားသင်ရက် သုံးရက် သတ်မှတ်ထားရာ ကိုလတ်သည် သုံးရက်စလုံးအပျက်အကွက်မရှိ လာရောက်ခဲ့ရလေ့ရှိပြီး တစ်ခါတစ်ရံ တနင်္ဂနွေနေ့များတွင် မိက စာရေး၍ခေါ်သဖြင့် ရက်ပိုအဖြစ် မိ၏ရွှေမျက်နှာတော်ကိုဖူးရန် ရောက်လာခဲ့ရသေးလေသည်။

အထူးသဖြင့် ဦးသိုက်ထွန်းနှင့် ဒေါ်တင်မေတို့မှာ ကြည့်မြင်တိုင်လင်းလွန်းပင်ကျောင်းတွင် ဥပုသ်စောင့်ရင်း တစ်နေ့လုံး အချိန်ကုန်တတ်သဖြင့် မိနှင့် ကိုလတ်တို့နှစ်ဦးအတွက် အပျော်ရွှင်ဆုံးနေ့များ ဖြစ်ခဲ့ကြလေသည်။

ချစ်ခြင်းမေတ္တာ၏ အတွေ့အကြုံ နုနယ်ကြသေးသော မိနှင့်ကိုလတ်တို့သည် နေနှင့်ည သံသရာတွင် အချစ်ဟူသောခံစားချက်ကလွဲ၍ ဘာကိုမျှ သတိမရနိုင်ကြဘဲ တပူးပူးတတွဲတွဲနေလာခဲ့ကြသည်မှာ ခြောက်လပင်ကျော်ခဲ့လေပြီ။ မိက စန္ဒရားတီး၍ ကိုလတ်က တယောထိုးရင်း မေတ္တာဝိညာဉ်နှင့် ဂီတဝိညာဉ်တို့ ပေါင်းစပ်ကြကာ လျှို့ဝှက်သော အချစ်ကမ္ဘာကလေး တစ်ခုကို သူတို့နှစ်ဦး၏ အသည်းနှလုံးအိမ်တွင်းတွင် တည်ဆောက်ခဲ့ကြလေသည်။ ❑

mgyoe.com

mgyoe.com

# ( ၈ )

တနင်္ဂနွေနေ့ဖြစ်သဖြင့် ကိုလတ်သည် မိထံသို့သွားရန်သာ စိတ်စောနေလေသည်။ ချစ်ကြင်ဦးစ သဘာဝအတိုင်း အခွင့်မသာ အခြေအနေမပေး၍ ဝေးနေကြရသော်လည်း စက္ကန့်တိုင်း၊ မိနစ်တိုင်း မိကိုသာ အစဉ်အမြဲ သတိရနေလေသည်။

"အစ်ကိုလေး... ဘယ်သွားမလို့လဲဟင်"

ကိုလတ်သည် တယောသေတ္တာကို ဖွင့်လိုက်ပြီး ဘိုးတံသစ်ကို ထုတ်၍ ဘိုးတံဟောင်းနှင့်လဲလိုက်ရင်း ယုပြောသည်ကို မကြားသကဲ့သို့ တယောသေတ္တာကလေးကို ပြန်၍ ပိတ်လိုက်လေသည်။

"ကိုလေးက ငိုင်တိငိုင်တိုင်နဲ့ အခုတစ်လော ဘာဖြစ်နေမှန်းကို မသိဘူး၊ ယုမေးတာ အစ်ကိုလေး မကြားဘူးလားဟင်"

ယုသည် ကြက်မွေးတံမြက်စည်းဖြင့် ကိုယ်လုံးပေါ်မှန်ကြီး တပ်ဆင်ထားသော မတ်တတ်ရပ် ဗီရိုကြီးကို ဖုန်သုတ်ခတ်ရင်းဖြင့် မှန်ရိပ်ထဲမှ ကိုလတ်ကို လှမ်းကြည့်ကာ မကျေနပ်သံဖြင့် ပြောလိုက်လေသည်။

"နင်ဟာလေ... နင်နဲ့မဆိုင်တာတွေကို ဟိုမေးဒီမေးနဲ့ ရှုပ်ကို ရှုပ်တယ်၊ ငါအသံလွှင့်ရုံကို သွားမလို့၊ ဒေါ်မြင့်လာရင်ပြောလိုက်၊ ငါ မနက်စာ အပြင်မှာစားမယ်၊ ငါ့ဖို့ဘာမှ ချန်မထားနဲ့ ကြားလား"

ကိုလတ်က ငေါက်သလို အသံခပ်မာမာဖြင့် ပြောလိုက်သော

mgyoe.com

mgyoe.com


ကြောင့် ယုမျက်နှာကလေးသည် ချက်ချင်းပင် ညှိုးကျသွားလေသည်။ ယုသည် မျက်ဆန်နက်ကလေးများကို ဟိုဘက်သည်ဘက်သို့ ရွှေ့လျားရင်း နှုတ်ခမ်းကလေးများကို စူတူတူလုပ်၍ ထားလေသည်။

"ကိုလေး အရင်တုန်းက ဒီလောက်ခြေမများပါဘူး၊ အခုတစ်လောကို ခြေတံရှည်နေတယ်၊ ပြီးတော့ အသံလွှင့်ရုံကို ခဏခဏမသွားခဲ့ဖူးပါဘူး၊ မနေ့ကလည်း ဓာတ်ပြားသွင်းစရာ ရှိတယ်ဆိုပြီး သွားလိုက်တာ တစ်နေ့လုံး ပေါ်မလာဘူး..."

ယုသည် ကြက်မွေးတံမြက်စည်းဖြင့် မှန်ဗီရို၏ မျက်နှာပြင်ကို လက်ဖြင့် ဆတ်တောက်ဆတ်တောက် ပွတ်တိုက်ရင်းပြန်ပြောလိုက်လေသည်။

"ဒီကောင်မကလေး စကားမရှည်နဲ့ဆိုတာ ပြောလို့မရဘူးလား၊ ငါ့ဟာငါ အသံလွှင့်ရုံသွားရုံမကလို့ ဧဝရက်တောင်ထိပ်သွားသွား နင်နဲ့ဘာဆိုင်သလဲ၊ နှုတ်သီးကို ရှည်တယ်၊ စပ်စုလိုက်တာလည်း လွန်လို့၊ ငါ့ကို ဟိုမေးဒီမေးလုပ်တာ ငါမကြိုက်ဘူး၊ ကဲ စကားရှည်မနေစမ်းနဲ့ သွားသွား၊ အိမ်ထဲမှာ ငါ့ဂျက်ကင် အနက်ကလေး သွားယူပေးစမ်း"

ကိုလတ်သည် ပထမပိုင်းတွင်သာ အသံတင်းမာသော်လည်း စိတ်ကောက်တတ်သော ယု၏ကလေးဆန်မှုကို သိသောကြောင့် ပြုံးရွှင်ရယ်မောကာ ပြောလိုက်တော့မှပင် ယုသည် သူ့ထုံးစံအတိုင်း ကိုလတ်ကို အရွဲ့တိုက်ကာ မျက်နှာတစ်ဖက်လွှဲ၍ ကျောခိုင်းထားလိုက်လေသည်။

"သြော်... သွားယူစမ်းပါ ဆိုနေမှပဲ၊ အချိန်သိပ်ကပ်နေပြီ၊ ဒါက ဘာဖြစ်နေရပြန်တာလဲ"

"သူများကို ကျွန်များမှတ်နေသလား မသိဘူး၊ သူများဟာသူများ ဘာဖြစ်ဖြစ်ပေါ့၊ ခိုင်းစရာ မလိုပါဘူး၊ ကိုယ့်ဟာကိုသွားယူပါ့လား"

ယုသည် ကြက်မွေးတံမြက်စည်းကို အခန်းထောင့်တစ်နေရာသို့

mgyoe.com

mgyoe.com


တအားလွှင့်၍ ပစ်လိုက်ပြီး ကိုလတ်ကိုမျက်လုံးတစ်ချက်လှန်ကြည့်လိုက်ကာ အိမ်ရှေ့ဝရန်တာဘက်သို့ လှမ်းထွက်သွားလေသည်။

"မိယုနော်... ငါခိုင်းတာ မရဘူးလား၊ မျက်နှာကြောကို မတည့်ဘူး၊ အခုငါ့ဆီပြန်လာခဲ့"

ကိုလတ်သည် စိတ်မဆိုးသော်လည်း စိတ်ဆိုးဟန်မျက်နှာထားသို့ ပြောင်းလွှဲလိုက်ပြီး ဝရန်တာမှ ယုကို မျက်နှာတည်တည်ဖြင့် လှမ်းခေါ်လိုက်လေသည်။

"အောင်မယ်... လူကိုများ ခွေးကလေး၊ ကြောင်ကလေးမှတ်နေသလား မသိဘူး၊ အစ်ကိုလေး ခေါ်တိုင်းလာရမှာလား၊ ယုကို ဘယ်သူ အမိန့်ပေးလို့မှ မရဘူး သိလား၊ ယုကသာ သူများကို အမိန့်ပေးချင်ပေးမယ်၊ ဖေဖေနဲ့ မေမေကိုတောင် မဟုတ်ရင် ခံတာမဟုတ်ဘူး၊ အစ်ကိုလေးကိုတော့ ကြောက်ဖို့ အဝေးသားပဲ"

ယုသည် တစ်ချက်မျှ အလျှော့မပေးဘဲ ကိုလတ်ကိုစကားကျမခံကို ပြန်၍ ပြောလေနေသည်။

"ဩော်... ဒီကောင်မကလေး ခက်တော့တာပဲ၊ ငါအရေးကြီးလို့ ပြောနေတာ လာဆို မလာဘူးလား"

"အစ်ကိုလေးဟာအစ်ကိုလေး အရေးကြီးတာနဲ့ ယုနဲ့ ဘာဆိုင်လို့လဲ၊ အစ်ကိုလေးမှာလည်း လက်အရှိသားပဲ ဝင်ယူပါလား"

"ဩော်... ဒီကောင်မလေးဟာ ငါဟောဒီက တစ်ခုခုနဲ့လှမ်းပေါက်လိုက်မိလိမ့်မယ်"

"ကြောက်လိုက်တာကြီး၊ ပေါက်ရဲပေါက်ကြည့်စမ်းပါလား၊ ယုက သစ်ငုတ်တိုမှမဟုတ်ဘဲ၊ အစ်ကိုလေးလုပ်တိုင်းခံမယ်များ မှတ်သလား"

ဤတစ်ကြိမ်တွင်မူ ကိုလတ်သည် ဟန်ဆောင်၍မနေနိုင်တော့ဘဲ တယောသေတ္တာကလေးကိုဆွဲကိုင်ကာ ယုရပ်နေသော ဝရန်တာဘက်ဆီ

mgyoe.com

mgyoe.com


သို့ ဒရောသောပါး လှမ်းထွက်လာခဲ့မိလေသည်။

“မိယု နင်ငါ့ကို စကားကောင်းကောင်း ပြောစမ်း၊ အခုတစ်လော နင်ငါ့ကို ဆက်ဆံတာ တစ်မျိုးဖြစ်နေတယ်။ နင်ငါ့ကို ဘာတွေမကျေနပ် ဖြစ်နေသလဲ ပြောစမ်း”

ယုသည် ဝရန်တာပေါ်တွင် လက်နှင့်ထောက်၍ မှီကာ ကိုလတ် မေးသည်ကို ပြန်၍မဖြေဘဲ နှုတ်ခမ်းကိုသာစူ၍ထားလေသည်။

“နှုတ်ခမ်းစူထားလိုက်တာကလည်း ကြက်ဖင်ကျနေတာပဲ၊ တော် တော်အချဉ်ပေါက်စရာကောင်းတယ်၊ ပြောစမ်း... ပြောစမ်း နင်ဘာဖြစ် နေတာလဲ”

ထိုအခါတွင်မှ ယုသည် ကိုလတ်ဘက်သို့ မျက်နှာကို ဆတ်ခနဲ လှည့်လိုက်ကာ မဲ့ပြုံးတစ်ချက်ပြုံးလိုက်လေသည်။

“အစ်ကိုလေးက ယုကို ဘာဖြစ်နေတယ် ထင်လို့လဲ၊ ယု ဘာမှ မဖြစ်ဘူး၊ အစ်ကိုလေးသာ... အေးလေ၊ ဒါတော့ အစ်ကိုလေးဟာ အစ်ကိုလေး သိမှာပေါ့”

ယုသည် မျက်လုံးကလေးများ ကလယ်ကလယ်လုပ်ရင်း စကား တစ်ပိုင်းတစ်စနှင့် ရပ်ထားကာ မျက်နှာမှုန်တုံတုံဖြင့် သရော်ပြုံးပြုံးနေ သောကြောင့် ကိုလတ်မှာ မခံချိမခံသာဖြစ်သွားလေသည်။

“ငါက ဘာဖြစ်နေလို့လဲ၊ စကားမရှိစကားရှာ အလကား အချိန် ကုန်အောင် လုပ်နေတယ်”

“အစ်ကိုလေးဟာလေ... ဘယ်တော့မဆို အစ်ကိုလေးဟာ အစ်ကို လေး တကယ့်သူတော်ကောင်းကြီးလုပ်ပြီး သိပ်ဟန်ဆောင်တတ်တာပဲ၊ ယုကလည်း အစ်ကိုလေး အကြောင်းတွေ သိနေတော့ သိပ်ပြီးရယ်ချင် တာပဲ”

ယုသည် ရယ်ချင်တာပဲဟု ပြောရင်းကပင် ဣန္ဒြေမဆောင်နိုင်တော့

mgyoe.com

mgyoe.com


ဘဲ ရယ်ချလိုက်သဖြင့် ကိုလတ်မှာ ယုအပြုအမူကို စဉ်းစား၍ မရနိုင်အောင် ရှိလေတော့သည်။

"မိယု နင်သိပ်ကြီးကျယ် မနေစမ်းနဲ့... နင်က ငါ့အကြောင်းကို ဘာတွေများ သိလို့လဲ။ ငါ့အကြောင်းကို သိတဲ့လူ ကမ္ဘာမှာ ငါတစ်ယောက်တည်းပဲ ရှိသေးတယ် သိလား၊ နင်ကိုယ်နင် သိပ်တော်လှပြီထင်မနေနဲ့၊ ငါ့အကြောင်းသိရအောင် ငါက ဘာတွေလုပ်နေလို့လဲ"

"အစ်ကိုလေးအကြောင်းကို သိတဲ့လူတွေ အများကြီးရှိပါတယ်။ ဟင်... အစ်ကိုလေးအကြောင်းကိုများ ယု မသိဘူးမှတ်နေသလား၊ အစ်ကိုလေးစိတ်ထဲမှာ အခုဘာဖြစ်နေသလဲဆိုတာတောင် ယု သိတယ်"

"တယ် ငါနားပန်တေလိုက်ရရင် ပုသွားတော့မှာပဲ၊ ကဲပြောစမ်းပါဦး။ ငါ့ရင်ထဲမှာ ဘာတွေဖြစ်နေသလဲ၊ ငါ့အကြောင်းကိုရော နင်က ဘာတွေသိလို့လဲ"

"အို သိတယ် သိတယ်၊ သိပ်သိတယ်။ ယု သိတာတွေကို အကုန်လုံး ဖွင့်ပြောလိုက်ရရင် အစ်ကိုလေး ရှက်ပြီးငိုမလား၊ ဟောဒီဝရန်တာပေါ်က ခုန်ချမလားတောင် မသိဘူး"

ယုသည် အသံစာစာတက်အောင် ပြောရင်းကပင် ခွက်ထိုးခွက်လန် ရယ်မောပါလေတော့သည်။ ကိုလတ်မှာ အဓိပ္ပာယ်ရှာဖွေမရသော ယုအပြုအမူကို ငေးကြည့်ရင်း မိနှင့်သူ၏အချစ်ဇာတ်လမ်းများကို ယု တစ်ယောက်များ ရိပ်စားနေပြီလားဟု လိပ်ပြာမလုံမလဲ ဖြစ်သွားရလေသည်။

"ကောင်မလေးကိုက ရူးပေါပေါနဲ့၊ နင် မဟုတ်တမ်းတရမ်းတွေ လျှောက်ပြောမနေနဲ့၊ စကားပြောလို့ ဘယ်ရောက်မှန်း မသိဘဲနဲ့ နင်နဲ့ မဆိုင်တာတွေမပြောနဲ့နော် အဲဒါပဲ"

ယုသည် ကိုလတ်ကို မျက်တောင်မခတ်ဘဲ ငေးစိုက်ကြည့်နေရာမှ

mgyoe.com

mgyoe.com


နှုတ်ခမ်းကလေး မသိမသာ မဲ့ရွဲ့သွားကာ မရယ်ချင်ဘဲနှင့် တမင်တကာ အရွဲ့တိုက်၍ ရယ်လိုက်လေသည်။

"နင် ငါ့ကို အရူးလုပ်လို့ မရဘူး မိယု၊ မျက်နှာကို မချိုမချဉ်နဲ့ ပက်ကျိုမျက်နှာလို စပ်ဖြဲဖြဲပြောင်ချော်ချော် သရော်တော်တော်နဲ့ ဘာလဲ နင်ရူးနေသလား"

"ယု မရူးဘူး သိလား၊ ယုက ဘယ်သူ့အတွက်မှ ဗျာများနေရတဲ့ သူလည်း မဟုတ်ဘူး၊ ဘယ်သူ့အတွက်မှ သောကရောက်နေရတဲ့လူလည်း မဟုတ်ဘူး၊ ရူးတာက အစ်ကိုလေး ရူးနေတာ သိလား၊ အစ်ကိုလေး ရူးတာက ရိုးရိုးရူးတာ မဟုတ်ဘူး၊ အချစ်ရူး ရူးနေတာ၊ ပြောလိုက်တော့ အသံလွင့်ရုံ အသံလွင့်ရုံနဲ့၊ အစ်ကိုလေး ဘယ်သွားနေတယ်ဆိုတာ ယု အကုန်လုံးသိတယ်၊ အစ်ကိုလေး မမမိတို့အိမ်ကို အမြဲတမ်း သွားနေတယ် မဟုတ်လား၊ ကဲ အစ်ကိုလေး ဘာပြောချင်သေးသလဲ၊ အခုလည်း အစ်ကို လေး မမမိဆီကို သွားမလို့မဟုတ်လား။ မသိရင်ခက်မယ် အစ်ကိုလေး၊ ကဲ အခုယုပြောတာတွေကို ဘာငြင်းချက်ထုတ်နိုင်သေးသလဲ"

သူမမျှော်လင့်သောစကားစုတို့ကို ယုထံမှ ကြားလိုက်ရသဖြင့် ကိုလတ်သည် တအံ့တသြ ဖြစ်သွားရလေသည်။ တိတိကျကျ ပိုင်ပိုင် နိုင်နိုင်ပြောချလိုက်သော စကားများကြောင့် ကိုလတ်သည် အထိတ်တလန့် ပင် အိမ်ခန်းတွင်းသို့ ထိတ်ထိတ်ပျာပျာ ယောင်ယမ်း၍ လှမ်းကြည့်လိုက် လေသည်။

"ဒေါ်လေး ကြားသွားပါ့မယ် တိုးတိုးပြောစမ်းပါ"

"အခုမှ မလုံမလဲ ဖြစ်မနေပါနဲ့ မေမေလည်း မရှိပါဘူး၊ အစ်ကိုလေး အကြောင်းတွေ အကုန်လုံး ယုပြောထားလို့ မေမေလည်း သိပြီးပါပြီ"

ယုက ထိုသို့ပြောလိုက်တော့မှပင် ကိုလတ်သည်ပို၍တုန်လှုပ် ချောက်ချားသွားလေသည်။ မိနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို တတ်

mgyoe.com

mgyoe.com


နိုင်သမျှ သိပ်သည်းလျှို့ဝှက်စွာ မည်သူ့ကိုမှ အသိမပေးဘဲထားပါလျက် ယခုမူ ယုကပင် သူတို့လျှို့ဝှက်ချက်ကို သိသွားခဲ့လေပြီ။

"နေစမ်းပါဦး... နင်က နင်နဲ့မဆိုင်ဘဲနဲ့ ဘာဖြစ်လို့ နှုတ်လေပွေ လျှောက်တိုက်ရတာလဲ၊ နင်ဒေါ်ဒေါ်ကို ဘာတွေလျှောက်ပြောထားသလဲ၊ ပြောစမ်း... ပြောစမ်း၊ ကောင်မကလေးကိုက ကဲကိုကဲတယ်၊ ငါနားရင်း တီးလိုက်ရရင် သေတော့မှာပဲ"

ကိုလတ် မျက်နှာတစ်ခုလုံး ဒေါသစိတ်တို့ကြောင့် ရဲရဲမှောင်၍ သွားလေသည်။ ယုကမူ အပြုံးပင် မပျက်ချေ။ မထိတရီမျက်နှာထား ဖြင့် ကိုလတ်ကိုသာ ငေးစိုက်ကြည့်နေလေသည်။

"တီးကြည့်စမ်းပါလား... ပါးစပ်ရှိရင် စကားပြောမှာပဲ၊ စကားပြော ရင် အစ်ကိုလေးအကြောင်းဖြစ်ဖြစ်၊ ဘယ်သူ့အကြောင်းဖြစ်ဖြစ် ပြောသင့် ရင်ပြောရမှာပဲ၊ အစ်ကိုလေးကိစ္စ အစ်ကိုလေးကတော့ အဟုတ်ကြီးမှတ် နေမှာပေါ့၊ ဒါပေမဲ့ အစ်ကိုလေးပတ်ဝန်းကျင်က ဒီကိစ္စကိုအကုန်လုံးသိပြီး သား၊ ရှင်းရှင်းပြောလိုက်မယ် အစ်ကိုလေးကိစ္စကို မေမေတင်သိတာ မဟုတ်ဘူး၊ ဖေဖေတောင် သိပြီးပြီ"

ကိုလတ်သည် ပို၍ပင် အထိတ်တလန့်ဖြစ်သွားရလေသည်။ မိ အကြောင်းနှင့်ပတ်သက်သော သဲလွန်စများကို သူ့ရင်ထဲတွင်သာ လျှို့ဝှက်ထားရာမှ ယခုတွင်မူ သူထင်သလိုမဟုတ်တော့ဘဲ ယု ပြောပြ သည့်အတိုင်းသာဆိုလျှင် ပတ်ဝန်းကျင်ကအစ သူတို့တစ်အိမ်လုံးပါ သိနေပြီဆိုသဖြင့် ယုကိုသာ ငေးကြောင်ကြောင်ကြီး စိုက်ကြည့်နေမိလေ သည်။

"ငါ့ကို မှန်မှန်ပြောစမ်းယု... နင်ငါ့ကို မှန်မှန်ပြောစမ်း"

"အောင်မယ်... အစ်ကိုလေးက ယုကို တရားခံစစ်စစ်မနေပါနဲ့၊ အေးအေးဆေးဆေး မေးရင် ပြောမယ်၊ ဒီလိုမှမဟုတ်ဘဲ ခြိမ်းခြောက်တဲ့

mgyoe.com

mgyoe.com


သဘောမျိုးနဲ့ မေးတာမျိုးဆိုရင်တော့ ယုဆီက ဘာစကားတစ်ခွန်းမှ အဖြေရမှာ မဟုတ်ဘူး"

ယုသည် မျက်နှာကို ပို၍တင်းလိုက်ကာ ကိုလတ်ကို အရေးမစိုက်သကဲ့သို့ မခိုးမခန့်ကြည့်လိုက်လေသည်။

"အေး... ဒါဖြင့် ငါအေးအေးဆေးဆေးမေးမယ်၊ အေးအေးဆေးဆေး ငါ့ကိုပြောစမ်း၊ ဦးလေးက ငါနဲ့မိ အကြောင်းကို ဘာကြောင့်သိရတာလဲ"

"ဒါလား..."

ယုသည် ရုတ်တရက်စကားပြန်ထွက်မလာတော့ဘဲ ကိုလတ်ကို ကြည့်ရင်း ပြုံးစစလုပ်နေပြန်လေသည်။

"နင် ငါ့မျက်နှာကိုကြည့်ပြီး စပ်ဖြဲဖြဲလုပ်မနေနဲ့၊ ခွေးမျိုးမကလေး ပြောမှာပြောစမ်း"

"ဒီကိစ္စဟာ ရှင်းနေတာပဲ၊ ယုပြောလို့ ဖေဖေတို့အားလုံးသိကုန်တာပေါ့၊ မမမိဆီကစာတွေနဲ့ အစ်ကိုလေးရဲ့ ဒိုင်ယာရီမှတ်စုစာအုပ်တွေကို ဖေဖေနဲ့မေမေ အားလုံးဖတ်ပြီးကြပြီ၊ ယုကလည်း ယုသိထားတဲ့ အချက်တွေ အကုန်လုံးပြန်ပြောပြလိုက်တယ်လေ၊ အစ်ကိုလေးကသာ အစ်ကိုလေးဟာ အစ်ကိုလေး ဟုတ်လှပြီထင်နေတာ၊ နောက်တစ်ခု သတိပေးချင်တာက ဘယ်တော့မဆို အရေးကြီးတဲ့မှတ်စုတို့ ဒိုင်ယာရီတို့ကို လူမြင်သူမြင် ဘယ်တော့မှမထားနဲ့... ကိုယ့်အထုပ်ကိုယ်ဖြေမပြချင်ရင်... ဒါမျိုးဆိုတာ သေသေချာချာသိမ်းထားရတယ် သိရဲ့လား"

ယုသည် သူ့စကားကိုသူ သဘောကျသွားသကဲ့သို့ တဟားဟားရယ်မောလေတော့ရာ ကိုလတ်သည် ဆက်လက်သည်းမခံနိုင်တော့ဘဲ စိတ်တိုစပြုလာလေတော့သည်။

"တောက်... ဒါဖြင့် ဒီကိစ္စတွေအားလုံး နင်ဖော်ကောင်လုပ်တာ

mgyoe.com

mgyoe.com



ပေါ့ဟုတ်လား၊ ခွေးမျိုးမကလေး နင်နဲ့မဆိုင်ဘဲ နင်က ဘာကိစ္စ ဝင်ရှုပ်တာလဲ၊ နင့်ဟာနင်အေးအေးနေပါ့လား၊ ဒါနင့်အလုပ်လား"

ကိုလတ်သည် ယုကို ဒေါသတကြီးဖြင့် ပြောရင်းကပင် နဖူးတွင် ဇောချွေးကလေးများ စို့စပြုလာလေသည်။ သူစိမ်းတစ်ရံဆံတစ်ဦးသာဆိုလျှင် ယုကို ထိုနေရာတွင်ပင် လည်ပင်းညှစ်၍ ကိုယ်နှင့်လုံးဝမဆိုင်သော ပြဿနာကို ဝင်၍ ရှုပ်ရမည်လားဟု လက်တုံ့ပြန်မိမည်ဖြစ်လေသည်။

"ဟား... ဟား... ဟား... ဟ၊ အစ်ကိုလေးစိတ်ဆိုးတာကလည်း ရယ်စရာကြီး"

"သွား... သွား... ခွေးမျိုးမလေး၊ နင်ငါ့ကို အရောမဝင်နဲ့၊ ဒေါ်ဒေါ်တို့မသိသိအောင် နင်တမင်သက်သက်ချောက်တွန်းတာ၊ နင်တော့ တစ်နေ့နေ့ ငါ့လက်နဲ့တွေ့မယ်"

"လက်နဲ့တွေ့တာလောက်တော့ အပျော့ပေါ့... အစ်ကိုလေးအရောမဝင်နဲ့ဆိုရင်လည်း အရောမဝင်ပါဘူး၊ ချစ်ချစ်ကလေး အသည်းဇကရီ အလှဘုရင်မလေး... အသည်းကလီစာကလေးနဲ့ တွေ့သွားတော့... ကိုယ်နှမကိုယ်ဆဲရဲတဲ့သတ္တိဝင်လာတာ မဆန်းပါဘူး"

"တော်... တော်... နင့်ပါးစပ် ပိတ်ထားလိုက်၊ နင်ငါ့ကို ဘာမှ ထပ်ပြောစရာမလိုဘူး၊ နင်နဲ့ငါ စကားမပြောတာဘဲ ကောင်းတယ်"

ကိုလတ်က ဒေါသဖြစ်လေလေ၊ ယုက သဘောကျလေလေဖြစ်ကာ ယုတစ်ယောက်မှာ ကိုလတ်ဒေါသသံနှင့် ပြောနေသောစကားတို့ကို နားထောင်ရင်း တစ်ယောက်တည်းကျိတ်၍ ခိုးခိုးခစ်ခစ် အသံထွက်အောင် ရယ်မောနေလေသည်။

"အစ်ကိုလေး မပြောစေချင်ရင် မပြောပါဘူး"

"ဘာ အခုမှ နင်မပြောပါဘူးလဲ"

"သြော်... အဟုတ်ကို မပြောဘူး... တုတ်နဲ့ရိုက်ပြီး အပြောခိုင်းတာ

mgyoe.com

mgyoe.com


တောင်မှ မပြောဘူးမှတ်ပါ၊ အဲ... အဲ... ဒါပေမဲ့ တောင်ငှူကမေမေ အန်တီတို့ဆီကိုတော့ ရွှေဟင်္သာမောင်နဲ့ တောင်ပံယှက်တဲ့ သတင်းကောင်းကလေးကို အကြောင်းစုံစာရေးပြီး အသိပေးလိုက်ရဦးမှာပေါ့"

ကိုလတ်သည် ယုတစ်ယောက် တမင်သက်သက်အရွဲ့တိုက်ရန် စနေမှန်း သိသော်လည်း ယခုတစ်ကြိမ်တွင်မူ သူ့စိတ်ကိုသူ ထိန်းမနိုင်အောင် ရှိလေသည်။ ယုကလည်း ကိုလတ်မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်နေသည့် ကြားကပင် ကိုယ်ကလေးတငြိမ့်ငြိမ့် လှုပ်လျက် ရယ်မောဆဲပင် ရှိသေးလေသည်။

"နွေရာသီ ကျောင်းပိတ်ရက်ရှည်ကြီးမှာ အစ်ကိုလေး တောင်ငှူကို မောင်ကြီးမပြန်နိုင်တဲ့ကိန်းဆိုက်ကတည်းက ယု ရိပ်မိလိုက်သားပဲ၊ မမမိက အစ်ကိုလေးကို တော်တော်ချစ်ရဲ့လားဟင်၊ ရွှေပြည်တော်သည် မောင်မယ် တူညီလှမ်းပါလို့ စခန်းသာသည်ဆိုတဲ့ သီချင်းထဲကလို... မောင်မယ်တူညီလှမ်းကြတာ တော်တော်ခရီးရောက်ကြပြီလားဟင်... ရှက်မနေပါနဲ့ အစ်ကိုလေးရာ... ကိုယ့်နှမကိုယ်ပြောရတာ ရှက်စရာမှတ်လို့ အစ်ကိုလေးနဲ့ ယုဟာ မောင်နှမအရင်းဆိုရင်တော့ မပြောဘဲနေတာ သဘာဝကျပါတယ်။ မောင်နှမသုံးဝမ်းကွဲတောင်တော်တာပဲ... ဘာများရှက်စရာရှိလို့လဲ"

ယုစကားကြောင့် ကိုလတ်မှာ ပို၍ပင် မခံမရပ်နိုင်ဖြစ်သွားရလေသည်။

"တိရစ္ဆာန်မလေး... နင်ဘာတွေလျှောက်ပြောနေတာလဲ၊ နင်ထပ်ပြီး ပြောရင်တော့ နင့်နဖူးအပေါက်ပဲ"

ကိုလတ် အသံများသည် တင်းမာစပြုလာပြီး မျက်နှာတစ်ခုလုံးဒေါသစိတ်ကြောင့် မှောင်မည်းညိုမှိုင်းလျက်ရှိလေသည်။

"ဩော်... အစ်ကိုလေး ခုထက်ထိ စိတ်မဆိုးဘူးပါလား၊ ယုက

mgyoe.com

mgyoe.com



အစ်ကိုလေး စိတ်ဆိုးနေသလားလို့ပါ... အစ်ကိုလေးစိတ်ဆိုးတာ ယု မြင်ချင်လိုက်ထာ”

တစ်ခါတစ်ရံမျှ ဒေါသမဖြစ်စဖူး၊ စိတ်မဆိုးဖူးသော ဂီတသမား လူအေးတစ်ဦးက မျက်ထောက်နီကာ ဒေါသစိတ်များ ဟုန်းဟုန်းတောက် လာသည်ကို မမြင်တွေ့စဖူး မြင်တွေ့လိုက်ရသောကြောင့် ယုက အရွဲ့ တိုက်၍ ပြောလိုက်ခြင်းပင် ဖြစ်လေသည်။

“အေး... ငါပြန်လာတော့မှ နင်နဲ့ပြဿနာရှင်းမယ်”

“အစ်ကိုလေး ပြဿနာကို အစ်ကိုလေး နိုင်အောင်ရှင်းပါ၊ ယုနဲ့ ဘာမှပြဿနာရှင်းနေစရာ မလိုပါဘူး၊ သွားရင်လည်း သွားစမ်းပါ အစ်ကိုလေးရာ၊ ယုနဲ့သာ စကားပြောနေပေမယ့် အစ်ကိုလေးစိတ်တွေဟာ ယုဆီမှာရှိတာလည်း မဟုတ်ပါဘူး။ ဟိုကရွှေဟသာ်ၤမလေးခင်ဗျာ မျှော်တော်ဇောနဲ့ရွှေလည်တိုင် ဖော့ရိုးကျိုးရှာရှာ့မယ်”

“အဲဒါ နင့်အပူလား”

“ဟုတ်ပါတယ်... ဟုတ်ပါတယ်... ယု အပူတစ်ပြားသားမှ မပါ ပါဘူး၊ မမမိကိုသာ ပတ်ပျိုးကလေး ဘာကလေးတက်ပေးပါဦး၊ ပတ်ပျိုး ဆိုတော့ တီးကွက်မြိုင်တယ် မဟုတ်လား”

ကိုလတ်သည် တယောသေတ္တာကို ဆတ်ခနဲ ဆောင့်ဆွဲယူလိုက် ကာ ယုမျက်နှာကို ရှုတည်တည်ကြီး ကြည့်လိုက်ပြီး အိမ်ပေါ်မှ ဆင်းခဲ့ လေသည်။ ဂျာကင်ဝတ်ရန်ကိုလည်း သတိပင် မရတော့ချေ။ ကိုလတ် စိတ်ဆိုးမာန်ဆိုးဖြင့် ထွက်သွားသည်ကို ငေး၍ကြည့်ရင်း ယုသည် အသံ ထွက်အောင် ရယ်မောကျန်ရစ်ခဲ့လေသည်။

အိမ်ရှေ့လမ်းမပေါ်သို့ရောက်သောအခါ ဝရန်တာပေါ်သို့ ကိုလတ် တစ်ချက်လည်ပြန်လှည့်၍ ကြည့်လိုက်ရာ ယုနှင့် မျက်လုံးချင်းဆိုင်မိကြ ပြန်လေသည်။

mgyoe.com

mgyoe.com


"နောက်ကျရင်တော့ ပန်းကန်ဆေးပြီး မှောက်ထားမှာပဲ။ စောစော ပြန်ရင်ပြန် မပြန်ရင်ထမင်းအငတ်ပဲ၊ ဒါမှမဟုတ်ရင်လည်း ကိုယ့်အဆက် အိမ်က ကိုယ်စားခဲ့ပေါ့"

ကိုလတ်သည် စိတ်ပေါက်ပေါက်ရှိလာသဖြင့် လမ်းပေါ်မှ ကျောက်စရစ်ခဲတစ်လုံးကိုကောက်၍ ယုရှိရာဝရန်တာသို့ လှမ်းပစ်လိုက်ရာ ယုသည် ကျောက်စရစ်ခဲကို လွတ်အောင်ရှောင်ပြီး ရယ်မော၍ ကျန်ရစ်ခဲ့လေသည်။

❑

mgyoe.com

mgyoe.com

# (၉)

ရှမ်းလမ်းမကြီးပေါ်သို့ ရောက်သည်ဆိုလျှင်ပင် ကိုလတ်ခြေလှမ်းတို့သည် ပိုမို၍ လျင်မြန်လာလေသည်။ နေ့လယ် နှစ် နာရီခန့်ဖြစ်သဖြင့် ကားအသွားအလာ ရှင်းနေလေသည်။ လူတစ်ရပ်သာသာမြင့်သော ဝါးရိုးဖြတ် ကြခတ်ခြံကြီး အလယ်မှ မိတို့အိမ်ကြီးကို လှမ်း၍မြင်လိုက်ရသောအခါ ကိုလတ်၏ခြေလှမ်းတို့သည် ပိုမို၍သွက်လက် လျင်မြန်လာသည်ဟု ထင်ရလေသည်။

သည်လမ်းကို လျှောက်ရသည်မှာ ကိုလတ်အတွက် မရိုးလည်း မရိုးနိုင်၊ မပန်းလည်း မပန်းနိုင်တော့ပေ။ ချစ်သူရှိရာသို့ သွားရမည်ဆိုလျှင် ဆူးပြွမ်းသော ချိုင့်ဝှမ်းနှင့် ကန္တာရကြမ်းကို ဖြတ်ကျော်ရန် ဝန်မလေးသော ကိုလတ်အဖို့ ရှမ်းလမ်းမကြီးသည် အမောပြေလမ်းသာဖြစ်ခဲ့ရလေသည်။

သူ့ခြေထောက်တို့သည် မြေပြင်ပေါ်တွင် လျှောက်နေရသော်လည်း လေထဲတွင် လျှောက်နေရသကဲ့သို့ ပေါ့ပါးသွက်လျက်ရှိလေသည်။ မိမျက်နှာကို မမြင်သေးသော်လည်း မိအသံတို့ကို ကြားယောင်လျက်သာရှိလေသည်။ ထိုအခါတွင် လေထဲ၌ ရှိုက်ရှူရသော ရနံ့တို့သည်ပင် မိ၏ကိုယ်ငွေ့သင်းသင်းကလေးများကို ရှိုက်ရှူနေရသကဲ့သို့ ကိုလတ်သည် သူ့စိတ်ကိုသူ လှည့်စားမိလေသည်။

mgyoe.com

mgyoe.com


မိတို့ခြံဝသို့ လှမ်းဝင်လိုက်လျှင်ပင် ကိုလတ်သည် စန္ဒရားသံနှင့် အတူ လွင့်ပျံ့လာသော မိ၏ဆိုတီးတေးသံတို့ကို တမျှဉ်းမျှဉ်းတနွဲ့နွဲ့ ကြားလိုက်ရလေသည်။

"ညဥ့်သုံးယံခါ... လေပြည်လာ... လေပြည်လာ... အေးရွှေရင်မှာ... လာနိုးမျှော်မိ... ဖြေမပျော်နိုင်ဘူး... ဘုန်းမဲ့ကိုယ်ထူး။ မဖူးသာ... လွမ်းတာကပွား... ရှင်နတ်များ... အိုအို... မဘဲကို"

မိသည် သူမ၏ရင်ထဲမှခံစားချက်များကို စန္ဒရားသံဖြင့် ဖော်ကျူးလျက်ရှိလေသည်။ တေးသံနှင့် အလိုက်အဖက်ညီသောစန္ဒရားသံသည် ကျောက်တောင်ကမ်းပါးကို လှုးကာလိမ့်ကာ တိုက်စားလာသော ဒီရေကဲ့သို့ ညက်ညောသာယာလှပေသည်။

ကိုလတ်သည် ဆင်ဝင်ပေါ်တီကိုအောက်သို့ဝင်လိုက်ပြီး မိ၏စန္ဒရားသံကို နားစွင့်ရင်း ခေတ္တရပ်နေမိလေသည်။ မိ၏စန္ဒရားလက်သံတို့သည် ယခင်ကနှင့်လုံးဝမတူတော့ပေ။ ပုလဲကွက် တေးကွန့်များကို အနုစိတ်ဖောက်ဝင်ကာ ဘယ်သံမှညာသံသို့ လူးလိမ့်ဆွဲငင် ပြောင်းကူးသွားပုံတို့မှာ ပညာသားပါလှပေသည်။

"မဖူးသာ... လွမ်းတာကပွား... ရှင်နတ်များ... အိုအို... မဘဲကို၊ ဆိုငိုမှိုင်ရက်ကယ်ငေး... သေလှပါပြီ... ကြွေလှပါပြီ... အို... ဘာပြုမလာသေး... ဘုန်းသူနှင့်ဝေး"

ကိုလတ်သာ လာချင်ဇောကြီးသည်မဟုတ်၊ မိကလည်း ကိုလတ်အလာနှောင်းသည်ကို သွယ်ဝိုက်သောနည်းဖြင့် ခံစားရသမျှ စန္ဒရားသံဖြင့် သရုပ်ဖော်လျက် ရှိလေသည်။ "အို... ဘာပြုမလာသေး... ဘုန်းသူနှင့်ဝေး" ဆိုသော အပိုဒ်မှာ ချီသံမျှဉ်း၍ ဆွဲငင်ယူကာ ကိုလတ်နှလုံးသားကို မမြင်နိုင်စွမ်းသော မေတ္တာကြိုးမျှင်များဖြင့် တအားရစ်ပတ်ဆွဲငင်လိုက်သကဲ့သို့ ခံစားရလေသည်။

mgyoe.com

mgyoe.com


ကိုလတ်သည် မိ၏စန္ဒရားသံကို နားစွင့်ရင်း ရင်ထဲတွင် တလှပ်လှပ်ခုန်လာရလေသည်။ ချစ်သူ၏ စန္ဒရားသံကို ရင်ခုန်သံဖြင့် စည်းလိုက်ရသည့်အရသာသည် သူ့အတွက် မရိုးနိုင်သောခံစားချက်ဖြစ်ရလေသည်။

မဖူးသာအပိုဒ်ဆုံး၍ တောကွက်သို့အရောက်တွင် ကိုလတ်သည် ခြေသံမကြားရအောင်ဖော့နင်း၍ ဧည့်ခန်းအတွင်းသို့ တစ်လှမ်းချင်းဝင်ရောက်ခဲ့လေသည်။

ကိုလတ် ရောက်နေမှန်း မသိသေးသော မိသည် စန္ဒရားခလုတ်များကိုသာ အဆက်မပြတ်တီးလျက်ရှိလေသည်။ စန္ဒရားကိုသာ စိတ်ဝင်စားနေသဖြင့်လည်း ကိုလတ်ရောက်နေမှန်းကို မိ နည်းနည်းကလေးမျှ မရိပ်စားမိခဲ့ချေ။

ကိုလတ်သည် စန္ဒရားနှင့် သုံးလှမ်းကွာလောက်တွင် ခေတ္တရပ်နေရာမှ နောက်ကျောပိုင်းကိုသာ မြင်ရသော မိ၏အလှကို ရွှန်းရွှန်းစားစား တမက်တမော ငေးကြည့်နေမိလေသည်။

ဇာပွင့်အဝါ ပိုးပြောက်အင်္ကျီဝတ်ဆင်၍ ကြည်ပြာရောင် ဇင်းမယ်ကြီးကြီးချိတ် လုံချည်တို့က မိ၏အလှကို ပေါ်လွင်ကြွားရွားစေလေသည်။ အချိုးအဆစ်ပြေပြစ်၍ သွယ်နွဲ့လုံးကျစ်သော မိ၏ခါးသွယ်ကလေးက ဖော့ယမင်းရုပ်နှင့်ပင် အသွင်မှားစေလေသည်။ ကျောတစ်ပြင်လုံး ဖုံးအုပ်နေအောင် လျှောကျပြေဆင်း ပြန့်ပြန့်ခင်းထားသော ဆံစတို့ကလည်း မိ၏အလှကို ပို၍ယဉ်ကျေးစေလေသည်။ စန္ဒရားခလုတ်ပေါ်တွင် လက်ချောင်းကလေးများ လှုပ်ရှားလိုက်လေတိုင်း မသိမသာ နိမ့်တုံမြင့်ချည် သီကရီနွဲ့ပျောင်းညွတ်အိလျက်ရှိသော ပခုံးသားစိုင်ကလေးတို့မှာ ရမ္မက်သွေးကို ကြွစေလေသည်။

"လေးမယ်ငယ်ကံ... ရေးမသွယ်တန်သလေး။ ကြံကာပန်းပါဘိ...

mgyoe.com

mgyoe.com


လမ်းဘယ်မမြင်... ရွှေပင်လယ်ဆီးသည်သို့... နီးမယ်မထင်... သုံးရွှေ ကြော့ရှင်... ဘုန်းလာမမြင်သလေး..."

အဆိုကို တဖြည်းဖြည်းအရှိန်သတ်၍ အသံကိုနှိမ့်ကာ အဆုံးသတ် အတောပိုဒ်ကို စည်းဖြေ၍ အချလိုက်တွင် ကိုလတ်သည် မိနောက်နား သို့ တိုးကပ်သွားပြီး၊ "ဘုန်းလာပြီကွဲ့လေး..." ဟု အဆုံးပိုဒ်တွင် စည်းကိုက် အသံကိုက်ဝင်၍ ဆိုလိုက်တော့မှပင် မိ၏စန္ဒရားသံတို့သည် တဖြည်း ဖြည်းရပ်သွားကာ ကိုလတ်ကို သမင်လည်ပြန် လှည့်ကြည့်လာလေ သည်။

"အို... ကိုလတ်ရယ်... ကြည့်စမ်း... ကြည့်စမ်း... မိဖြင့် လန့်သွား တာပဲ၊ အသံလေး ဘာလေးများ ပေးပါလား၊ မုန်းကို မုန်းစရာကောင်း တယ်၊ စောစောစီးစီးလာမလားလို့ ဒီကဖြင့်စောင့်နေလိုက်ရတာ... ဒီအချိန်မှလာမယ့်အတူတူတော့ မိုးချုပ်မှလာပါတော့လား"

မိသည် စန္ဒရားခလုတ်များမှ လက်တို့ကို ရုပ်သိမ်းလိုက်ပြီး ကိုလတ်ကို ခရီးရောက်မဆိုက်ပင် အပြစ်တင်လေသံနှော၍ ပြောလိုက် လေသည်။

"မိ စန္ဒရားသံကို နားထောင်ရင်း ကိုလတ်တစ်ယောက် လောက ကို ခဏလောက် မေ့သွားတယ် မိ၊ ဒါကြောင့် အသံမပေးမိတာပါ"

"တော်စမ်းပါ ကိုလတ်ရယ်... မိကို အပျိုပေါက်စကလေး တစ်ယောက်များ မှတ်နေသလား၊ မိကို သိပ်ပြီးတော့လည်း မြှောက်မနေ စမ်းပါနဲ့၊ ဒါမျိုးတွေ မိ ရိုးနေပါပြီ၊ အရိုးမရှိတဲ့ ကိုလတ်လျှာကို ဒဏ်ခတ် တဲ့အနေနဲ့ မိဖြတ်ပစ်ချင်တယ်သိလား"

မိသည် နှုတ်ခမ်းကလေးများကို မစူချင်ပါဘဲလျက် တမင်သက် သက်ဟန်ဆောင်ကာ စူထားသော်လည်း ပြုံးစစမျက်နှာထားကမူ ပေါ် လွင်လျက် ရှိလေသည်။

mgyoe.com

mgyoe.com


"မိ တကယ်ပြောတာလား"

"တကယ်ပြောနေတာပေါ့"

"ကိုလတ်လျှာကို ဖြတ်မယ့်အစား ကိုလတ် အသည်းနှလုံးတွေကို ဖြတ်ပါ့လား မိ၊ ချစ်သူက ဒဏ်ခတ်တယ်ဆိုတာ လွယ်လွယ်နဲ့ ဒဏ်ခတ်တဲ့နည်းမျိုးဆိုရင် ဘယ်မှာအဓိပ္ပာယ်ရှိပါ့မလဲ၊ ကဲ.... အခု ဖြတ်မလား၊ မနက်ဖြန် ဖြတ်မလား ပြောစမ်း"

"အို... ကိုလတ်ကလည်း အကဲပိုမနေစမ်းပါနဲ့၊ တိုးတိုးပြောစမ်းပါ၊ ဖေဖေတို့မေမေတို့ ဒီနေ့ဘယ်မှမသွားကြဘူး သိရဲ့လား၊ တော်ကြာ ယောက္ခမကြီးတွေ ကြားသွားလို့ နယ်နှယ်ဒဏ်ခတ်ပြီး မြိုင်ရပ်ကနှင်နေပါဦးမယ်"

မိ ထိုသို့ပြောလိုက်တော့မှပင် ကိုလတ်သည် ကိုယ်ရှိန်သတ်သွားပြီး အိမ်ခန်းတွင်းသို့ တစေ့တစောင်းမသိမသာ လှမ်းကြည့်လိုက်လေသည်။

"ကိုလတ်ပြောတာတွေ လွန်သွားလို့လား မိရယ်"

"အခုမှ ကြောက်မနေစမ်းပါနဲ့၊ ကိုလတ် ဘာတွေပြောတယ်ဆိုတာ ကိုလတ် မသိဘူးလား၊ ဒီစွန့်စားခန်းကလေးဟာ ဘာမှကြီးကျယ်တာ မဟုတ်သေးဘူး၊ ဒီထက်မက စွန့်စားစရာတွေ အများကြီးရှိသေးတယ်၊ မှုမပျက်သာ နေစမ်းပါ... သူတို့ရှိနေပေမဲ့ ခါတိုင်းလိုဆက်ဆံမြဲဆက်ဆံနေရင် ပြီးတာပဲ၊ ကိုလတ်ကလည်း ထိုင်လေ၊ စောစောစီးစီး လာပါလို့မှာထားရက်သားနဲ့ ခုဘယ်အချိန်ရှိနေပြီလဲ၊ မိုးချုပ်မှလာပါလား"

မိက ကိုလတ်ကို မျက်စောင်းကလေးချီ၍ ပြောလိုက်ပြီး ပဲလ်ဒလေလွှိုင်ပလတ်စတစ် တစ်ယောက်ထိုင် ကုလားထိုင်ကလေးကိုလက်ဖြင့် လှမ်းရွှေ့၍ပေးလိုက်ရာ ကိုလတ်က အသာအယာဝင်၍ ထိုင်ချလိုက်လေသည်။

mgyoe.com

mgyoe.com



"ဟိုတစ်လောက တက်ပေးထားတဲ့ စက်လဲမရှင်ပြန်တီးရအောင် နော် ကိုလတ်"

မိသည် စန္ဒရားခလုတ်များပေါ်တွင် လက်သူကြွယ်ဖြင့်ထောက်၍ ဆက်ကာတီးရင်း ပြောလိုက်လေသည်။

"အို ဒီသီချင်းကြီးက လွမ်းစရာကောင်းပါတယ်၊ ပြီးတော့ ကိုလတ် အိပ်မပျော်တဲ့ညရယ်လို့ တစ်ခါမှမရှိခဲ့သေးဘူး၊ အခုတစ်လော စားလို့ဝင် အိပ်လို့ပျော်နဲ့ တစ်ခါတလေ အိပ်မက်ထဲမှာတောင်"

"တော်စမ်းပါ ကိုလတ်ရယ်၊ စကားအပိုတွေ ကွန့်မနေစမ်းပါနဲ့၊ စက်လဲမရှင်ကို မိအကြိုက်ဆုံး၊ ကိုလတ်တယောနဲ့ မှုးလိုက်ပေးပေါ့၊ သိပ်ကြာသွားရင် မိလက်ကွက်တွေမေ့ကုန်မှာစိုးလို့... ဘယ်လိုလဲ ကိုလတ် မိပြောတာစိတ်ဝင်စားရဲ့လား"

ကိုလတ်သည် အင်းမလှုပ် အဲမလှုပ် ငြိမ်သက်စွာနေရင်းက မိကို သာငေးစိုက်ကြည့်နေလေသည်။

"ကိုလတ်ကြည့်ရတာ အေးတိအေးစက်နဲ့ ခါတိုင်းလိုစိတ်ပါလက် ပါလည်း မရှိဘူး"

"မိကလည်း မိလိုရာကိုသာ ဇွတ်အတင်းတွန်းပို့နေတာပဲ၊ ကိုလတ် စိတ်မပါလို့ မဟုတ်ပါဘူး၊ စက်လဲမရှင်သီချင်းက အလွမ်းသီချင်းကြီး၊ ဒီသီချင်းကိုတီးရတာ ကိုလတ်ရင်ထဲမှာ တစ်မျိုးကြီးပဲ၊ မိက ဒီသီချင်း ကိုမှ ရွေးပြီးကြိုက်တတ်တာကိုး၊ သီချင်းစာသားကိုက စက်လဲမရှင် ကျ မျက်ရည်တွေတွေဆင်း... ဆိုတော့၊ မိလည်းစဉ်းစားကြည့်လေ ကိုလတ်နဲ့ မိတွေ့ကြရင် ပျော်ချင်တယ်၊ ဒီအငိုအမှိုင်သီချင်းတွေ မတီးချင်ဘူး"

မိသည် စန္ဒရားခလုတ်များပေါ်တွင် လက်များတန့်ရပ်ထားလိုက်ပြီး ကိုလတ်ပြောလိုက်သောစကားကြောင့် စက္ကန့်အတော်ကြာအောင် ငေးငိုင်သွားပြီး ဆတ်ခနဲ ကိုလတ်ဘက်သို့ မျက်နှာလှည့်လိုက်လေသည်။

mgyoe.com